
# ဝိုးကျော်သူ

ခတ်ပန်းရိုကျော်း၏အချုပ်တော်ပုံ



ပ + ဒု
နှစ်အုပ်တွဲ

စာမူ ခွင့်ပြု အမှတ် ၄၈၆/၉၆(၉)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၅၀၄/၉၆(၉)

ပထမအကြိမ်
၁၉၉၇ ခုနှစ်
တန်ဖိုး ၉၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း (မြဲ ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ-၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် (၁)၊ စပယ်ခြံ (၃) လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

21 DEC 1996

# မိုးကျော်သူ

## ခတ်ပန်းဂိုဏ်း၏ အရှုပ်တော်ပုံ

( ၂ အုပ်တွဲ သိုင်းစာစဉ် )

# မိုးကျော်သူ

---

## ခတ်ပန်းကိုဒေါင်း၏အရှုပ်တော်ပုံ

ပထမပိုင်း

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး.... | (ဒို့အရေး) |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... | (ဒို့အရေး) |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... | (ဒို့အရေး) |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

21 DEC 1996

ရွှေဝါရောင်မိန်းကလေး

ရာသီကား....
ဆောင်းအကုန် နွေအကူးဖြစ်သည်။
တသွေ့သွေ့ တိုက်ခတ်လျက်ရှိသော လေသည် ဝန်းကျင် တစ်ခုလုံးအား အေးစိမ့်နေစေလေသည်။
လေအဝှေ့တွင် အဝါရောင်သန်းနေသော သစ်ရွက်များ သည် သစ်ပင်ပေါ်မှ ကြွေကျလာလေသည်။
ဤကဲ့သို့သော နွေဦးပေါက်ရာသီသည် အလွန်အမင်းပင် လွမ်းဆွတ်ဖွယ်ရာ ကောင်းလှပေသည်။
သို့သော်....

တချို့သောလူများကမူ နွေဦးပေါက်ရာသီဥတုမှာ ချမ်းမြေ့ဖွယ်ရာ ကောင်းလှသည်ဟု ဆိုကြပြန်လေသည်။

ထို့ကြောင့်....

နွေဦးပေါက်ရာသီသည် သာယာချမ်းမြေ့ဖွယ် ကောင်းသည်။

သို့မဟုတ်....

ကြေကွဲဖွယ်ရာ ကောင်းသည်ကို လူအများက မိမိသန်ရာ မှတ်ယူခံစား ဆုံးဖြတ်နေကြခြင်းသာ ဖြစ်လေတော့သည်။

....ဝ....

ယခုနှစ် နွေဦးပေါက်ရာသီသည် အမှန်ပင် သာယာချမ်းမြေ့ဖွယ်ရာ ကောင်းလှပေသည်။

ဤရာသီဥတုမျိုး၌ သာယာလှပသောမြင်ကွင်းကို မြင်တွေ့နိုင်သည့်နေရာမျိုးတွင် လူစည်ကားလှပေသည်။

အထူးသဖြင့်....



ပေမွေ့ရေကန် အနီးတစ်ဝိုက်၌ လူစည်ကားလှပေသည်။

ထိုရေကန်၏ အနီးတစ်ဝိုက်၌ ပျော်ပွဲစားထွက်လာသူများ၊ တေးသီကုံးသူများ၊ ကဗျာရေးစပ်သူများဖြင့် စည်ကားလှပေသည်။

အမှန်တွင် ရေကန်တစ်ဝိုက်ရှိ ရှုမျှော်ခင်းများ၏ သာယာလှပပုံမှာ ရင်ထဲ၌ သောကဝေဒနာ အုံ့ဖွဲ့နေသူများကိုပင် ခေတ္တခဏမျှ မေ့ပျောက်လွင့်စင်စေနိုင်သည် မဟုတ်ပါလော။

....ဝ....

ပေမွေ့ရေကန်ကြီးအနီး၌ ညောင်ပင်ကြီးတစ်ပင်ရှိ၏။

ယင်းညောင်ပင်ကြီး အောက်တွင်မူ လူရွယ်တစ်ယောက်သည် ရှုမျှော်ခင်းများ ငေးမောကြည့်ရှုနေ၏။

စင်စစ် ထိုလူရွယ်ကား အသက်နှစ်ဆယ်ခန့်သာ ရှိသေးသည်။

သူ၏ အဝတ်အစားများမှာ လယ်သမား တစ်ယောက်၏ အဝတ်အစားများပင် ဖြစ်သည်။

သူသည် ပတ်ဝန်းကျင်တစ်ခုလုံး၌ မိမိတစ်ယောက်တည်း ရှိနေသည့်အလား ရှုမျှော်ခင်းများကို စိတ်ဝင်စားစွာ ကြည့်ရှုနေ၏။

သူ၏ပုံသဏ္ဍာန်မှာ ကျုံညောင်ပင်ကြီး အောက်တွင် မိမိ တစ်ယောက်တည်းသာ စိတ်အေးချမ်းစွာဖြင့် ဝန်းကျင်တစ်ခုလုံးအား ကြည့်ရှုလိုဟန် ရှိနေလေသည်။

သို့ရာတွင်....

ယခု ပေစေ့ ရေကန်အနီးတစ်ပိုက်တွင် လာရောက်ကြည့်ရှုသူများဖြင့် ပြည့်နှက်လျက်ရှိနေ၏။

အကယ်၍သာ ပေစေ့ ရေကန်တစ်ဝိုက်တွင် လွတ်လပ်သော နေရာ ရှိပါသေးက ကျုံနေရာသို့ ရှုမျှော် ကြည့်ရှုလိုသူများ ထပ်မံရောက်ရှိလာကြဦးမည်သာ ဖြစ်သည်။

ယင်းအချိန်မှာပင်....

ထိုလယ်သမားပုံဟန်ရှိသော လူရွယ်ရှိရာ ညောင်ပင်ကြီး အောက်သို့ ဝေါစင်တစ်ခု ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

....ဝ....

21 DEC 1996



လယ်သမားပုံဟန်ရှိသောလူရွယ်သည် မနှစ်မြို့စရာမြင်ကွင်းကို တွေ့မြင်လိုက်ရသည့်အလား မျက်မှောင်ကုတ်သွားသည်။ သူက ရောက်ရှိလာသော ဝေါစင်ကို စိုက်ကြည့်လိုက်၏။

ထို့နောက်....

သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'အင်း....ကျုပ် တစ်ယောက်တည်း အေးအေးဆေးဆေး နေထိုင်တာကို မကြည့်ချင်ဘူးထင်ပါရဲ့'

ဟု တစ်ကိုယ်တည်း ညည်းညူလိုက်၏။

ထိုလူရွယ်က ယင်းသို့ညည်းညူနေခိုက်မှာပင် သူ၏အနီးသို့ အိမ်ဖော်ဖြစ်ဟန်ရှိသော မိန်းကလေးတစ်ယောက် လျှောက်လာပြီး လေသံတင်းမာစွာဖြင့်....

'ဒီမှာရှင့်....ဒီမှာ၊ ရှင် တခြားနေရာကို ထွက်သွားပေးစမ်းပါ'

ဟု အမိန့်ပေးလိုက်၏။

လူရွယ်၏မျက်လုံးအစုံက မောက်မာလွန်းသော အမိန့်ပေးသံကြောင့် နဖူးပေါ်သို့ ခုန်တက်သွားသည်။

သူ၏ ချောမောခံ့ညားရှိ ယောကျ်ားပီသသော မျက်နှာတွင်လည်း တင်းမာအေးစက်သည့် ဟန်မူရာများ ပေါ်လွင်လာ၏။

သို့သော်....

သူက ချက်ချင်းပင် မည်သည့်စကားကိုမျှ မကြားလိုက်ရသည့်အလား မျက်လုံးပြူး၍ မိန်းကလေးအား စိုက်ကြည့်လိုက်လေသည်။

သူ၏ မခန့်လေးစား ဟန်မူရာကြောင့် မိန်းကလေးမှာ ဒေါသဖြစ်လာဟန်ဖြင့် တက်တစ်ချက်ခေါက်လိုက်ပြီး....

'ရှင့်ကို တခြားနေရာကိုထွက်သွားဖို့ ပြောနေတာ မကြားဘူးလား'

ဟု အော်ငေါက်လိုက်၏။

လယ်သမားပုံဟန်ရှိသော လူရွယ်က မကြားလိုက်ဟန်ဖြင့် ကန်ရေပြင်ဆီသို့ မျက်နှာလွှဲလိုက်ပြီး တေးသီချင်းတစ်ပုဒ်ကိုပင် ညည်းညူနေလိုက်သည်။

ထိုအချိန်....

တခြားမိန်းကလေးတစ်ယောက်က ရောက်ရှိလာပြီး....

'ရှင့်ကို တခြားနေရာ ထွက်သွားခိုင်းနေတာ မကြားဘူးလား'

ဟု အော်ငေါက်လိုက်ပြန်၏။

လယ်သမားပုံဟန်ရှိသော လူရွယ်က အသားလွတ် ဒေါသယမ်း ပေါက်ကွဲနေဟန်ရှိသည့် မိန်းကလေး နှစ်ယောက်အား ချာခနဲလှည့်ကြည့်ကာ မျက်မှောင်ကုတ်လိုက်ပြီး....

'ဒီနေရာက ခင်ဗျားတို့ပိုင်တဲ့နေရာလား'

ဟု အေးဆေးတည်ငြိမ်သောအသံဖြင့် မေးလိုက်သည်။



သူ၏ မေးမြန်းပုံမှာ အူကြောင်ကြောင် နိုင်လွန်းလှပေသည်။

ပထမဦးဆုံး အမိန့်ပေး လိုက်သော အိမ်ဖော်မလေး၏ မျက်လုံးအစုံက ဒေါသကြီးစွာ ပြူးကျယ်သွားလေသည်။

'ကျွန်မတို့ပိုင်တဲ့နေရာ မဟုတ်ပေမယ့်လဲ သခင်မလေးက သွားခိုင်းရင် ရှင်ထွက်သွားရမှာပဲ'

ဟု တင်းမာသည့်လေသံဖြင့် ပြောလိုက်၏။

လူရွယ်က သက်ပြင်းတစ်ချက်ချကာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ထို့နောက်....

သူသည် ထိုနေရာမှ ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ယင်းအချိန်မှာပင် ရှုတ်တရက်....

'ဝဏ....'

ဟူသော အသံတစ်ခု ထွက်ပေါ်လာ၏။

ထိုအသံမှာ ပျော့ပျောင်း ငြိမ်သာသော်လည်း ဩဇာအာဏာရှိပုံ ပေါ်လွင်နေသည်။

လူရွယ်၏ ထွက်သွားရန်ဟန်ပြင်နေသည့် ခြေလှမ်းများမှာ ဆုန့်ခနဲ ရပ်တန့်သွားမိသည်။

သူက အသံလာရာသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်၏။

ဝေါစင်၏ရင်းကာ တစ်ချက်လှုပ်ခါသွားပြီး ရွှေဝါရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ထွက်ပေါ် လာပြန်သည်။

သူမက လယ်သမားပုံဟန်ရှိသော လူရွယ်အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ဒီမှာ....ရှင့်နာမည် ဘယ်လိုခေါ်သလဲ'
ဟု မေးလိုက်၏။

လူရွယ်က သူမ၏အမေးကို အဖြေမပေးဘဲ မျက်မှောင် ကုတ်ကာ စိုက်ကြည့်နေသည်။

ထို့နောက်....

ယင်းနေရာမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ဤရွှေဝါရောင် ဝတ်ဆင်ထားသော မိန်းကလေး၏ လှပ သော နှုတ်ခမ်းလွှာအစုံက မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်က တော်တော်ခေါင်းမာတာပဲကိုး၊ ကျွန်မဘယ်သူလဲ ဆိုတာ ရှင်မသိဘူးထင်တယ်'
ဟု ပြောရင်း လူရွယ်အား စိုက်ကြည့်နေလေသည်။

လူရွယ်က ဆက်လက်ထွက်ခွာသွားရန် မဖြစ်တော့ပါချေ။

သူသည် ခြေလှမ်း ရပ်တန့်လိုက်ပြီး ရွှေဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးအား မျက်မှောင်ကုတ်၍ကြည့် ကာ....



'ဒီမှာ ခင်ဗျားဘယ်သူပဲဖြစ်ဖြစ် ကျုပ်နဲ့ ဘာဆိုင်လို့လဲ'
ဟု တင်းမာသော လေသံဖြင့်ပြောလိုက်၏။

ရွှေဝါရောင် ဝတ်ဆင်ထားသော အမျိုးသမီး၏ မျက်နှာ တင်းမာသွား၏။

သူမသည် အလွန်လှပ၍ မာနကြီးသော မိန်းကလေး တစ်ယောက်ဖြစ်၏။

ထို့ကြောင့်....

ရွယ်တူ ယောကျ်ားလေးတစ်ယောက်က ဤသို့ ပြောလိုက် သောအခါ ရှက်လည်းရှက် ဒေါသလည်းဖြစ်ကာ မျက်နှာ တစ်ခုလုံး နီရဲလာလေသည်။

သူမက စူးရှသော မျက်လုံးအစုံဖြင့် လူရွယ်အားစိုက်ကြည့် လိုက်ပြီး....

'ရှင့်နာမည် ဘယ်သူလဲ'
ဟု မေးလိုက်လေသည်။

လူရွယ်က မဲ့ပြုံး ပြုံးလိုက်၏။

'ကျုပ်နာမည်ကို သိချင်လို့လား'

ရွှေဝါရောင် ဝတ်ဆင်ထားသော အမျိုးသမီးက အေးစက် စက် မျက်လုံးများဖြင့် စိုက်ကြည့်ရင်း....

'ဟုတ်တယ်'
ဟု ပြောလိုက်လေသည်။

လူရွယ်က ခေါင်းခါယမ်းလိုက်၏။

'ကျုပ် မပြောချင်ဘူး'

သူ၏စကားကို ကြားလိုက်ရသောအခါ ရွှေဝါရောင်ဝတ်ဆင်ထားသည့် မိန်းကလေးမှာ အံ့သြသွားရလေသည်။

သူမက အေးစက်စက်လေသံဖြင့်....

'ရှင့်နာမည်ကို မပြောမချင်း ဒီနေရာက ထွက်သွားခွင့် မပြုနိုင်ဘူး'

ဟု ပြောလိုက်လေသည်။

လူရွယ်က သူမအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

သူက နားမလည်နိုင်စွာဖြင့်....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

ရွှေဝါရောင်ဝတ်ဆင်ထားသည့်မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

'ရှင် ကျွန်မမေးခွန်းကို အဖြေမပေးလို့ပေါ့'

သူမက လူရွယ်အား စိုက်ကြည့်ရင်းမှ....

'ရှင့်နာမည် ဘယ်သူလဲဆိုတာ ဖြေပြီးမှ ရှင့်ကို ဒီနေရာက ထွက်သွားခွင့်ပြုနိုင်မယ်'



လူရွယ် သူမအားကြည့်ကာ မဲ့ပြုံး ပြုံးလိုက်၏။

'ကျုပ်က မင်းရဲ့ မေးခွန်းကို မဖြေဘူး ဆိုရင်ကောဗျာ'

မိန်းကလေးက ပခုံးတချက်တွန့်လိုက်သည်။

'မဖြေလို့မရဘူး၊ ကျွန်မကမေးရင် ဘယ်သူမဆိုဖြေကိုဖြေရမယ်'

လူရွယ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

သူသည် ရွှေဝါရောင်ဝတ်ဆင်ထားသောမိန်းကလေးအား လှည့်၍ပင် မကြည့်တော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေသည်။

ရွှေဝါရောင်ဇတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးက အိမ်ဖော်မလေးနှစ်ယောက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး....

'သူ့ကို ဖမ်းထားလိုက်စမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

သူ၏ အမိန့်ပေးသံ ဆုံးသွားသည်နှင့် အိမ်ဖော်မကလေးနှစ်ယောက်က လူရွယ်အား တစ်ပြိုင်နက် တိုက်ခိုက်လိုက်၏။

မိန်းကလေးနှစ်ယောက်၏ တိုက်ကွက်များအား လူရွယ်က ထိတ်ထိတ်ပျာပျာဖြင့် ရှောင်တိမ်းလိုက်ရလေသည်။

ထိုတဂ်အချိန်အတွင်းမှာပင် ရွှေဝါရောင် ဝတ်ဆင်ထားသော မိန်းကလေး၏ ခန္ဓာကိုယ်က လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ လူရွယ်အနီးသို့ ရောက်ရှိလာလေသည်။

တစ်ဆက်တည်းမှာပင် လူရွယ်၏ လက်ကောက်ဝတ်အား ဓမ်းဆုပ်ထားလိုက်၏။

သူမ၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသဖြင့် လူရွယ်အငိုက် မိသွားလေသည်။

လူရွယ်က ကြိုးစား၍ ရုန်းကန်သော်လည်း ရုန်းမထွက်သာဘဲရှိနေလေသည်။

ရွှေဝါရောင် ဝတ်ဆင်ထားသော အမျိုးသမီးက သဘောကျစွာ ပြုံးလိုက်၏။

'ကဲ....ရှင်အခု ဘာတတ်နိုင်သေးလဲ'

လူရွယ်က သူမအား မျက်လုံးပြူးကာကြည့်လိုက်ပြီး နှုတ်ခမ်းနှစ်ခုအား တင်းတင်း စေ့ထားလိုက်၏။

ရွှေဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးက လှပစွာ ပြုံးလိုက်လေသည်။

'ကျွန်မမေးတာ ဖြေပါဦး'

လူရွယ်က သူမအား စိုက်ကြည့်လိုက်၏။

ထို့နောက်....

မဲ့ပြုံး ပြုံးလိုက်ပြီး....

'မဖြေနိုင်ဘူး'

ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။

သူ၏ အပြုအမူကြောင့် ရွှေဝါရောင်ဝတ်ဆင်ထားသည့် အမျိုးသမီး မျက်နှာတင်းမာသွားလေသည်။



'ရှင်က အတော် ခေါင်းမာတာပဲကိုး'

သူမက ပြောရင်း လူရွယ်၏ မျက်နှာအား လက်ဝါးတစ်ဘက်ဖြင့် ပွတ်သပ် ကိုင်တွယ်ကြည့်နေလေသည်။

လူရွယ်က ဒေါသထွက်ပြီး သူမအား ရွံရှာ မုန်းတီးစွာ စိုက်ကြည့်ရင်းမှ....

'ထွီ....ခင်ဗျားဟာ ရုပ်ကလေးချောသလောက် အတော်အရှက်နည်းတဲ့ မိန်းမပါလား၊ ကျုပ်မျက်နှာကို ဘာဖြစ်လို့ကိုင်နေတာလဲ'

ဟု အော်ငေါက်လိုက်လေသည်။

သူ၏ စကားဆုံးသွားသည်နှင့်....

'ဖြန်း....'

ဟူသော အသံနှင့်အတူ ရွှေဝါရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေး၏ လက်ဝါးက လူရွယ်၏ မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ရောက်ရှိသွားလေသည်။

လူရွယ်မှာ မရှောင်လဲ့ဘဲ ပါးရိုက်ခံလိုက်ရသဖြင့် ဒေါသကြီးစွာထွက်သွားပြီး ရွှေဝါရောင်ဝတ်ဆင်ထားသည့် အမျိုးသမီးလက်ထဲမှ ရုန်းထွက်ရန် ဟန်ပြင်လိုက်၏။

ယင်းအချိန်မှာပင်....

ရွှေဝါရောင် ဝတ်ဆင်ထားသော အမျိုးသမီးက သူ၏နောက်ကျောသို့ လက်ညှိုးဖြင့်ထောက်လိုက်ရာ လူရွယ်၏ခန္ဓာ

ကိုယ်တစ်ခုလုံး ပျော့ခွေသွားပြီး မြေပြင်ပေါ်လဲကျသွားလေသည်။

အိမ်ဖော်မိန်းကလေးတစ်ယောက်က လူရှုယ်အား ကြည့်ရင်းမှ....

'သခင်မ၊ သူ့ကို ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်၏။

ရွှေဝါရောင်မိန်းကလေးက အဖြေမပေးမီ တခြား အိမ်ဖော်မလေးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဘာလုပ်ရမှာလဲ သူ့ကို ရေကန်ထဲပစ်ချလိုက်ရုံပေါ့'

ဟုပြောပြီး ရေကန်ထဲပစ်ချရန် လူရှုယ်အား မထူလိုက်လေသည်။

ရွှေဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေး၏ မျက်ဝန်းအစုံက ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူမက ကမန်းကတန်း လက်ကာပြလိုက်ပြီး....

'ဟေ့....ခဏနေဦး'

ဟု ဟန့်တားလိုက်သည်။

အိမ်ဖော်မလေးက ကြောင်အမ်းအမ်းဖြင့် ကြည့်ကာ....

'သူ့ကို စစ်ဆေးစရာ ရှိသေးလို့လား သခင်မလေး'

ဟု မေးလိုက်လေသည်။

ရွှေဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြီး...



'မရှိပါဘူး'

'ဒါဖြင့် သူ့ကို ဘာဖြစ်လို့ ရေကန်ထဲ ပစ်မချခိုင်းရတာလဲ'

'သူ့ကို သခင်မလေးတို့နဲ့အတူ ခေါ်သွားရအောင်'

အိမ်ဖော်မလေးနှစ်ယောက်မှာမိမိတို့သခင်မလေး၏စကားကြောင့် အလွန် အံ့ဩသွားမိလေသည်။

သို့သော်....

သူမတို့သည် သခင်မလေး၏အမိန့်အား စောဒကတက်ရန် မဝံ့ရဲပါချေ။

ထိုစဉ်....

သူတို့အနီးသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

သူက လက်ထဲ၌ ကိုင်ဆောင်ထားသည့် ယပ်တောင်အား တဖျပ်ဖျပ်ခတ်ရင်း....

'ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ'

ဟု မေးလိုက်လေသည်။

အိမ်ဖော်မလေးနှစ်ယောက်က သူ့အား လှည့်၍ပင်မကြည့်ဘဲ လူရှိအား ပွေ့ချီကာ ဝေါစင်ပေါ်သို့ တင်လိုက်ကြ၏။

ရွှေဝါရောင်ဝတ်ဆင်ထားသည့် မိန်းကလေးက သဘောမကျဟန်ဖြင့် မေးမြန်းစုံစမ်းလာသော လူအား မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး....

'ရှင်က ဘာလာ စပ်စုတာလဲ'
ဟု အေးစက်စက် လေသံဖြင့် မေးလိုက်လေသည်။
အမှန်တွင်....
ရောက်ရှိလာသော လူမှာ အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။
အဘိုးအိုက အားပါတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား အခုလိုမျှော်လင့်ဘဲ အလွန်လှပတဲ့ ဝမ်ချန့်ယင်းဆိုတဲ့ မိန်းကလေးကို တွေ့လိုက်ရလို့ ကျုပ်.... ကျန်းစန်ယင်က ဝမ်းသာလှပါတယ်'

ဟု ပြောလိုက်ပြီး စပ်ဖြဲဖြဲမျက်နှာဖြင့် ရွှေဝါရောင် ဝတ်ဆင်ထားသည့် မိန်းကလေးအား ကြည့်နေလေသည်။
သူ၏စကားဆုံးသည်နှင့် ဝမ်ချန်ယင်းကမျက်နှာထားတင်းမာစွာဖြင့်....

'ဒီမှာ ကျန်းစုယင်၊ ရှင်ကဘာလာရှုပ်တာလဲ'
ဟု တင်းမာသောလေသံဖြင့် ပြောလိုက်၏။
ကျန်းစုယင်က ပြုံးလိုက်၏။

'သည်လိုမပြောပါနဲ့ဗျာ၊ ကျုပ်က ညီမကိုသတိရလို့လာတာပါ'
ဝမ်ချန်ယင်း၏မျက်နှာက အေးစက်တင်းမာလာသည်။

သူမက စူးရှသော မျက်လုံးအစုံဖြင့်ကျန်းစန်ယင်အားစိုက်ကြည့်လိုက်ကာ....



'ရှင့်ပါးစပ်ပိတ်ထားစမ်း၊ ကျွန်မရဲ့ ဒေါသကို သိတယ်မဟုတ်လား၊ ဒီနေရာက ရှင်မြန်မြန်ထွက်သွားပါ'
ဟု မောင်းထုတ်လိုက်၏။
ကျန်းစုယင်က နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်ရင်း....
'အို....ညီမကလဲ ဒေါသကြီးလိုက်တာ၊ ညီမ စိတ်မချမ်းသာဘူးဆိုရင် ကျုပ်ထွက်သွားမှာပါ'
ဟု ပြောပြီး ချာခနဲလှည့်ကာ ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေ၏။
ဝမ်ချန်ယင်းက ကျန်းစန်းယင်၏နောက်ကျောသို့ တစ်ချက်စိုက်ကြည့်ပြီး အိမ်ဖော် မိန်းကလေး နှစ်ယောက်အား လက်တစ်ချက် ဝေ့ယမ်းပြလိုက်၏။
ထို့နောက်....
သူမက ဝေါစင်ပေါ်သို့ လှမ်းတက်လိုက်သည်။
မကြာမီ....
ဝမ်ချန်ယင်းတို့ လူစုသည် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

....၁....

လယ်သမားပုံဟန်ရှိသောလူရွယ်မှာ ပြန်လည် သတိရလာသည်။

သူက သတိရလာသည်နှင့်တစ်ပြိုင်နက် ဝေါစင်အတွင်းသို့ ရောက်ရှိနေကြောင်း တွေ့မြင်လိုက်ရ၏။

ထို့ပြင်....

သူ၏နံဘေး၌ ရွှေဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးက ထိုင်နေကြောင်း တွေ့မြင်လိုက်ရ၏။

သူက ဝေါစင်အတွင်းမှ ခုန်ထွက်ရန် ကြိုးစားလိုက် လေသည်။

သို့သော်....

သူ၏ခန္ဓာကိုယ် တစ်ခုလုံးမှာ လှုပ်ရှားမရဘဲ ရှိနေကြောင်း တွေ့မြင်လိုက်ရသည်။

သူက အသံကုန်ဟစ်အော်လိုက်ရန် ဟန်ပြင်လိုက်စဉ်....

ရုတ်တရက်....

ဝေါစင် ရပ်တန့်သွားခြင်းကို သိရှိလိုက်လေသည်။

သူက အံ့သြစွာဖြင့် ဝေါစင်အတွင်းမှ အပြင်သို့ ချောင်းကြည့်လိုက်၏။

ထိုအခါ ဝေါစင်သွားလမ်းတွင် လူရှစ်ယောက်က ပိတ်ဆို့ရပ်တန့်ထားခြင်းကို တွေ့မြင်ရ၏။

ယင်းအချိန်....

ဝမ်ချန်ယင်းက မျက်မှောင်ကုတ်လိုက်ပြီး....



'ဘာဖြစ်လို့ ဝေါစင်ရပ်သွားတာလဲ'

ဟု အော်မေးလိုက်သည်။

ဝေါစင်၏ သွားလမ်းကို ပိတ်ဆို့ ရပ်တန့်နေသော လူ ရှစ်ယောက်အနက် အသက်ကြီးရင့်သော အဘိုးအိုက အေးဆေးတည်ငြိမ်သောအသံဖြင့်....

'ကျုပ်တို့က ဝေါစင်သွားလမ်းကို ပိတ်ဆို့ ထားလိုက်လို့ပါ...'

ဟု ပြောလိုက်လေသည်။

ဝမ်ချန်ယင်းက ပို၍ မျက်မှောင်ကုတ်လိုက်၏။

'ရှင်တို့က ဘယ်သူတွေလဲ'

အသက်ကြီး ရင့်သော အဘိုးအိုက....

'ကျုပ်ကဟန်ကျိုပါ'

ဝမ်ချန်ယင်း၏ တတိယ မေးခွန်းက ထွက်ပေါ်လာပြန်သည်။

'ရှင်တို့က ဘာကိစ္စရှိလို့ ကျွန်မတို့ရဲ့သွားလမ်းကို ပိတ်ဆို့ထားရတာလဲ'

ဟန်ကျို၏ မျက်နှာပေါ်တွင် ဒေါသဖြစ်သည့် အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....

'ဝမ်ချန်ယင်း....အပြင်ကိုထွက်ခဲ့စမ်းပါ၊ ကျုပ်တို့မှာ ရှင်း စရာကိစ္စလေးတွေ ရှိနေတယ်'

ဟု မပြောလိုက်လေသည်။

သူ၏စကားကြောင့် လူရွယ်က ရွှေဝါရောင်ဝတ်ဆင်ထား သော မိန်းကလေး၏ အမည်မှာ ဝမ်ချန်ယင်း ဖြစ်ကြောင်း သိရှိလိုက်လေသည်။

ဝမ်ချန်ယင်းက အတန်ကြာအောင် ငြိမ်သက်နေပြီးမှ....

'ကျွန်မက ထွက်မလာဘူး ဆိုရင်ကော'

ဟန်ကျိုက အံကိုတင်းတင်းကြိတ်လိုက်၏။

'ကျုပ်က မင်းရဲ့ဝေါစင်ကို စီစီညက်ညက်ကြေအောင် ထု ချေလိုက်မှာပေါ့'

သူ၏အသံမှာ အေးစက်စက်ဖြင့် ပြောသည့်အတိုင်း ဆောင် ရွက်မည့်ပုံသဏ္ဍာန် ရှိလေသည်။

ဝမ်ချန်ယင်းက ရယ်မောလိုက်၏။

'နေပါဦးရှင်....ရှင်တို့က ဘာဖြစ်လို့ ကျွန်မကို ရန်ရှာချင် ကြတာလဲ'

ဟန်ကျိုက ရယ်မောလိုက်သည်။

ထိုအခါ....

သူ၏ရယ်မောသံတွင် အလွန် ခံပြင်းနေကြောင်း သိရှိနိုင် လေသည်။



အတန်ကြာမှ....

သူက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး....

'ဒီမှာ ဝမ်ချန်ယင်း၊ ရိစွန်း အာမခံဌာနရဲ့ မိသားစုကို သတ်ပစ်လိုက်တဲ့ကိစ္စကို မင်းမေ့နေပြီလား'

ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။

ဝမ်ချန်ယင်းက....

'ဩော်....ဒါကြောင့်ကိုး'

သူမကပြောရင်း ဝေါစင်အတွင်းမှ ခုန်ထွက်၍ သွားလေ သည်။

ထို့နောက်....

ဟန်ကျိုတို့ လူစုနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်လေ သည်။

ဟန်ကျိုတို့ ရှစ်ယောက်သည် လက်နက်ကိုယ်စီကိုင်ဆောင် ကာ သူမအား စူးရှစွာစိုက်ကြည့်နေကြ၏။

ဝမ်ချန်ယင်းက ပြုံးလိုက်သည်။

'ဒီကိစ္စဟာ ရှင်တို့နဲ့ ဘာဆိုင်လို့လဲ'

ဟန်ကျိုက မဲ့ပြုံးပြုံး လိုက်သည်။

'ရိစွန် အာမခံဌာန ပိုင်ရှင်နဲ့ ကျုပ်ဟာ ညီအစ်ကိုလို ခင်မင် တယ်ဆိုတာ မင်းသိထားဖို့ ကောင်းတယ်'

ဝမ်ချန်ယင်းက ခေါင်းညိတ်လိုက်သည်။

'ထားပါတော့လေ....ဒါနဲ့ ရှင်တို့က ဘာလုပ်ချင်လို့လဲ'

သူမ၏ စကားပြောပုံမှာ မထေမဲ့မြင်နိုင်လှသည်။

ဟန်ကျော်က သူမအား စူးရှစွာစိုက်ကြည့်လိုက်၏။

'သူတို့အတွက် မင်းကို သတ်ပစ်မလို့ကွ'

ဝမ်ချန်ယင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက်...

သူမက ခေါင်းခါယမ်းလိုက်ပြီး....

'အင်း....နှမြောစရာတော့အကောင်းသား'

ဟု တိုးတိုးပြောလိုက်သည်။

ဟန်ကျော် သူမ၏ဟန်မူရာအားကြည့်ကာ မျက်မှောင် ကုတ်လိုက်မိလေသည်။

'မင်းက ဘာတွေနှမြောနေတာလဲ'

ဟု နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ဝမ်ချန်ယင်းက ပြုံးလိုက်သည်။

'ရှင်ဟာ ဒီလောကအသက်ကြီးနေဘာတောင်မှ နာမည်ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက် ဖြစ်ဖို့ မလွယ်ဘူးဆိုတော့...'

သူမက စကားကို ခေတ္တရပ်နားကာ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'အင်း....အခုနေသေသွားခဲ့ရင် အတော့်ကို နှမြောစရာကောင်းနေမှာပေါ့'

ဟု ပြောလိုက်သည်။

ဟန်ကျော်က ဒေါသချောင်းချောင်းထွက်လာလေသည်။



'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

ဝမ်ချန်ယင်းက စိတ်မကောင်းဟန်ဖြင့်....

'ကဲပါလေ....ရှင်တို့က သေချင်နေတယ်ဆိုမှတော့ ကျွန်မလဲ မတတ်နိုင်ဘူး၊ ဒါပေမယ့် ဒီနေရာမှာ အလောင်းတွေရှိနေမယ်ဆိုရင် လမ်းပိတ်ထားသလိုဖြစ်လိမ့်မယ်၊ ဒီတော့ ဟိုဘက်က နေရာကျယ်ကျယ်ကို သွားကြရင် မကောင်းဘူးလား'

ဟု အကြံပြုလိုက်လေသည်။

ဟန်ကျော်က ခေါင်းညိတ်လိုက်၏။

'ကောင်းတယ်'

သူက စကားဆုံးသည်နှင့် လမ်းဘေးတစ်ဘက်ရှိ သစ်ပင်များကြားသို့ စင်ရော်ပျောက်ကွယ်သွားလေသည်။

သူ၏လူများကလည်း ထက်ကြပ်မကွာ လိုက်ပါသွား၏။

ဝမ်ချန်ယင်းကလည်း အိမ်ဖော် နှစ်ယောက်နှင့် အတူ ဟန်ကျော်တို့နောက်မှ လိုက်ပါသွားလေတော့သည်။

ကယ်ဘင်ရှင်

လယ်သမားပုံသဏ္ဌာန်ဝတ်ဆင်ထားသောလူရွှယ် ဝမ်းသာသွားလေသည်။

သူသည် အခွင့်ကောင်းကို စောင့်မျှော်နေသူပီပီ အလစ်ထွက်ပြေးရန် ကြိုးစားလိုက်၏။

သို့သော်....

သူ၏ခန္ဓာကိုယ်သည် လုံးဝလှုပ်ရှား၍ မရတော့ပါချေ။

မျှော်လင့်ချက် ကင်းမဲ့နေပြီဖြစ်သောကြောင့် လူရွှယ်မှာ စိတ်ဓာက်ကျဆင်းလာကာ ဝမ်းနည်းသည့်စိတ်များ ဖြစ်ပေါ်နေလေသည်။

ထိုစဉ့်မှာပင်....



လမ်းဘေးတောအုပ်ကလေးအတွင်းမှ စူးရှစွာ အော်ဟစ်လိုက်သောအသံများနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသောအသံများကို ကြားလိုက်ရလေသည်။

တိုက်ပွဲဖြစ်နေချေပြီ။

လူရွှယ်က ဟန်ကျိုတို့ နှစ်ယောက်ဘက်မှ အနိုင်ရပါစေဟု ဆုတောင်းနေမိလေသည်။

ထိုစဉ်....

ရုတ်တရက် ဝေါစင်၏ ရင်းကာ တစ်ချက် လှုပ်ရှားသွားပြီး ဝေါစင်အတွင်းသို့ ဆံပင်များရှုပ်ထွေးနေသောဦးခေါင်းတစ်လုံး ဝင်ရောက်လာလေသည်။

ဝင်ရောက်လာသော ဆံပင်စုတ်ဖွား၏ မျက်နှာတစ်ခုလုံးမှာလည်း ပေကျံ ညစ်ပတ်နေ၏။

ဆံပင်စုတ်ဖွားပိုင်ရှင်က လူရွှယ်အား တွေ့မြင်လိုက်သောအခါ အံ့ဩသွားမိလေသည်။

'မင်း....မင်းက ယောကျ်ားပဲ၊ ဘာဖြစ်လို့ ဒီဝေါစင်ထဲမှာ လာပြီး ပုန်းနေရတာလဲ'

ဟု မေးလိုက်လေသည်။

သူသည် ညစ်တီးညစ်ပတ် စုတ်တီးစုတ်ပြတ် ဖြစ်နေသော်လည်း စကားပြောသံမှာ နူးညံ့သာသည်နှင့်အမျှ ချိုလွင်နေလေသည်။

သို့သော်....

လူရွယ်က မည်သို့မျှ ပြန်မပြောပါချေ။

ဆံပင်စုတ်ဖွားနှင့်လူရွယ်က ထပ်မံ မေးလိုက်ပြန်သည်။

'ဘာဖြစ်လို့ စကားပြန်မပြောတာလဲ၊ ရှက်နေလို့လား'

'.... .... ....'

ဖြေသံထွက်ပေါ်လာခြင်း မရှိပါ။

ဆံပင်စုတ်ဖွားက မေးခွန်း တစ်ခု ပြောင်းမေးလာပြန်သည်။

'ဘယ်လိုလဲ၊ ဝေါစင်ထဲက မထွက်ချင်ဘူးလား'

ဤတစ်ကြိမ်လည်း ဖြေဆိုသံ ထွက်ပေါ်လာခြင်း မရှိပါချေ။

ဆံပင်စုတ်ဖွားက မျက်မှောင်ကုတ်လိုက်သည်။

'ခင်ဗျားကိုကြည့်ရတာ စကားမပြောနိုင်ဘူးနဲ့တူတယ်'

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဝေါစင်ထဲမှာ အိုက်ပါတယ်လေ၊ ခင်ဗျား အပြင်ထွက်ချင်မှာပေါ့နော်'

ဟု ပြောကာ လူရွယ်အား မျက်တောင်ဖျပ်ဖျပ်ခတ်ကာ အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ညစ်ပေနေသော လက်ညှိုးဖြင့် ထိုလူရွယ်၏ခန္ဓာကိုယ်သို့ တစ်ချက်ထောက်လိုက်လေသည်။



'အွန်....'

လူရွယ်၏ခန္ဓာကိုယ် တစ်ချက်တွန့်လိမ်သွားပြီး သွေးကြောများ ပွင့်သွားကာ လှုပ်ရှားလာနိုင်လေသည်။

ဆံပင်စုတ်ဖွားက ပြုံးလိုက်ပြီး ဝါးရင်းကာကို ပြန်ချထားလိုက်သည်။

ရင်းကာ ပြန်ချလိုက်သည်နှင့်တစ်ပြိုင်နက် ဦးခေါင်းလည်း ပျောက်ကွယ်သွားသည်။

လယ်သမားပုံဟန်လူရွယ်က ဝေါစင်အပြင်ဘက်သို့ လျင်မြန်စွာ ထွက်လိုက်၏။

ထို့နောက်....

ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်လိုက်ရာ ဆံပင်စုတ်ဖွားနှင့်လူက ဝါးတစ်ရိုက်အကွာမှ သူ့အား လက်ယပ်ခေါ်နေသည်ကို တွေ့မြင်လိုက်ရ၏။

တစ်ဆက်တည်းမှာပင်....

လမ်းဘေးရှိ တောအုပ်အတွင်းမှ ပြင်းထန်စွာ တိုက်ခိုက်နေသော အသံများမှာ ပို၍ကျယ်လောင်လာသည်။

လူရွယ်က ဆံပင်စုတ်ဖွားမှာ မိမိအား ကယ်တင်သည်ဟု နားလည်လိုက်သဖြင့် ဆံပင်စုတ်ဖွားထံသို့ ပြေးလွှားသွားလေသည်။

သူသည် ဆံပင်စုတ်ဖွားထံသို့ ရောက်လာသော အခါမှ ကယ်ပါလေး တစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်၏။

ဆံပင်စုတ်ဖွားနှင့် ကယ်ပါလေးက အနားသို့ရောက်ရှိလာသော လူရွယ်အား ဖြူဖွေးညီညာသော သွားကလေးများပေါ်အောင် ပြုံးပြလိုက်ပြီး....

'ကျုပ်တို့ ဟိုဘက် သွားပုန်းနေရအောင်'

ဟု ပြောပြီး သစ်ပင်များနောက်သို့ ပြေးလွှားသွားလေသည်။

လူရွယ်ကလည်း ပြေးလွှားလိုက်ပါသွား၏။

သူတို့နှစ်ယောက်သည် ကြီးမားသော သစ်ပင်ကြီးတစ်ပင်နောက်ကွယ်သို့ ဝင်ရောက်ပုန်းမိလိုက်သည်နှင့် တစ်ပြိုင်နက် လူရွယ်က ကယ်ပါလေးအား စိုက်ကြည့်လိုက်သည်။

သူ၏နှုတ်ခမ်းမှလည်း ဤသို့မေးမြန်းလိုက်၏။

'မင်းက ကျုပ်ကိုကယ်တင်ခဲ့တာ ဟုတ်လား'

ကယ်ပါလေးက ခေါင်းညိတ်ပြလိုက်ပြီး....

'ဟုတ်တယ်'

လူရွယ်က လက်နှစ်ဘက်ဆုပ်လိုက်၏။

'ကျေးဇူးတင်ပါတယ်ဗျာ'

ကယ်ပါလေးက ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူးလေ'

လူရွယ်က သက်ပြင်းတစ်ချက်ချကာ အတန်ကြာအောင် ကယ်ပါလေးအား စိုက်ကြည့်ကာ အကဲခတ်နေ၏။



ကယ်ပါလေးမှာ မျက်နှာတစ်ခုလုံး ညစ်ပတ်ပေကျံနေသော်လည်း မျက်တောင်ကော့ကြီးများ ဝိုင်းရံထားသော မျက်လုံးအစုံ၊ ဖြောင့်တန်းသောနှာတံ၊ စင်ရော်တောင်မျက်ခုံးနှင့် နှုတ်ခမ်းဖူးဖူးလေးမှာ အလွန် ကြည့်ကောင်းသည်ဟု လူရွယ်က မှတ်ချက်ချနေမိသည်။

သူက ကယ်ပါလေးအား ပြုံးပြလိုက်သည်။

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

ဟု မေးလိုက်၏။

ကယ်ပါလေးက လူရွယ်အား စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး....

'ကုမ္မန်တိုးပါ၊ ခင်ဗျားနာမည်ကော'

ဟု မေးလိုက်၏။

လူရွယ်က ပြုံးလိုက်ပြီး သွက်လက်စွာဖြင့်....

'ကျုပ်က လုယီပါ'

ကုမ္မန်တိုးက မျက်မှောင်ကုတ်လိုက်ပြီး....

'လုယီ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါနဲ့ ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ'

လုယီက ပြုံးလိုက်၏။

'ကျုပ်အသက် နှစ်ဆယ်ရှိပါပြီ၊ မင်းကော'

ကုမ္မန်တုံးက....

'တစ်ဆယ့်ခုနစ်နှစ်ပါ'

သူတို့ စကားပြောနေစဉ် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော အသံများမှာ တစ်စထက်တစ်စ တိုးလာ၏။

မကြာမီ....

တိုက်ခိုက်သံများ လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ကုမ္မန်တုံး၏မျက်လုံးများ ပြူးကျယ်သွား၏။

သူ၏နှုတ်ခမ်းမှလည်း....

'ဒုက္ခပါပဲ၊ ဟိုလူနှစ်ယောက်တော့ သေကုန်ကြပြီထင်တယ်'
ဟု အလန့်တကြား ရေရွတ်လိုက်သည်။
သူ၏ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

'ဘယ်လို....ဟိုလူနှစ်ယောက် သေဆုံးသွားပြီ ဟုတ်လား'
ကုမ္မန်ထုံးက ခေါင်းညိတ်လိုက်၏။
'ဟုတ်တယ်'
လုယိက အံကိုတင်းတင်းကြိတ်လိုက်သည်။

'အတော်ရက်စက်တဲ့ အမျိုးသမီးပါလား'
ဟု မှတ်ချက်ချလိုက်မိ၏။

ရုတ်တရက်....



ကုမ္မန်တုံးက ပါးစပ်ပေါ်သို့ လက်ဝါးဖြင့် အုပ်ရင်းမှ ...
'ရှူး....တိုးတိုး၊ စကားမပြောနဲ့'
ဟု ဟန့်တားလိုက်၏။
ယင်းအချိန်မှာပင်....
အိမ်ဖော်မိန်းကလေးနှစ်ယောက်သည် ...မ်းဘေးတစ်ဘက်တစ်ချက်မှ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လှိုင်စာပေ

အိမ်ဖော်မလေး နှစ်ယောက်က ဝေါ်စင်ရှိရာသို့ လျှောက်နေ၏။

လုယ်က ထိတ်လန့်လွန်းသဖြင့် လက်ဖျားခြေဖျားများပင် အေးစက်လာသည်။

ကုမ္မန်တုံးက သူ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း နှစ်သိမ့်လိုက်၏။

အိမ်ဖော်နှစ်ယောက်က ဝေါစင်အနီးသို့ ရောက်ရှိသောအခါ ရင်းကာလင်ဟာနေသော ဝေါစင်ကို တွေ့မြင်လိုက်ကြရလေသည်။

သူမတို့က ခြေလှမ်း တုန့်ခနဲ ရပ်တန့်ကာ တစ်ယောက်နှင့်တစ်ယောက် အံ့သြထိတ်လန့်သော မျက်လုံးအစုံတို့ဖြင့် ကြည့်လိုက်ပြီး....

'ဟင်....ဟိုလူမရှိတော့ဘူး'

'ဟာ....ဘယ်ရောက်သွားပြီလဲ'

ဟု အသီးသီး လွှတ်ခနဲ ရေရွတ်လိုက်ကြလေသည်။

ထိုအချိန်မှာပင်....

သူမတို့အနီးသို့ ဝမ်ချန်ယင်းက ရောက်ရှိလာ၏။

လုယဲ့က ဝမ်ချန်ယင်း တောအုပ်ထဲမှ မည်သို့မည်ပုံထွက်လာခြင်းကို မမြင်တွေ့လိုက်ပါချေ။

သူမက အိမ်ဖော်အနီးသို့ ရောက်ရှိခြင်းကို မတွေ့မြင်လိုက်ရသောအခါမှ လုယဲ့မှာ ရင်ထိတ်သွားသည်။

ဝမ်ချန်ယင်းက ဝေါစင်အတွင်းသို့ တစ်ချက်လှမ်းကြည့်ကာ မျက်မှောင်ကုတ်လိုက်၏။

'သူ့ကို တစ်ယောက်ယောက်က လာကယ်သွားတာ ဖြစ်ရမယ်'

ဟု ဒေါသကြီးစွာဖြင့် ရေရွတ်လိုက်သည်။



အိမ်ဖော်နှစ်ယောက်မှာ သူမ၏ဒေါသကို သိရှိထားကြပြီးဖြစ်ဟန် တူသည်။

သူမတို့နှစ်ယောက်က ပါးစပ်ပိတ်ကာ ခေါင်းငုံ့ထားကြလေသည်။

ဝမ်ချန်ယင်းက ခြေထောက်တစ်ဘက် ဆောင့်လိုက်ပြီးနောက်....

'ကဲ....သူ ဒီအနီးအနားမှာပဲ ရှိဦးမယ်မြန်မြန်ရှာကြစမ်း'

ဟု အော်ဟစ် အမိန့်ပေးလိုက်၏။

သူမ၏စကားကို ကြားလိုက်ရသည်နှင့် လုယဲ့၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

ကုမ္ဘန်တုံးက ပါးချိုင့်လေးပေါ်အောင် ပြုံးပြလိုက်ပြီး အေးဆေး တည်ငြိမ်သော လေသံဖြင့်....

'ကဲ....ခင်ဗျားပုန်းနေဦး၊ ကျုပ်သွားတော့မယ်'

ဟု လေသံတိုးတိုး ပြောလိုက်သည်။

လုယဲ့က အံ့သြသွား၏။

သူက ကုမ္ဘန်တုံးအား ဟန့်တားရန်ဟန်ပြင်လိုက်စဉ်မှာပင် ကုမ္ဘန်တုံးက ဝေါစင်ရှိရာသို့ပြေးလွှားသွားလေတော့၏။

တဒင်္ဂအတွင်းမှာပင် ကုမ္ဘန်တုံးသည် ဝမ်ချန်ယင်းတို့ ရပ်နေသည့် ဝေါစင်အနီးသို့ ရောက်ရှိသွားလေတော့၏။

.... ...

ဝမ်ချန်ယင်းက ပြေးလွှားလာသည့် ကုမ္ဗန်တုံးအား တွေ့မြင်လိုက်သည်နှင့် မျက်မှောင်ကုတ်လိုက်ပြီး....

'ဘယ်သူလဲ'
ဟုမေးလိုက်လေသည်။

သူ့မအနီးတွင်ရပ်နေသော အိမ်ဖော်မဇလးက....

'ကယ်ပါလေး တစ်ယောက်ပါ သခင်မလေး'
ဟု ဖြေလိုက်လေသည်။

ကုမ္ဗန်တုံးက အသံကျယ်လောင်စွာဖြင့်....

'ဘယ်သူလဲ ကျုပ်ကို ကယ်ပါ ‌‌ ‌:လို့ ပြောတာ'
ဟု အော်ဟစ်ရင်း ဝေါ်စင်အနီး၌ ရပ်တန့်လိုက်၏။

အိမ်ဖော်မလေးတစ်ယောက်က သူ့အား စူးရှစွာ စိုက်ကြည့်ရင်းမှ....

'ော့....ရှင် ဒီနေရာက အမြန်ဆုံး ထွက်သွားလိုက်စမ်း'
ဟု အော်ငေါက်လိုက်လေ၏။

ကုမ္ဗန်တုံးက ခေါင်းခါယမ်းလိုက်ပြီး ဝမ်ချန်ယင်းအား ကြည့်ကာ အေးဆေးစွာ ပြောလိုက်သည်။

'ကျုပ်က အစ်မကြီးကို ပြောစရာရှိလို့ပါ'
သူ၏စကားကြောင့် ဝမ်ချန်ယင်းမှာ အလွန်အံ့ဩသွားလေသည်။



'မင်းက ဘာပြောမလို့လဲ'
ဟု ပြောရင်း ကုမ္ဗင်တုံးအား အကဲခတ် ကြည့်ရှုလိုက်လေသည်။

ကုမ္ဗန်တုံးက အရေးကြီးသော ဟန်မူရာဖြင့်....
'ခုနက အစ်မ‌ကြီးတို့ ဝေါ်စင်ထဲကပစ္စည်းတစ်ခုကို လူတစ်ယောက်ခိုးယူသွားတာ တွေ့လိုက်တယ်ကွ'
ဝမ်ချန်ယင်းက ထိုစကားကြောင့် မျက်လုံး ပြူးကျယ်သွားသည်။
'မင်းက ဘာပြောလိုက်တာလဲ'
ကုမ္ဗန်တုံးက တည်ကြည်သော မျက်နှာထားဖြင့်....
'ခုနတုန်းက အစ်မကြီးတို့ ဝေါ်စင်ထဲက ပစ္စည်းတစ်ခုကို လူတစ်ယောက်က ခိုးသွားတာ တွေ့တယ်လို့ ပြောတာပါ'
ဟု ထပ်မံပြောလိုက်လေသည်။
ဝမ်ချန်ယင်းက ဒေါသကြီးစွာဖြင့်....
'အဲဒါ....ပစ္စည်းမဟုတ်ဘူး လူ ...လူ'
ဟု အော်ဟစ် ပြောဆိုလိုက်၏။
ကုမ္ဗန်တုံးက ပါးစပ် ဟောင်းလောင်း ဖြစ်သွားရလေသည်။

က နားမလည်ဟန်ဖြင့်....
'ဗျာ....လူ ဟုတ်လား၊ ဘယ့်နှယ်လဲ သူခိုးက လူကိုတောင် ချမ်းသာမပေးဘဲ ခိုးနေပါပေါ့လား'
ဟု ပြောရင်း ခေါင်းကုတ်လိုက်၏။

ဝမ်ချန်ယင်းက မျက်နှာထား တင်းမာစွာဖြင့်....

'ပြောစမ်း....ဘယ်သူက ခိုးသွားတာလဲ'

ဟု ခက်ထန်စွာ မေးလိုက်သည်။

ကုမ္မန်တုံးက....

'ခန္ဓာကိုယ်ကြီးကြီးနဲ့ လူတစ်ယောက်ဗျ'

ဝမ်ချန်ယင်းက....

'သူဘယ်ဘက်ထွက်သွားတာ တွေ့လိုက်သလဲ'

ကုမ္မန်တုံးက အရှေ့ဘက်သို့ လက်ညှိုးထိုးပြလိုက်ပြီး....

'အရှေ့ဘက်ကို ပြေးသွားတာ တွေ့ပါတယ်'

ဟု ပြောလိုက်၏။

သူ့စကားဆုံးသည်နှင့် ဝမ်ချန်ယင်းတို့လူစုက ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြ၏။

ဝမ်ချန်ယင်းတို့မှာ အရှေ့ဘက်သို့ ဦးတည် ထွက်ခွာလာကြခြင်း ဖြစ်၏။

ကုမ္မန်တုံးက ဝမ်ချန်ယင်းတို့ အတန်ဝေးကွာသော နေရာသို့ရောက်သောအခါ ကျေနပ်စွာ ပြုံးလိုက်လေသည်။

....ⲻ....



'ဟား....ဟား....ဟား'

ရုတ်တရက်....

ရယ်မောသံတစ်ခု ကြယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုယိ၏ ရယ်မောသံပင်ဖြစ်သည်။

သူက ရယ်မောရင်း ဥမ္မန်တုံးအနီးသို့ လျှောက်လာနေသည်။

ဥမ္မန်တုံးက လူရွယ်အား ပြုံးပြလိုက်သည်။

'ဟဲ....ဟဲ သူတို့တော့ မောသွားမှာပဲဗျ သိလား'

ဟု ပြောလိုက်သည်။

လုယိက ခေါင်းညိတ်လိုက်၏။

ထို့နောက်....

သူက ဥမ္မန်တုံးအား ဒုတိယအကြိမ် အကဲခတ်ကြည့်ရှုလိုက်ပြန်လေသည်။

ဥမ္မန်တုံး၏ အင်္ကျီအဝတ်အစားများ ညစ်ပေ၍ ဖာထေးထားသော အရာများဖြင့် ပြည့်နှက်နေလေသည်။

သူ၏ ခြေထောက်တွင် စီးထားသော ဖိနပ်တစ်မျိုး ဖြစ်နေလေသည်။

မျက်နှာမှာ ညစ်ပေနေသော်လည်း မျက်လုံးလေးများက ရွှန်းလက်တောက်ပနေ၏။

ထို့ပြင်....

သူသည် မိမိအားသွေးကြောဖွင့်ပေးနိုင်သဖြင့် သိုင်းပညာ တတ်ရမည်ဟု ယူဆလိုက်လေသည်။

ယင်းကြောင့်....

'ညီလေးက ခတ်ပန်းဂိုဏ်းကလား'

ဟု မေးလိုက်လေသည်။

သူ၏ မေးခွန်းကြောင့် ကုမ္ဘန်တုံးက မျက်ခုံးနှစ်ဘက် ပင့်လိုက်ပြီး..

'ဩော်... ခင်ဗျားကပါ ကျုပ်ကို ကယ်ပါတစ်ယောက်လို့ ထင်နေတာကိုး'

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'မဟုတ်ဘူးလား'

ဟု မေးလိုက်လေသည်။

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်၏။

'မဟုတ်ပါဘူး'

လုယိက ပြုံးလိုက်၏။

ဒါဆိုရင် ကျုပ်မှာ ငွေရှိတယ်၊ မြို့ကိုသွားပြီး အင်္ကျီဝယ် ကြရအောင်

ကုမ္ဘန်တုံးက သူ့အား မျက်မှောင်ကုတ်၍ ကြည့်လိုက် လေသည်။



ဘာဖြစ်လို့ လဲရမှာလဲ'

လုယိက....

'ဟ ...မင်း အင်္ကျီလဲရမယ်လေ'

ကုမ္ဘန်တုံးက ကမန်းကတန်း လက်ကာပြလိုက်၏။

'ဟာ ဒါတော့ မလုပ်ပါနဲ့'

ဟု ငြင်းဆန်လိုက်လေသည်။

လုယိက အလွန်အံ့ဩသွားလေသည်။

အကြောင်းမှာ....

အင်္ကျီလဲရမည်ဆိုသောကြောင့် ကုမ္ဘန်တုံး၏ ဟန်မူရာမှာ အလန့်တကြားဖြစ်သွားသည် မဟုတ်ပါလော။

သူက ကုမ္ဘန်တုံးအား တစ်ချက် စိုက်ကြည့်လိုက်ပြီး....

'မင်းက ဘာဖြစ်လို့ အင်္ကျီလဲရမှာလဲ၊ ဒီလောက်တောင် ကြောက်နေရတာလဲ'

ဟု နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ကုမ္ဘန်တုံးက ခေါင်းအသွင်သွင် ခါယမ်းလိုက်သည်။

'ဟာ ...ကျုပ်ကို ဒုက္ခမပေးပါနဲ့ဗျာ'

ဟု ပြောလိုက်လေသည်။

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာဖြစ်လို့လဲကွာ'

ဟု ထပ်မံ မေးမြန်းလိုက်သည်။

ကုမ္ပဏ်တုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...
'ကျုပ် အင်္ကျီမလဲချင်လို့ပါ'
လုယာ့က သူ့အား နားမလည်နိုင်အောင်ဖြစ်သွားရလေ
သည်။

'မင်းက ဘာဖြစ်လို့ အင်္ကျီ မလဲချင်ရတာလဲ'

ကုမ္ပဏ်တုံးက တည်ကြည်သော မျက်နှာထားဖြင့်.....
'ဒေဝ်ဆရာက ကျုပ်ကို အဝတ်အစား ကောင်းကောင်း
ဝတ်ရင် အသက်တိုမယ်လို့ ဟောခဲ့ဖူးပါတယ်'

သူ၏ စကားကြောင့် လုယာ့က မရယ်မိစေရန် စိတ်ကို
ထိန်းထားလိုက်ရလေသည်။

'မင်းက ယုံလို့လား'
ကုမ္ပဏ်တုံးက ခေါင်းညိတ်လိုက်သည်။

'ယုံတာပေါ့၊ နောက်ပြီး ကျုပ်က ဒီလို နေရတာကို
သဘောကျတယ်လေ'
လုယာ့က ပခုံးတစ်ချက်တွန့်လိုက်သည်။

'မင်းက တော်တော်ခက်တာပါပဲလား'

ကုမ္ပဏ်တုံးက မျက်မှောင်ကုတ်ပြီး စကားလမ်းကြောင်း
လွှဲလိုက်လေသည်။
'ဒါနဲ့ ဟိုရွှေ ဆောင်ုတ်စုံနဲ့ မမက ခင်ဗျားအပေါ်
အတော် သံယောဇဉ်ကြီးပုံပဲနော်'



သူ၏စကား ကြားလိုက်ရသောကြောင့် လုယာ့၏မျက်နှာ
တစ်ခုလုံး အချဉ်သီးတစ်ခုကို စားလိုက်ရသည့်အလား ရှုံ့မဲ့
သွားသည်။

သူက လက်ကာပြလိုက်ပြီး....
'အဲဒီမိန်းမအကြောင်း မပြောပါနဲ့ကွာ'
ဟု ဟန့်တားလိုက်သည်၊

ကုမ္ပဏ်တုံးက မျက်မှောင်ကုတ်လိုက်၏။
'ဘာဖြစ်လို့လဲဗျ'

လုယာ့က....
'ကျုပ်က မိန်းမဆိုရင် သိပ်မုန်းတာကွ'

သူ၏စကားကြောင့် ကုမ္ပဏ်တုံး၏မျက်လုံးများ ဝင်းလက်
တောက်ပသွား၏။

သူက လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်ပြီး....

'ဟား....ဟား....ဟား....ကြိုက်ပြီဗျို၊ ကျုပ်ကလဲ မိန်းမဆို
ရင် သိပ်မုန်းတာကွ'
ဟု ပြောလိုက်၏။

လုယာ့က မျက်မှောင်ကုတ်လိုက်ပြီး....
'မင်းက ဘာဖြစ်လို့ မိန်းမဆိုရင် မုန်းတာလဲကွ'

ကုမ္ပဏ်တုံးက သူ့အား စိုက်ကြည့်ရင်း....
'ခင်ဗျားကကော ဘာဖြစ်လို့ မုန်းတာလဲ'

လုယံက ပါးစပ်ပိတ်ထားလိုက်သည်။

သူက ထိုစကား၏အဖြေကို ကုမ္ဗန်တုံးအား မပြောပြလိုပါချေ။

ကုမ္ဗန်တုံးက စကားဆက်လိုက်၏။

'ခင်ဗျားကိုကြည့်ရတာ ဒီအဖြေကိုမပြောချင်ဘူးနဲ့တူတယ်၊ ထားလိုက်ပါတော့လေ၊ ကျုပ်က ခင်ဗျားရဲ့မိတ်ဆွေ ဖြစ်ချင်တယ်၊ အဲဒါ ခင်ဗျားသဘောထားကော'

လုယံက ချက်ချင်းပင် ခေါင်းညိတ်လိုက်သည်။

'ဟာ....ရပါတယ်၊ ကျုပ်ကို မင်းက ကူညီခဲ့တာပဲကွ'

ကုမ္ဗန်တုံးက ပြုံးလိုက်သည်။

'ဒါက အသေးအမွှားပါဗျာ'

လုယံက တည်ကြည်လေးနက်သောမျက်နှာဖြင့်....

'ကောင်းပြီ၊ ဒါဖြင့် မင်းက ကျုပ်ထက်အသက်ငယ်တော့ ကျုပ်က ညီလေးလို့ ခေါ်မယ်နော်'

ကုမ္ဗန်တုံးက လက်နှစ်ဘက်ဆုပ်လိုက်ပြီး....

'ဒါဆိုရင် ကျုပ်က ကိုကြီးလို့ ခေါ်ရမှာပေါ့နော်'

ဟု ပြောလိုက်၏။

သူ၏စကား ဆုံးသောအခါ လုယံက ခေါင်းညိတ်လိုက်ပြီး....

'ညီလေး....'

ကုမ္ဗန်တုံးက ပြုံးပြရင်းမှ....

'ကိုကြီး....'

ထို့နောက်....



သူတို့နှစ်ယောက် ပြိုင်တူ ရယ်မောလိုက်လေသည်။

အတန်ကြာမှ ကုမ္ဗန်တုံးက ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး....

'ကဲ....ကိုကြီး၊ ညီလေးတို့ ကတိသစ္စာ ပြုကြရအောင်'

ဟု ပြောလိုက်လေသည်။

ယင်းနောက်....

သူတို့နှစ်ယောက်သည် မိုးကောင်းကင်အား မော့ကြည့်ကာ ဒူးထောက်၍ ကတိသစ္စာ ပြုကြလေတော့သည်။

ကုမ္ဗန်တုံး၏ သိုင်းပညာ

ကုမ္ဗန်တုံးက ကတိသစ္စာ ပြုပြီးသောအခါ မတ်တတ်ရပ်လိုက်၏။

'ဒါနဲ့....အစ်ကိုကြီးရဲ့ဆရာကဘယ်သူလဲဟင်''

လုယံက မတ်တတ်ရပ်လိုက်ပြီး အဝေးသို့ငေးမျှော်ကြည့်လိုက်သည်။

အတန်ကြာမှ....

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'အင်း....အစ်ကိုကြီးရဲ့ ဆရာဟာ သေဆုံး သွားခဲ့ပါပြီ၊ နောက်ပြီး ကိုကြီးရဲ့သိုင်းပညာဟာ မဖြစ်စလောက်မို့ ဆရာ့အရှက်ကို ခွဲသလို ဖြစ်နေမှာစိုးလို့ မပြောပါရစေနဲ့'

ပြောလိုက်လေသည်။



ကုမ္ဗန်တုံးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်းမှ....

'အင်းလေ....ကိုကြီးမပြောချင်ရင်လဲ မပြောပါနဲ့၊ ကျွန်တော့်ဆရာလဲ ဆုံးသွားခဲ့ပါပြီဗျာ'

လုယံက မချိပြုံး ပြုံးလိုက်လေသည်။

'အင်း....ကိုကြီးတို့ ညီအစ်ကိုတွေက ကံဘူ အကျိုးပေးပေါ့ကွာ'

ကုမ္ဗန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ဒါနဲ့ ကျွန်တော် စကားတစ်ခွန်း ပြောချင်ပါတယ်'

လူငယ်က ခေါင်းတစ်ချက် ဆတ်လိုက်သည်။

**'ပြောလေ'**

ကုမ္ဗန်တုံးက သူ့အား တည်ကြည်လေးနက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး....

'ဘယ်လို အခြေအနေမျိုးပဲဖြစ်ဖြစ် ညီလေးကို အစ်ကိုကြီးက ပစ်မသွားပါနဲ့နော်'

ဟု တောင်းဆိုလိုက်သည်။

လုယံက သူ၏တောင်းဆိုချက်ကိုကြားလိုက်ရသောအခါ သဘောကျစွာ ရယ်မောလိုက်၏။

'ဒါများ ပြောစရာ လိုသေးလားကွာ'

ကုမ္ဗန်တုံးက သက်ပြင်းတစ်ချက် ချလိုက်၏။

'ညီလေးဟာ ငယ်ငယ်ကတည်းက မိဘဲ့ ဖခဲ့ တစ်ကောင် ကြွက်ပါ၊ ဒါကြောင့်...ညီလေးက ခင်မင်မိဘဲ့ လူကသစ်သွား မှာကို စိုးရိမ်ပါတယ်'

သူ၏ မျက်းများလုံး ပြူးကျယ်သွားလေသည်။

သူက အံ့သြစွာငြင့်...

'ပင်....တိုက်ဆိုင်လိုက်တာ၊ ငါ့မှာလဲ မိဘမရှိတော့ဘူး ညီလေး'

ဟု ပြောလိုက်လေသည်။

ကုမ္ဗန်တုံး၏ မျက်လုံးကဲလေးများ ဝင်းလက် လာလေ သည်။

'ဒါဆိုရင် ကျွန်တော်တို့ ညီအစ်ကိုတတွေဟာ ဘဝတူတွေ ပေါ့နော်'

လုယံက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....ဒါဟာ ရေးရေစက်ကြောင့် ဖြစ်ရမယ်ကွ'

ဟု မင် ချက်ချလိုက်လေသည်။

ကုမ္ဗန်တုံးက လုယံအား စေ့စေ့ကြည့်လိုက်ပြီး....

'အစ်ကိုကြီးက မိန်းမတွေကို မုန်းတယ်လို့ ပြောခဲ့တယ် နော်၊ နောက်ကျမှ ဒီစကားကို မေ့မသွားရဘူး'

လုယံက ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ'



သူကပြောရင်း ဝမ်ချန်ယင်းဆိုသည့် မိန်းကလေး အား ရုတ်တရက် သတိရလိုက်မိ၏။

ထို့ကြောင့်....

ကုမ္ဗန်တုံးအား တစ်ချက်ကြည့်လိုက်ပြီး....

'ဒါနဲ့...ဝမ်ချန်ယင်းက ဘယ်လိုမိန်းကလေးလဲ မသိဘူး နော်'

ဟု မေးလိုက်လေသည်။

ကုမ္ဗန်တုံးက ပြုံးလိုက်သည်။

'သူက ရွှောင်လင်ဂိုဏ်းက ဂိုဏ်းချုပ်ရဲ့ တစ်ဦးတည်းသော သမီးလေ'

သူ၏စကားကြောင့် လုယံက အံ့သြသွားလေသည်။

'ဟုတ်လား'

ကုမ္ဗန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လုယံက အနည်းငယ်စဉ်းစားလိုက်၏။

အတန်ကြာမှ....

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

'ဒါနဲ့များ သူကစိတ်ထင်ရာ စိုင်းနေပါလား'

ကုမ္ဗန်တုံးက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဒါနဲ့....အစ်ကိုကြီး ဘယ်သွားမလို့လဲ'

လုယံက....

'သွားစရာတော့ ရှိပါတယ်၊ ဒါပေမယ့်....အေးအေးဆေးဆေးပါပဲ'

သူ၏ဖြေပုံမှာ အရေးတကြီး သွားရမည့်ကိစ္စရှိနေဟန်မတူပါချေ။

ကုမွန်တုံးက ဝမ်းသာသွား၏။

'ဒါဖြင့်....ညီလေးနောက် လိုက်ခဲ့ပါလား'

လုယံက တွေဝေသွားလေ၏။

'ညီလေးက ဘယ်သွားမှာမို့လဲ'

ကုမွန်တုံးက....

'တာမြတ်စန်းတောင်'

လုယံက မျက်မှောင်ကုတ်လိုက်၏။

'တာမြတ်စန်းတောင်ကို ဟုတ်လား'

'ဟုတ်ပါတယ်'

'အဲ့ဒီကို ညီလေးက တာကိစ္စနဲ့ သွားမလို့လဲ'

ကုမွန်တုံးက ပြုံးလိုက်သည်။

'ကျွန်တော်က အဲ့ဒီမေးခွန်းကို လောလောဆယ် မဖြေချင်သေးဘူး'

ဟု ပွင့်လင်းစွာ ပြောလိုက်၏။



လုယံက ခေါင်းညိတ်လိုက်၏။

'ထားပါတော့လေ၊ ညီလေးပြောတဲ့ နေရာက တော်တော်ဝေးသေးလား'

ကုမွန်တုံးက ခေါင်းခါယမ်းလိုက်၏။

'သိပ်မဝေးတော့ပါဘူး'

လုယံက ခေါင်းတစ်ချက်ဆတ်လိုက်သည်။

'ကောင်းပြီလေ....သွားကြတာပေါ့'

သူ၏စကားကြောင့် ကုမွန်တုံးက ဝမ်းသာသွားလေသည်။

'ဒါဆို....အခုပဲ သွားကြရအောင်'

ဟု ပြောလိုက်လေသည်။

ဤသို့ဖြင့်....

သူတို့နှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက်ဆွဲကာ ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

မကြာမီ ဝန်းကျင်တစ်လုံး တိတ်ဆိတ်သွားလေတော့၏။

........

နေဝန်းနီသည် ကောင်းကင်ပေါ်သို့ တဖြည်းဖြည်း မြင့်တက်လာနေ၏။

မွန်းတည့်ချိန်သို့ ရောက်ရှိတော့မည်ဖြစ်သည်။

လုယိနှင့် ကုမ္ပန်တုံးတို့သည် စကားတပြောပြောဖြင့် လှမ်းလျှောက်လာနေကြ၏။

သူတို့သည် တောလမ်းအတိုင်း လျှောက်လာနေကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက် အတန်ကြာ လျှောက်လာမိသောအခါ ခမောက်ဆောင်းထားသည့် သီလရှင်တစ်ပါးကို တွေ့မြင်လိုက်ရသည်။

ထိုသီလရှင်မှာ အသက်နှစ်ဆယ်ရှိပြီး ချောမောလှပနေသေး၏။

သီလရှင်မှာ ကုမ္ပန်တုံးနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာနေခြင်း ဖြစ်သည်။

ကုမ္ပန်တုံးက ခြေလှမ်းမှန်မှန်လျှောက်လာရင်းမှ ရုတ်တရက် လုယိ၏လက်ကိုဆွဲကာ သစ်ပင်ကြီးတစ်ပင်နောက်သို့ ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။

ထိုအချိန်မှာပင်....



ယပ်တောင်တစ်ချောင်း ကိုင်ဆောင်ထားသော အဘိုးအိုတစ်ယောက်က သီလရှင်ရှေ့မှ ပိတ်ဆို့ဟန့်တားလိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ရှိ၊ ၂၁၃၅၅

အဘိုးအိုက လက်ထဲမှ ယပ်တောင်အား တဖျပ်ဖျပ်ခတ်ရင်းမှ....

'ဆရာလေးက ဘယ်ကြွမလို့လဲ'

ဟု မေးလိုက်၏။

သီလရှင်က သူ့အား မော့မကြည့်ဘဲ လက်အုပ်ချီလိုက်ပြီး....

'မြို့ကိုသွားမလို့ပါ'

ဟု အေးငြိမ်းတည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်။

အဘိုးအိုက ပြုံးလိုက်၏။

လုယိက ယခုမှ ထိုလူအား သေချာစွာအကဲခတ်ကြည့်လိုက်ရာ ပေစွေ့ရေကန်အနီးတွင် တွေ့မြင်ခဲ့ရသော ကျန်းစန်ယင် ဖြစ်နေကြောင်း သိရှိလိုက်လေသည်။

ကျန်းစန်ယင်က သီလရှင်အား စေ့စေ့ကြည့်လိုက်ပြီး....

'ဒါဖြင့် ကျုပ်နဲ့လိုက်ခဲ့ပါလား'

သီလရှင်က ခေါင်းငုံ့လျက်မှ....

'မလိုက်ပါရစေနဲ့'

ဟု ငြင်းဆိုလိုက်သည်။

ကျန်းစန်ယင်က သဘောကျစွာ ရယ်မောရင်း သီလရှင်အနီးသို့ တိုးကပ်လာလေသည်။

'ဟဲ....ဟဲ....ဆရာလေးက တကယ်ချောတာကိုး'

သူ၏စကားမှာ ရိသဲ့သဲ့နိုင်လှပေသည်။

သီလရှင်က ထိတ်လန့်သွားပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

သူမက ကမန်းကတန်း လက်အုပ်ချီလိုက်ပြီး....

'ဘုရား....ဘုရား၊ တကာကြီး ဘာတွေလျှောက်ပြောနေတာလဲ'

ဟု အလန့်တကြား ရေရွတ်ပြောဆိုလိုက်သည်။



ကျန်းစန်ယင်၏မျက်နှာ တင်းမာအေးစက်သွားသည်။

'ဆရာလေး၊ ကျုပ်စိတ်မတိုခင် ခင်ဗျား ကျုပ်နောက်လိုက်ခဲ့စမ်း'

ဟု ပြောပြီး သီလရှင်၏လက်ကို ဖမ်းဆုပ်လိုက်၏။

သီလရှင်က ထိတ်လန့်သွားပြီး....

'ဒါ....ဘာလုပ်တာလဲ....လွှတ်'

ဟု အော်လိုက်၏။

ထို့ပြင်....

သူမက ကျန်းစန်ယင်ဆုပ်ကိုင်ထားသောလက်ကို ရုန်းလိုက်လေသည်။

သို့သော်....

သူမသည် ကျန်းစန်ယင်၏ ဆုပ်ကိုင်မှုအောက်မှ ရုန်းမထွက်သာဘဲ ရှိနေသည်။

ကျန်းစန်ယင်က သဘောကျစွာဖြင့် အားပါးတရ ရယ်မောရင်း သီလရှင်အား ဆွဲခေါ်သွားသည်။

သီလရှင်မှာ ရုန်းကန်နေသော်လည်း အားအင်ချင်းမမျှသောကြောင့် ကျန်းစန်ယင်ဆွဲခေါ်ရာသို့ လိုက်ပါသွားရလေသည်။

လုယိက ထိုမြင်ကွင်းကိုကြည့်ကာ ဒေါသခြောင်းခြောင်းထွက်လာ၏။

သူက တက်တစ်ချက်ခေါက်လိုက်ပြီး....

'ဒီလူ အတော်ယုတ်မာပါလား'

ဟု ရေရွတ်လိုက်သည်။

ကုမ္ဗန်တုံးက သူ၏စကားကြောင့် အလွန်အံ့ဩသွားမိလေသည်။

သူက လုယီ၏မျက်နှာအား လှမ်းကြည့်လိုက်ရင်း....

'ဟင်....အစ်ကိုကြီးက မိန်းမဆိုရင် မုန်းတယ်ဆို'

ဟု မေးလိုက်၏။

လုယီက....

'မိန်းမကို မုန်းပေမယ့် မတရားတာကိုမြင်ရင် မကြိုက်ဘူးလေ'

ဟု ရှင်းပြလိုက်၏။

ကုမ္ဗန်တုံးက ပြုံးပြလိုက်၏။

သူက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး....

'ဒါ ဟုတ်တယ်၊ ညီလေးလဲ မတရားတာမကြိုက်ဘူး၊ ကဲ---ကျွန်တော်တို့ ညီအစ်ကိုက ဟိုလူကို ဆုံးမလိုက်ဦးစို့'

လုယီက ခေါင်းညိတ်လိုက်သည်။

ထို့နောက်....

သူက ပုန်းကွယ်နေရာမှ ပြေးထွက်လိုက်ပြီး....



'ဟေ့....ရပ်လိုက်စမ်း'

ဟု ဟန့်တားအော်ဟစ်လိုက်ကြ၏။

သူ၏အသံကို ကြားလိုက်ရသောအခါ ကျွန်းစန်ယင်းက အလွန်အံ့ဩသွားမိသည်။

သူသည် လူသွားလူလာ နည်းပါးသော ဤလမ်းကလေးအတွင်းကြည့်နေ၏။

သူက မိမိအား ဟန့်တားသူမှာ လုယီဖြစ်ကြောင်း သိရှိလိုက်သည်နှင့် ပြုံးလိုက်မိ၏။

'ဩော်....မင်းကိုး'

လုယီက သူ့အား စိုက်ကြည့်လိုက်ရင်း....

'ခင်ဗျားဟာ လူကြီးလူကောင်း တစ်ယောက်ဆိုရင် ဒီလိုအလုပ်မျိုး မလုပ်သင့်ဘူး'

ဟု ဖျောင့်ဖျပြောဆိုလိုက်၏။

ကျွန်းစန်ယင်က လှောင်ပြောင်ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....မင်းကများ ကျုပ်ကို....'

သူ၏စကားမဆုံးမီ လုယီက ကြားဖြတ်လိုက်သည်။

'ခင်ဗျား သူ့ကိုလွှတ်လိုက်ပါ'

ကျွန်းစန်ယင်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်က မလွှတ်ဘူးဆိုရင်ကော မင်းက ဘာလုပ်မလဲ'

ဟု အေးစက်စက်အသံဖြင့် မေးလိုက်၏။

လုယ°က မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားကို ဆုံးမရလိမ့်မယ်'

ဟု ပြတ်သားစွာ ပြောလိုက်ကလေသည်။

ကျန်းစန်ယင်က ရယ်မောလိုက်၏။

'ဟား....ဟား....ဟား....မင်းက ကျုပ်ကို ဆုံးမမယ် ဟုတ်လား၊ ဆုံးမပါဦး....ဆုံးမပါဦး'

ဟု ပြောပြီး ရယ်မောနေလေသည်။

ယင်းအချိန်မှာပင်....

'စိတ်ချ....ခင်ဗျားကို ဆုံးမပြမယ်'

ဟူသော အသံတစ်ခုက စူးရှစွာပေါ်ထွက်လာပြီး လူရိပ်တစ်ခုက ကျန်းစန်ယင်အနီးသို့ ရောက်ရှိလာလေသည်။

ယင်းအချိန်မှာပင်....

ကျန်းစန်ယင်က မျက်မှောင်ကုတ်၍ ကြည့်လိုက်ရာ ကယ်ပါလေးတစ်ယောက် ဖြစ်နေကြောင်း တွေ့မြင်လိုက်ရ သဖြင့် ဒေါသကြီးစွာ ခြိမ်းခြောက်လိုက်လေသည်။



'ဟေ့....ကယ်ပါလေး၊ မင်းက ကိုက်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်ရှုပ်ရင် ဒုက္ခရောက်မယ်ဆိုတာ မ သိဘူးလား'

သူက မည်မျှပင် ကြိမ်းမောင်းနေသော်လည်း ကုမ္ပန်တု ်းက သူ့အား စူးရှစွာ စိုက်ကြည့်ရင်း....

'ခင်ဗျားက ကျုပ်ရဲ့အစ်ကိုကြီးကို ရှိင်းရိုင်းစိုင်းစိုင်း ပြောတယ်၊ ဒါကြောင့်....ခင်ဗျားကို ပါးရိုက်သင့်တယ်'

သူက ယင်းသို့ ပြောပြီးသည်နှင့်တစ်ပြိုင်နက် ကျန်းစန်ယင်ပါးအား လျှပ်တစ်ပြက် ရိုက်ချလိုက်လေသည်။

'ဖြန်း....'

မြန်ဆန်လွန်းလှသောရိုက်ချက်အား မရှောင်လင့်ဘဲအရိုက်ခံလိုက်ရသဖြင့်၊ ကျန်းစန်ယင်၏ ပါးတစ်ဘက်မှာနီရဲသွားလေသည်။

ကျန်းစန်ယင်က ဒေါသထွက်လာသည်။

'ဟေ့....ကယ်ပါလေး၊ မင်းကိုမသတ်ရရင်ကျုပ်မကျေနပ်ဘူးကွ'

သူကပြောရင်း လက်ထဲမှ ယပ်တောင်ကို စုလိုက်ပြီး ကုမ္ပန်တုန်း၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ကုမ္ဘန်တုံးက ကျွန်းစန်ယင်က တိုက်ခိုက်လာမည်ကို ကြိုတင် သိရှိနေသည့်အလား ရှောင်တိမ်းကာ ထပ်မံ၍ ပါးရိုက်ချလိုက်ပြန်သည်။

'ဖြန်း....'

ဟူသောအသံနှင့်အတူ ကျွန်းစန်ယင်၏ ကျန်ပါးတစ်ဘက် ချက်ချင်းပင် ရောင်ကိုင်းလာလေသည်။

သူ၏မျက်လုံးအစုံမှာလည်း ကြယ်ပွင့်များ ပွင့်၍ထွက်သွားလေသည်။

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် ကုမ္ဘန်ထုံးအားကြည့်လိုက်လေသည်။

ကယ်ပါလေးမှာ အသက်ငယ်သော်လည်းအရွယ်နှင့်မလိုက်အောင် သိုင်းပညာ တတ်မြောက်နေခြင်းကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူက ခံပြင်းစွာဖြင့် အံကိုတင်းတင်းကြိတ်လိုက်၏။

မျက်လုံးများမှာ မီးတောက်မီးလျှံပမာ နီရဲနေပြီး ကုမ္ဘန်တုံးအား စိုက်ကြည့်နေလေသည်။

ကုမ္ဘန်တုံးက ပခုံးတစ်ချက်တွန့်လိုက်ပြီး....



'အဲဒီလိုကြီး မျက်လုံးပြူးပြီး ကြည့်မနေစမ်းပါနဲ့ဗျာ.... ကြည့်လို့ မကောင်းပါဘူး'

ဟုပြောပြီး ရယ်မောနေလေသည်။

သူ၏စကားကြောင့် 'လုယ'က မရယ်မိစေရန်မနည်းထိန်းချုပ်ထားလိုက်ရလေသည်။

သီလရှင်က တောလမ်းလေးဆီသို့ တဖြည်းဖြည်း ဆုတ်ခွာသွားနေသည်။

ငမက တောလမ်းပေါ်သို့ ရောက်ရှိသွားသောအခါမည်သို့မျှ ခံစားချက်မရှိသည့် မျက်နှာဖြင့် သူတို့အား ကြည့်နေသည်။

ကျွန်းစန်ယင်မှာ သူ၏အကြံအစည်မှာ အောင်မြင်ကာနီးမှ လွဲချော်ခဲ့ရသောကြောင့် ဒေါသ ချောင်း ချောင်း ထွက်လာပြီး....

'ယား....'

ဟု အော်ဟစ် မာန်သွင်းလိုက်ပြီး ကုမ္ဘန်တုံးအား ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

အမှန်တွင်....

သူ၏ယပ်တောင်မှာ အရှေ့၊ အနောက် ဝဲယာသို့ မိုး၊ ခုတ်၊ ရိုက်၊ ခွဲ စသည့် သိုင်းကွက် အမျိုးမျိုးဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ကုမ္ဘန်တုံး၏ သေးငယ်သောခန္ဓာကိုယ်သည် ကျန်းစန်ယင်၏ တိုက်ခိုက်မှုအား ပွတ်ကာသီကာ ရှောင်တိမ်း နေရလေသည်။

သူတို့နှစ်ဦး၏ တိုက်ခိုက်မှုကို ကြည့်ရင်းကြည့်ရင်းဖြင့် မူလက ဟန်မူရာကင်းမဲ့နေသည့် သီလရှင်၏မျက်နှာမှာ တဖြည်းဖြည်းအံ့ဩသွားသော အရိပ်အယောင်များ ပြောင်းလဲလာလေသည်။

လုယံကလည်း အံ့ဩနေ၏။

အကြောင်းမှာ....

ကျန်းစန်ယင်၏ တိုက်ကွက် သုံးဆယ်ကျော်လာသည့် တိုင်အောင် ကုမ္ဘန်တုံး၏ အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။

သူသည် ကုမ္ဘန်တုံး၏သိုင်းပညာကျွမ်းကျင်ထက်မြက်နေခြင်းကို ကြည့်ကာ အံ့ဩနေမိလေသည်။

ထိုအချိန်....



ကုမ္ဘန်တုံးက နေ သို့ ဆုတ်သွားသည်။

ထိုနောက်....

သူက ခေါင်းခါယမ်းလိုက်ပြီး....

'တော်ပြီဗျာ၊ ဆက်ဦး မယှဉ်ချင်တော့ဘူး၊ ခင်ဗျားရဲ့ သိုင်းပညာက သိပ်ညံ့တာကိုး'
ဟု ပြောလိုက်သည်။

ကျန်းစန်ယင်မှာ ဒေါသထွက်လွန်း၍ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေလေသည်။

ကုမ္ဘန်တုံးက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'ခင်ဗျား....သည်နေရာက အမြန်ဆုံး ထွက်သွားစမ်း'
ဟု အမိန့်ပေးလိုက်လေသည်။

ကျန်းစန်ယင်က သူ့အား စူးရှသော မျက်လုံး အစုံဖြင့် ကြည့်ရင်းမှ လက်တစ်ချက်ဝေ့ယမ်းလိုက်သည်။

လက်နက်ပုန်း ကလေးများမှာ ပျားမည်း တစ်အုပ်ပမာ ကုမ္ဘန်တုံးထံသို့ အရှိန်ပြင်းစွာ ပြေးဝင်လာသည်။

ကုမ္ဘန်တုံးက ရှောင်တိမ်းခြင်းမပြုဘဲ မလှုပ်မယှက်ရပ်နေလေသည်။

လုယိက သူ၏ အပြုအမူကြောင့် ရှင်ထိတ် သွားလေသည်။

သူက ကမန်းကတန်း ပြေးသွားကာ ကုမ္ဘန်တုံး၏ခန္ဓာကိုယ်အား လက်ဝါးနှစ်ဘက်ဖြင့် တွန်းထုတ်လိုက်လေသည်။

ကုမ္ဘန်တုံး၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွား သော်လည်း လက်နက်ပုန်းလေး ငါးခုကမူ ကုမ္ဘန်တုံး၏ ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်သွားလေသည်။

လုယိ၏မျက်နှာ ကွက်ခနဲပျက်သွားကာ ကုမ္ဘန်တုံးအား စိုးရိမ်ကြီးစွာဖြင့် လှမ်းကြည့်လိုက်သည်။

သို့သော် ...

ကုမ္ဘန်တုံးက မှဲ့ပြုံးပြုံးကာ ခန္ဓာကိုယ်ပေါ်တွင် စိုက်ဝင်နေသည့် လက်နက်ပုန်း ငါးခုအား အေးဆေးစွာနှုတ်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထို့နောက်...

သူက ကျန်းစန်ယင်အား အေးစက်စက် မျက်လုံးများဖြင့် ကြည့်လိုက်ပြီး....

'ခင်ဗျားရဲ့လက်နက်ပုန်းတွေ ခင်ဗျား ပြန်ယူပေတော့'

ဟု ပြောပြီး လက်တစ်ချက် ဝေ့ယမ်းလိုက်၏။



လက်နက်ပုန်းလေး ငါးခုမှာ ကျန်းစန်ယင်ရှိရာသို့ အရှိန်ပြင်းစွာ ပြေးလွှားသွားလေသည်။

ကျန်းစန်ယင်က ထိတ်လန့်တုန်လှုပ်သွားမိ၏။

သူ့လက်နက်ပုန်းများမှာ အလွန် အဆိပ် ပြင်းထန်သော လက်နက်ပုန်းကလေးများဖြစ်၏။

ယခုမှာမူ....

ကုမ္ဘန်တုံးက လက်နက်ပုန်းများ ထိမှန်ခဲ့သော်လည်း မည်သို့မျှ မဖြစ်ကြောင်း တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူသည် ပစ်လွှင့်လာသော လက်နက်ပုန်းကလေးများအား ဖမ်းယူခြင်း မပြုဘဲ မြေပေါ်သို့လှိမ့်ကာ ရှောင်တိမ်းလိုက်ရလေသည်။

ကုမ္ဘန်တုံးက သူ၏အပြုအမူကိုကြည့်ကာ သဘောကျစွာ ရယ်မောလိုက်သည်။

အတန်ကြာမှ....

သူက ရယ်မောရာမှ ရပ်တန့်ကာ....

'ကဲ....ဟေ့လူ ခင်ဗျား ဒီကထွက်သွားမလား၊ မထွက်သွားဘူးလား'

ကျန်းစန်ယင်က သူ့အား စူးရှသော မျက်လုံးအစုံဖြင့်စိုက်ကြည့်ရင်းမှ....

'မင်းနာမည် ပြောပါ'
ဟု ပြောလိုက်၏။

ကုမ္ဗန်တုံးက ခေါင်းခါယမ်းလိုက်လေသည်။

'မပြောနိုင်ဘူး'

ကျန်းစန်ယင်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ခွေးသားမို့ နာမည် မပြောနိုင်တာ'

ဟု ပက်ပက်စက်စက် ပြောလိုက်၏။

သူ၏မိုက်ရိုင်းလှသောစကားကြောင့် ကုမ္ဗန်တုံးကဒေါသထွက်သွားပြီး အံကြိတ်လိုက်လေသည်။

'ခင်ဗျား....ဘာပြောတာလဲ'

သူက ဒေါသကြီးစွာ အော်ဟစ်ရင်းမှ ကျန်းစန်ယင်ထံသို့ ခုန်ပေါက်ရောက်ရှိသွားပြီး ကျန်းစန်ယင်၏ ရင်ဝသို့ လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'



ဟူသော မြည်သံနှင့်အတူ ကျန်းစန်ယင်မှာနောက်သို့ ယိမ်းယိုင်သွားလေသည်။

သူ၏ပါးစပ်မှလည်း သွေးများယိုစီးကျလာ၏။

ကုမ္ဗန်တုံးက သူ့အားစူးရှစွာ စိုက်ကြည့်ရင်း....

'ခင်ဗျားစကားပြောတာ ကြည့်ပြောပါ'

ဟု အေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။

သူ၏ဟန်မူရာမှာ ရက်စက်ကြမ်းကြုတ်တော့မည့်ပုံ မပေါ်နေလေသည်။

ကျန်းစန်ယင်က အံတစ်ချက်ကြိတ်လိုက်ပြီး....

'ကျုပ်....မသေသေးဘူး ဆိုရင် နောက်တစ်ခါ ထပ်တွေ့ဦးမယ်'

ဟု ပြောလိုက်လေသည်။

ကုန်မ္ဗန်တုံးက ရယ်မောလိုက်၏။

'စိတ်ချ....နောက်တစ်ခါတွေ့ရင် ကျုပ်က ခင်ဗျားကို ချမ်းသာ မပေးတော့ဘူး'

ကျန်းစန်ယင်က တက်တစ်ချက်ခေါက်ကာ ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့၏။

.... . ....

လုယ°က ပါးစပ်ဟောင်းလောင်းဖြင့် ထွက်ခွာသွားသော ကျန်းစန်ယင်၏နောက်ကျောအား ကြည့်နေမိ၏။

ကျန်းစန်ယင်၏ ခန္ဓာကိုယ် မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါမှ သူကကုမ္ဘန်တုံးဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ကုမ္ဘန်တုံးက ပြုံးပြလိုက်ပြီး....

'အစ်ကိုကြီး ဘာတွေ စဉ်းစားနေတာလဲ'

ဟု မေးလိုက်၏။

လုယ°က ကျန်းစ ယင်အား လက်ညှိုး ထိုးပြလိုက်ပြီး....

'သူဟာ လူယုတ်မာတစ်ယောက်ပဲ၊ မင်းက ဘာဖြစ်လို့ မသတ်ဘဲ လွှတ်ပေးလိုက်တာလဲ'

ဟု မေးလိုက်သည်။

ကုမ္ဘန်တုံးက ပြုံးပြလိုက်၏။

'ဒီနေ့ဟာ အစ်ကိုကြီးနဲ့ကျွန်တော်စပြီး တွေ့ဆုံတဲ့နေ့ ဖြစ်နေလို့ လူမသတ်ချင်ပါဘူး'

ဟု ရှင်းပြလိုက်လေသည်။



လုယ°က ပြုံးပြလိုက်သည်။

'ညီလေ ....မ းရဲ့သိုင်းပညာဟာ အစ်ကိုကြီးထက် အများကြီးသာတယ်ကွ'

ဟု ချီးကျူးလိုက်၏။

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုမပြောပါနဲ့ဗျာ၊ ကျွန်တော်တို့ဟာ ညီအစ်ကိုတွေ မဟုတ်လား'

ထိုအချိန်....

ငြိမ်သက်စွာရပ်နေသောသီလရှင်က လက်အုပ်ချီလိုက်ပြီး....

'ကျေးဇူးကြီးလှပါတယ် တကာလေးရယ်'

ဟု ပြောလိုက်သည်။

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးမတင်ပါနဲ့၊ ကျုပ်တို့က မိန်းမဆိုရင် သိပ်မုန်းတာဗျ'

ဟု ဘုတောလိုက်၏။

သူ၏စကားကြောင့် သီလရှင်မှာ မည်သို့ပြန်ပြောရမှန်း မသိအောင် ဖြစ်သွားရသည်။

ထိုအချိန်....

ကုမ္ဘန်တုံးက လုယ°ဘက်သို့ လှည့်ကြည့်လိုက်ပြီး....

'ကဲ အစ်ကိုကြီး၊ ကျွန်တော်တို့ သွားကြမယ်'

လုယ°က ခေါ်င်းသိတ်လိုက်သည်။

ထို့နောက်....

သူတို့နှစ်ယောက်သည် သီလရှင်ကိုပင် နှုတ်ဆက်မနေတော့ဘဲ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

သီလရှင်ကမူ မလှုပ်မယှက်ရပ်တန့်နေရင်း သူတို့နှစ်ယောက်အား ငေးမောကျန်ရစ်ခဲ့သေသည်။

လုယိနှင့် ကုမ္ဗန်တုံးတို့နှစ်ယောက်သည် ခြေလှမ်းညီညီဖြင့် လျှောက်လှမ်းနေကြရာ အတန်ဝေးဝေးသို့ ရောက်လာတော့မှ ကုမ္ဗန်တုံးက စကားစလိုက်၏။

'သူက အသက်ငယ်ငယ်လေးနဲ့ ဘာဖြစ်လို့ သီလရှင်ဝတ်တာလဲ မသိဘူးနော်'

လုယိက....

'အကြောင်းတစ်ခုခု ရှိမှာပေါ့'

ဟု တိုတိုတုတ်တုတ် ပြောလိုက်၏။

ကုမ္ဗန်တုံးက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာအကြောင်းလဲဟ'

ဟု ထပ်မေးလိုက်ပြန်သည်။

သူက စိတ်မရှည်တော့ဟန်ဖြင့်....

'ဒါတော့ ကျုပ်လဲ ဘယ်သိပါ့မလဲ'

ဟု ပြောလိုက်၏။

ကုမ္ဗန်တုံးက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ—



'ကျွန်တော်တော့ မိန်းမတွေဆိုရင် မုန်းတယ်ဗျ၊ မိန်းမတွေက ကောင်းတာမဟုတ်ဘူး'

လုယိက ပြုံးလိုက်သည်။

'မိန်းမတိုင်း မကောင်းတာမဟုတ်ပါဘူးကွာ၊ ကောင်းတဲ့မိန်းမလဲ ရှိမှာပေါ့'

ကုမ္ဗန်တုံးက ခေါင်းခါယမ်းလိုက်၏။

'ဘာပဲဖြစ်ဖြစ် မိန်းမဟာ မိန်းမပါပဲ၊ ကျွန်တော်တော့ မိန်းမဆိုရင် မုန်းတယ်'

လုယိက ပါးစပ်ပိတ်ထားလိုက်သည်။

ကုမ္ဗန်တုံးအား မည်သို့မျှ ပြော၍မဖြစ်ဟု သူက သဘောပေါက်မိလိုက်သဖြင့် တိတ်ဆိတ်စွာ လျှောက်လှမ်းနေမိလေသည်။

ကုမ္ဗန်တုံးကလည်း မည်သို့မျှ ဆက်မပြောတော့ဘဲ ခပ်သုတ်သုတ်သာ လျှောက်နေလေတော့သည်။

နေဝန်းနီသည် အနောက်ဘက်သို့ ငုပ်လျှိုးစပြုနေပြီ ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး မှောင်မည်းလာ၏။

တောအုပ်ကလေး ဖြစ်သောကြောင့် ဝန်းကျင်တစ်ခုလုံး ထူထပ်နေသဖြင့် ပို၍ မှောင်မည်းနေသည်။

လုယီက ခြေလှမ်းသုတ်သုတ်ဖြင့်လျှောက်လာရာမှ တဖြည်းဖြည်း မိုးချုပ်လာသည်ကို တွေ့မြင်လိုက်ရသဖြင့် ကုမ္ဘန်တုံးဘက်သို့ လှည့်လိုက်ပြီး....

'ကျုပ်တို့ မြန်မြန်သွားမှဖြစ်မယ်၊ မိုးချုပ်သွားရင် တည်းခိုစရာနေရာ ရှာရဦးမယ်'

ဟု ပြောလိုက်၏။

ကုမ္ဘန်တုံးကဲ သူ့အား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

'တည်းခိုခန်းရှာမလို့ ဟုတ်လား'

လုယီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်၏။

'ဒါဆို အစ်ကိုကြီးတစ်ယောက်တည်းသွားတည်းပေတော့၊ ကျွန်တော်ကတော့ ဇရပ်ပျက်တို့၊ ဘုံကျောင်းတို့ရှာပြီးတည်းတော့မယ်'



လုယီက မျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့လဲကွ'

ကုမ္ဘန်တုံးက....

'ကျွန်တော်လို ကယ်ပါတစ်ယောက်ကို ဘယ်တည်းခိုခန်းက လက်ခံပါ့မလဲ'

သူ၏စကားမှာ မှန်ကန်လှပေသည်။

ထို့ကြောင့်....

လုယီက စကားမပြောနိုင်ဘဲ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

အေးစိမ့်သောလေများ တဖြည်းဖြည်း တိုက်ခတ်စပြုလာပြီဖြစ်သည်။

ကောင်းကင်ပေါ်တွင် တိမ်များက အလိပ်လိုက်တက်လာကြသည်။

ညဥ့်သည် တစ်စထက်တစ်စ မှောင်မည်းလာ၏။

မိုးကောင်းကင်ကို မော့ကြည့်ပြီးနောက် လုဟံက ရေရွတ်လိုက်သည်။

'ဟော....မိုးရွာတော့မယ်ထင်တယ်'

ကုမ္ဘန်တုံးက သူ၏စကားကို ထောက်ခံသောသဘောဖြင့် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မိုးခိုဖို့ နေရာရှာရလိမ့်မယ်'

လုယံက မျက်မှောင်ကုတ်လိုက်၏။

'ဒီလိုနေရာမျိုးမှာ လူနေအိမ်ခြေ ရှိပါ့မလား'

သူတို့နှစ်ယောက် အချီအချ စကားပြောနေစဉ် လျှပ်စီးများ ဝင်းလက်သွားပြီး မိုးဖွဲကလေးများ ကျလာလေသည်။

လုယံက ကုမ္ဘန်တုံးဘက်သို့ ကြည့်လိုက်၏။

'ဟာ....မိုးရွာလာပြီ၊ ဘယ်လိုလုပ်ကြမလဲ'

ကုမ္ဘန်တုံးက ပြုံးလိုက်၏။

'မိုးသိပ်မသည်းလာခင် မိုးခိုဖို့ နေရာရှာကြရုံပေါ့'

ဟု ပြောပြီး ရှေ့သို့ပြေးလွှားသွားသည်။

သူ၏နောက်မှ လုယံက ပြေးလွှားလိုက်ပါသွား၏။



ထိုစဉ်မှာပင်....

လျှပ်စီးများ ဝင်းလက်သွားပြီး မိုးခြိမ်းသံများ တစ်ဝုန်းဝုန်း ထွက်ပေါ်လာလေသည်။

ယင်းနောက်....

သည်းထန်စွာ မိုးရွာချလိုက်လေတော့သည်။

လုယံက ခြေလှမ်းတစ်ရာခန့် ပြေးလွှားလာမိသောအခါ ခြေလှမ်းရပ်တန့်လိုက်၏။

သူ၏အပြုအမူကြောင့် ကုမ္ဘန်တုံးကလည်း ခြေလှမ်းရပ်တန့်လိုက်သည်။

'အစ်ကိုကြီး၊ ဘာဖြစ်လို့လဲ'

လုယံက သက်ပြင်းတစ်ချက် ချလိုက်၏။

'ခုချိန်ထိ ကျုပ်တို့ တည်းခိုစရာနေရာ တစ်ခုမှမတွေ့သေးပါလား'

ကုမ္ပန်တုံးက သူ၏စကားကြောင့် ငေးငိုင်သွားရသည်။
ထိုအချိန်....
မိုးခြိမ်းသံနှင့်အတူ လျှပ်စီးတစ်ချက် ဝင်းလက်သွားလေသည်။
ယင်းတဒင်္ဂ အချိန်အတွင်းမှာပင်....
'ဟာ....အစ်ကိုကြီး၊ ဟိုမှာကြည့်စမ်း'
ဟု ဝမ်းသာအားရ အော်ဟစ်လိုက်၏။
လုယံက သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ...
မိုးရေများအကြားမှ အိမ်တစ်လုံး၏သဏ္ဌာန်ကို သဲကွဲစွာတွေ့မြင်လိုက် သည်။
ကုမ္ပန်တုံးက ကျေနပ်စွာ ပြုံးလိုက်၏။
'ကျွန်တော်တို့ အဲဒီမှာ သွားတည်းကြရအောင်နော်'
လုယံက ခေါင်းညိတ်လိုက်သည်။
ထို့နောက်....
သူတို့နှစ်ယောက်သည် ထိုအိမ်ရှိရာသို့ ပြေးလွှားသွားကြလေတော့သည်။



တစ်ချက်တစ်ချက် ဝင်းလက်သွားသော လျှပ်စီး၏အလင်းရောင်အောက်တွင် ဟောင်းနွမ်းဆွေးမြေ့နေသောအိမ်အိုကြီးတစ်လုံးအား တွေ့မြင်လိုက်ရ၏။

အိမ်အိုကြီး၏ ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များဖြင့် ပြည့်နှက်နေသည်။

ထိုအိမ်အိုကြီး၏ ပုံသဏ္ဌာန်မှာ မိုးရေများ အကြားတွင် မကောင်းဆိုးဝါးတစ်ကောင်က ငြိမ်သက်စွာ ထိုင်နေသည်နှင့် တူလှပေသည်။

အိမ်ကြီးကို အကဲခတ်ပြီးနောက် ကုမ္ပန်တုံးက ပြောလိုက်သည်။

'အင်း....လူမရှိပေမယ့် အိမ်ကြီးက အတော်ကြီးပါလား'

လုယံက....

'ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဒီမှာတည်းကြမယ် မဟုတ်လား'

ကုမ္ပန်တုံးက မျက်မှောင်ကုတ်လိုက်ပြီး....

'ဒီအိမ်က "အကောင်းကြီးရှိသေးတာဗျ၊ ဘာဖြစ်လို့ လူမနေတာလဲ မသိဘူး'

ဟု သူ၏ယူဆချက်ကို ပြောလိုက်သည်။

လုယ ိက သူ့အားကြည့်ကာ ပြုံးလိုက်၏။

'မင်းက သရဲကို ယုံရဲ့လား'

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်သည်။

လုယ ိက သူ့အား မျက်မှောင်ကုတ်၍ ကြည့်ရင်း....

'မင်းက သရဲကိုယုံတယ် ဟုတ်လား'

ဟု မယုံကြည်နိုင်စွာဖြင့် ထပ်မံမေးလိုက်သည်။

ကုမ္ဘန်တုံးကလည်း ဒုတိယအကြိမ် ခေါင်းညိတ်ပြလိုက်လေသည်။

လုယ ိက အံ့သြသွားပြီး....

'မင်းက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ သရဲကို ယုံရတာလဲ'

ကုမ္ဘန်တုံးက....

'လူတွေက သရဲရှိတယ်လို့ပြောလို့ ကျွန်တော်က ယုံတာပါ'

လုယ ိက ခေါင်းခါယမ်းပြလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ကိုယ်က မမှန်တာမလုပ်ရင် ဘာမှကြောက်စရာမလိုပါဘူး'



ထိုအချိန်မှာပင်....

မိုးက ပို၍သည်းထန်စွာ ရွာသွန်းလာသဖြင့် ကုမ္ဘန်တုံးက လုယ ိအား ကြည့်ကာ....

'ကဲ....သရဲရှိရှိ မရှိရှိ ကျွန်တော်တို့ ဒီမှာအိပ်မယ်'

ဟု ပြောပြီး အိမ်ပျက်ကြီးထဲသို့ လှမ်းဝင်လိုက်သည်။

လုယ ိကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လှမ်းဝင်လိုက်လေသည်။

.... ....

အိမ်ကြီးမှာ အိုမင်းနေသည့်တိုင်အောင် ပျက်စီးယိုယွင်းမှု မဆိုစလောက်သာ ရှိလေသည်။

သို့သော်....

အိမ်အတွင်းရှိ အိမ်ထောင်ပရိဘောဂများမှာမူ ဟောင်းနွမ်း ကျိုးပဲ့နေသည်ကို အလင်းရောင်အောက်တွင် တွေ့မြင်နေရလေသည်။

အခန်း၏ ပြတင်းပေါက်တံခါးများမှာ လေဘဝှန်းဝှန်း တိုက်ခတ်နေသဖြင့် တကျွီကျွီမြည်ကာ ပိတ်ချည် ဖွင့်ချည် ဖြစ်နေသည်။

ရုတ်တရက်....

ရှေ့မှလှမ်းဝင်သွားနေသော ကုမ္ပန်တုံးက ထိတ်လန့်တုန် လှုပ်စွာဖြင့်....

'အား....'

ဟု အော်ဟစ်လိုက်၏။

ထိုအော်သံကြောင့် လုယ°က ရင်ထိတ်သွားမိသည်။

သူက ကုမ္ပန်တုံးအား လှည့်ကြည့်ရင်းမှ....

'ဘာဖြစ်လို့လဲ'

ဟု ကမန်းကတန်း မေးလိုက်၏။

ကုမ္ပန်တုံးက တုန်လှုပ်ချောက်ချားစွာဖြင့်....

'အ....အခန်းထဲမှာ အရိုးစုတစ်စု ရှိနေတယ်ဗျ'

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

လုယ°က ထိတ်လန့်သွားပြီး အခန်းတစ်ခုလုံးအား မျက်လုံး ဝေ့ကြည့်လိုက်မိသည်။



'ဂျိမ်း....'

ရုတ်တရက်....

မိုးခြိမ်းသံနှင့်အတူ လျှပ်စီးတစ်ချက် ဝင်းလက်သွားလေသည်။

ထို့နောက်....

မသဲမကွဲ အလင်းရောင်အောက်ရှိ အခန်းတစ်ခုလုံးတွင် အရိုးစုများမှာ ပြန့်ကြဲလျက်ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ကုမ္ပန်တုံးက အိမ်အနောက်ဘက်သို့ လျှောက်သွားလေသည်။

ထို့နောက်....

သူက အင်္ကျီအိတ်ထဲမှ မီးခြစ်ကိုထုတ်လိုက်ပြီး ခက်ခက်ခဲခဲ ခြစ်လိုက်ရာ မီးတောက်လာလေသည်။

အိမ်အနောက်ဘက်တွင်လည်း အရိုးစုများ ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

တစ်ဖန်....

သူက မီးဖိုချောင်ဘက်သို့ လျှောက်သွားပြန်၏။

မီးဖိုချောင်ဘက်၌လည်း အရိုးစုများရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကုမ္ဘန်တုံးက သက်ပြင်းတစ်ချက်ချကာ....

'အင်း....တစ်အိမ်သားလုံး အသတ်ခံရဘာနဲ့တူတယ်'

ဟု ရေရွတ်လိုက်၏။

ထိုအချိန်....

လုယံက ရောက်ရှိလာပြီး....

'ဟုတ်တယ်....ညီလေးပြောတာ ဖြစ်နိုင်တယ်ကွ၊ ဒီအိမ်က လူတွေ အသတ်ခံရတာကို ဘယ်သူကမှ သိပုံမရဘူးကွ'

ဟု ထောက်ခံ ပြောဆိုလိုက်၏။

ကုမ္ဘန်တုံးက မျက်မှောင်ကုတ်လိုက်၏။

'ဒီအိမ်ရှင်ဟာ သာမန်လူတော့ မဖြစ်နိုင်ဘူးဗျ'

'ဘာဖြစ်လို့လဲ'

'အစ်ကိုကြီး စဉ်းစားကြည့်လေ၊ ခြံဝန်းကြီးက ကျယ်ဝန်းသလောက် အိမ်ကြီးကလဲ အဆောင်ဆောင်တွေနဲ့ ခမ်းနားကျယ်ဝန်းလှတယ် မဟုတ်လား၊ ပြီးတော့ ပရိဘောဂတွေကလဲ ဈေးဟောင်း လက်ရာတွေချည်းပဲလေ'



လုယံက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ညီလေးပြောမှ စဉ်းစားမိတယ်၊ ဒီအိမ်ပိုင်ရှင်ဟာ မဟုတ်မှလွဲရော မင်းစိုးရာဇာထဲကဖြစ်ရင်ဖြစ် မဟုတ်ရင် သိုင်းလောကထဲက အမိပတိကြီး တစ်ယောက်ယောက်ပဲ ဖြစ်ရမယ်'

ကုမ္ဘန်တုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဖြစ်နိုင်တယ်ဗျ၊ ဘယ်လိုရန်သူကများ ဒီလောက် ရက်ရက်စက်စက် သတ်သွားပါလိမ့်နော်'

လုယံက အရိုးစုများအားကြည့်ရင်း ရင်ထဲ၌ အဘယ်ကြောင့်မှန်းမသိ ကြေကွဲဝမ်းနည်း လာမိလေသည်။

ကုမ္ဘန်တုံးက သူ့အား အကဲခတ်ကြည့်ရင်းမှ....

'အစ်ကိုကြီး....ဘာဖြစ် နေတာလဲ၊ သူရဲ ကြောက်နေလို့လား'

ဟု မေးလိုက်သည်။

လုယံက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'အင်း....ကြောက်သလိုပဲ'

ဟု ပြောလိုက်သည်။

ကုမ္မန်တုံးက သူ့အားကြည့်ကာ အားပါးတရ ရယ်မောလိုက်လေသည်။

'ဟဲ....ဟဲ....ဟဲ'

လုယာ°က သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်လေသည်။

ကုမ္မန်တုံးက ပြုံးလိုက်သည်။

'အရိုးစုဆိုတာ လူကိုဒုက္ခမပေးနိုင်ပါဘူး အစ်ကိုကြီးရယ်၊ မကြောက်ပါနဲ့'

ဟု ပြောလိုက်လေသည်။

အမှန်တွင်....

သူသည် ကယ်ပါအဖြစ် ကျင်လည် ကျက်စား ခဲ့သည်မှာ အတန်ကြာပြီ ဖြစ်၏။

ထို့ကြောင့်....

လောက အတွေ့အကြုံ များပြားစွာ ရှိနေ၏။

ယင်းအတွက်ကြောင့် တော်တန်ရုံ ကိစ္စများအား သူက အလွယ်တကူ ကြောက်ရွံ့ခြင်း မရှိပါချေ။



သူက ကုလားထိုင်တစ်လုံးကို ရိုက်ချိုးကာ မီးမွှေးနေလေသည်။

မကြာမီ....

မီးများ အရှိန်ပြင်းစွာ တောက်လောင် လာသည်။

မီးပုံမှ အလင်းရောင်ကြောင့် အခန်းတစ်ခုလုံးအား ထင်ရှားစွာ တွေ့မြင်လိုက်ရလေသည်။

ကုမ္မန်တုံးက မီးပုံဘေးသို့ ထိုင်ချလိုက်ပြီး....

အခန်းတစ်ခုလုံးသို့ မျက်လုံးဝေ့ကြည့်လိုက်၏။

သူ၏ မျက်လုံးအစုံက ရုတ်တရက် နံရံပေါ်သို့ရောက်ရှိသွားသောအခါ အလွန်အံ့သြသွားကာ ပါးစပ်ဟောင်းလောင်းဖြစ်သွားရလေသည်။

လုယာ°က မျက်မှောင်ကုတ်လိုက်၏။

သူက ကုမ္မန်တုံးကြည့်နေသော နေရာသို့ ကြည့်လိုက်သောအခါ နံရံပေါ်တွင် အနီရောင် လက်ဝါးရာတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

သူက မျက်မှောင်ကုတ်၍ ကုမ္မန်တုံးအား ကြည့်လိုက်လေသည်။

ကိုမွန်တုံးက အနီရောင်လက်ဝါးရာအား လက်ညှိုးညွှန်ပြလိုက်ပြီး....

'သွေး....သွေးလက်ဝါး'

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

လုယံ၏ မျက်ခုံးနှစ်ဘက် ပင့်တက်သွားလေသည်။

'သွေးလက်ဝါး....ဟုတ်လား'

ကိုမွန်တုံးက ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ပါတယ်'

လုယံက နားမလည်နိုင်စွာဖြင့်....

'သွေးလက်ဝါးဆိုတာ ဘာလဲ'
ဟု မေးလိုက်ပြန်သည်။

ကိုမွန်တုံးက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'သွေးလက်ဝါးဆိုတာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် လောက်တုန်းက လူတစ်ယောက်ရဲ့ အမှတ်အသားပါ'

သူ၏စကားကြောင့် လုယံက ပို၍ စိတ်ဝင်စား လာလေသည်။

'ပြောပါဦး'



ကိုမွန်တုံး၏ မျက်နှာမှာ ထည်ကြည် လေးနက် လာလေသည်။

'ကျွန်တော်....ကြားဖူးသလောက် ပြောရရင် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်တုန်းက သွေးလက်ဝါးဆိုတဲ့ လူတစ်ယောက်ရှိတယ်ဗျ'

သူက ခေတ္တရပ် နားပြီးမှ....

'သွေးလက်ဝါးဆိုတဲ့လူဟာ အတော်ကို ရက်စက်တယ်တဲ့၊ သူဟာ လူတစ်ယောက်ကိုသတ်ပြီးရင် အနီရောင်လက်ဝါးရာ တစ်ခု ပြုလုပ်ခဲ့တယ်ဆိုပဲ'

လုယံက....

'အခု....သူရှိသေးသလား ဟင်'

အမှန်တွင် သူက နံရံပေါ်တွင် သွေးလက်ဝါးရာတွေ့မြင်မိသဖြင့် သွေးလက်ဝါးဆိုသော သိုင်းပညာအား ဤနေရာအနီးတစ်ဝိုက်တွင် ရှိလိမ့်မည်ဟု ထင်မှတ်ကာ မေးလိုက်မိခြင်း ဖြစ်လေသည်။

ကိုမွန်တုံးက ခေါင်းခါယမ်းလိုက်၏။

'သူ သေသလား ရှင်သလားဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူးဗျ၊ အခု သူက သိုင်းလောကထဲအ ပျောက်ခြင်း မလှ ပျောက်ဆုံးသွားတယ်လို့ သိရတယ်'

လုယ°က ဘဝင်မကျ ဖြစ်သွားလေသည်။

'ဒါနဲ့....သူဒီလောက် ဆိုးသွမ်း နေတာကို ဘယ်သူကမှ မနှိမ်နင်းကြဘူးလား'

ကိုမွန်တုံးက သက်ပြင်းတစ်ချက် ချလိုက်၏။

'နှိမ်နင်းကြတာပေါ့ဗျာ၊ သွေးလက်ဝါးဟာ ရက်စက်လွန်းလို့ အဖြူရောင်သိုင်းသမားတွေကော၊ အမည်းရောင် သိုင်းသမားတွေကပါ ကြောက်ရွံ့လာကြတယ်လေ၊ ဒါကြောင့် အဖြူရောင်သိုင်းသမားနဲ့ အမည်းရောင် သိုင်းသမားတွေဟာ လက်တွဲပြီး စုပေါင်းတိုက်ခိုက်ခဲ့ကြတယ်'

သူကစကားကို ခေတ္တရပ်နားကာ မီးပုံထဲသို့ သစ်သားတစ်ချောင်းထည့်လိုက်သည်။

လုယ°က စိတ်ဝင်စားလွန်းသဖြင့် မနေနိုင်တော့ဘဲ....

'ဆက်ပြောပါဦး....ညီလေး'

ကိုမွန်တုံးက....

'သူတို့က ဝိုင်းပြီး တိုက်ခိုက်ပေမယ့် မအောင်မြင်ခဲ့ကြပါဘူး'

လုယ°က အလွန်အံ့ဩသွားလေသည်။

'ဒါဆိုရင်....သွေးလက်ဝါးရဲ့ သိုင်းပညာဟာ အတော်ကို ထက်မြက်နေမှာပဲနော်'



ကိုမွန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....သူတို့ဝိုင်းပြီး တိုက်ခိုက်တာတောင်မှ မနိုင်ကြဘူး'

လုယ°က သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း....ငါ့ညီက အတော်ကို ဗဟုသုတ ပြည့်စုံတာပဲကိုး'

ဟု ချီးမွမ်းလိုက်သည်။

ကိုမွန်တုံးက ပြုံးလိုက်သည်။

'ဒါကတော့ ကယ်ပါလုပ်ရတဲ့ အကျိုးတွေပေါ့ဗျာ'

လုယ°က စကားမပြောတော့ပေ။

ကိုမွန်တုံးက သွေးလက်ဝါးရာအားကြည့်ကာစကားဆက်လိုက်သည်။

'ဒီအိမ်က လူတွေကို သတ်တာဟာ သွေးလက်ဝါးပဲ ဖြစ်ရမယ်'

ဟု မှတ်ချက်ချလိုက်လေသည်။

လုယ°က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....ဒါနဲ့ ကျုပ်တို့ ဒီည ဘယ်မှာ အိပ်ကြမှာလဲ'

ကုမ္ပဏီတိုက်က ခန္ဓာကိုယ်ပေါ်တွင် မိုးရေများ စိုရွှဲနေသော အဝတ်အစားများကို ငုံ့ကြည့်လိုက်၏။

သူတို့၏ အဝတ်အစား များမှာ မီးပုံမှ အပူရှိန်ကြောင့် ခြောက်သွေ့စ ပြုလာပြီ ဖြစ်၏။

သူက ပြုံးလိုက်ပြီး....

'အင်္ကျီတွေလဲ ခြောက်အောင်၊ နွေးနွေးထွေးထွေးလဲ ရှိအောင် မီးပုံဘေးမှာပဲ အိပ်ကြတာပေါ့'

သူက ပြောပြီးသည်နှင့် မီးပုံဘေးတွင် လှဲလျောင်း အိပ်ချလိုက်လေသည်။

လုယာ့က မီးပုံဘေးသို့ တစ်ချက် ဝေ့ကြည့်လိုက် လေသည်။

ထိုနေရာတစ်ဝိုက်တွင် ဖုန်များ၊ သဲများဖြင့် ညစ်ပေကျံနေခြင်းကို တွေ့မြင်လိုက်ရသည်။

ယင်းမြင်ကွင်းအား ကြည့်ကာ လုယာ့က စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

သူက ဤကဲ့သို့သောနေရာမျိုးတွင် အိပ်ရန် မဝံ့ဘဲရှိနေလေသည်။



သူ၏မျက်လုံးများက ကုမ္ပဏီတိုက်ထံသို့ ရောက်ရှိသွားလေသည်။

ကုမ္ပဏီတိုက်ထံမှ အသက်ရှူသံပြင်းပြင်း ထွက်လာနေသောကြောင့် အိပ်မောကျသွားပြီဖြစ်ကြောင်း သူက နားလည်လိုက်လေတော့သည်။

.......

မိုးတိတ်သွားပြီဖြစ်သည်။

လေသည်လည်း တိုက်ခတ်ခြင်း မရှိတော့ပါချေ။

ကောင်းကင်တစ်ခုလုံးတွင် တိမ်လိပ်တိမ်တိုက်များကင်းစင်သွားပြီး လဝန်းထွက်ပေါ်လာလေသည်။

လုယာ့က သက်ပြင်းတစ်ချက် ချလိုက်၏။

အမှန်စင်စစ် ယခုချိန်ထိ သူသည် မအိပ်နိုင်သေးပါချေ။

မီးပုံဘေးတွင် ငြိမ်သက်စွာထိုင်ရင်း ရောက်တတ်ရာရာ စဉ်းစားနေသည်။

ကုမ္ပဏီတုံးမှာမူ အိပ်မောကျနေပြီဖြစ်သည်။

ညဥ့်နက်လာသည်နှင့်အမျှ လုယဝ်ီက ငိုက်မျဉ်းလာ၏။

ထို့ကြောင့်....

သူက မဘတ်သာတော့ဘဲ မီးပုံဘေး၌အိပ်စက်ရန် ဟန်ပြင်လိုက်သည်။

ယင်းအချိန်မှာပင်....

အခန်းဝ၌ လူရိပ်တစ်ခုအား ရုတ်တရက် တွေ့မြင်လိုက်ရလေသည်။

မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ငိုက်မျဉ်းနေသော သူ၏မျက်လုံးများ ပြူးကျယ်သွား၏။

သူက မျက်လုံးအစုံကိုမှိတ်သပ်ကာ ထပ်မံကြည့်လိုက်သည်။

အမှန်တွင် သူသည် မိမိမျက်လုံးအကြည့်မှားနေသလောဟု ယူဆကာ ထပ်မံစိုက်ကြည့်လိုက်ခြင်း ဖြစ်သည်။

သို့သော်....

အခန်းဝတွင် လှုပ်ရှားသွားသော လူရိပ်တစ်ခုကို ထပ်မံတွေ့မြင်လိုက်ရပြန်လေသည်။

လုယဝ်ီက ရင်ထိတ်သွားပြီး လှမ်း၍မေးလိုက်၏။

'ဘယ်သူလဲ'



သူ၏အသံမှာ တိတ်ဆိတ်နေသော ညဥ့်အချိန်ဖြစ်သောကြောင့် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင်....

သူက ထိုင်ရာမှထလိုက်ပြီး ဝန်းကျင်သို့ အကဲခတ်ကြည့်လိုက်၏။

သို့သော်....

လူရိပ်က ပျောက်ချင်းမလှ ပျောက်ဆုံးသွားသည်ကို တွေ့မြင်လိုက်ရသည်။

ထိုအချိန်မှာပင်....

ကုမ္ပဏီတုံးက နိုးလာပြီး လှမ်းမေးလိုက်၏။

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

လုယဝ်ီက....

'လူရိပ်တစ်ခု တွေ့လိုက်တယ်'

သူ၏စကားကြောင့် ကုမ္ပဏီတုံးက အိပ်ရာမှထလိုက်သည်။

'ဟင်....ဘယ်မှာလဲ'

လုယဝ်ီက အခန်းဝသို့ စိုက်ကြည့်ရင်း....

'စောစောကတော့ အခန်းဝမှာ တွေ့လိုက်တာပါပဲ၊ အခု တော့ ပျောက်သွားပြီ'

ကုမ္ဘန်တုံးက မျက်မှောင်ကုတ်လိုက်၏။

'အစ်ကိုကြီး အကြည့်မှားသလား'

လုယ°က ခေါင်းခါယမ်းပြလိုက်သည်။

'မဟုတ်ပါဘူး၊ အစ်ကိုကြီးက နှစ်ကြိမ်တိတိ တွေ့ခဲ့ရတာ ပါ'

ဟုပြောလိုက်၏။

ကုမ္ဘန်တုံးက ပို၍ မျက်မှောင်ကုတ်လိုက်သည်။

'သရဲများလား'

သူ၏စကားကြောင့် လုယ°ကဲ ကျောချမ်းသွားမိသည်။

ထိုအချိန်....

ကုမ္ဘန်တုံးက စကားဆက်လိုက်၏။

'သရဲဆိုရင်တော့ ကိစ္စမရှိပါဘူး၊ သူက ကျွန်တော်တို့ကို နှောင့်ယှက်မှာမဟုတ်ဘူး'

ဟု လုယ° စိတ်သက်သာစေရန် နောက်ပြောင် ပြောဆို လိုက်သည်။

သူက ပြောရင်း အသံကျယ်လောင်စွာဖြင့်....



'သရဲကြီးရယ်၊ ကျွန်တော်တို့ ခေတ္တလာတည်းတာပါ၊ မနှောင့်ယှက်ပါနဲ့'

ဟုပြောလိုက်၏။

လုယိက ကြောင်အမ်းအမ်း ဖြစ်သွားကာ ကုမ္ဘန်တုံးအား ကြည့်လိုက်သည်။

'ညီလေး၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ'

ကုမ္ဘန်တုံးက စပ်ဖြဲဖြဲဖြင့်....

'သရဲကို ရှင်းပြနေတာလေ'

ဟုပြောလိုက်၏။

လုယိက မရယ်ဘဲ မနေနိုင်တော့ပါချေ။

'ဟား....ဟား....ဟား....သရဲက မင်းစကားနားလည်မယ်လို့ ထင်သလား'

ကုမ္ဘန်တုံးက ပြုံးစိစိဖြင့် ပါးစပ်ပိတ်ထားလိုက်သည်။

ယင်းအချိန်မှာပင်....

'ခစ်....ခစ်....ခစ်'

ရုတ်တရက်....

ရယ်မောသံတစ်ခု ထွက်ပေါ်လာ၏။

ထိုအသံ ကြားလိုက်ရသောအခါ လုယ°၏မျက်လုံးများ ပြူးကျယ်သွားသည်။

တစ်ဆက်တည်းမှာပင်....

ကြက်သီးတဖြန်းဖြန်း ထလာမိ၏။

ကုမွန်တုံးက ဖျတ်ခနဲ ထခုန်လိုက်သည်။

ရှုတ်တရက် သူက အသံကျယ်လောင်စွာဖြင့်....

'သရဲဗျို့....သရဲ'

ဟုအော်ဟစ်ရင်းမှ ရယ်မောသံထွက်ပေါ်လာသောအခန်းထောင့်သို့ လျှပ်တစ်ပြက် ပြေးလွှားသွားလေသည်။

လုယံက မနေနိုင်တော့ဘဲ နောက်မှလိုက်သွား၏။

အခန်းထောင့်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

ကုမွန်တုံးက ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခပ်တည်တည်ဖြင့်....

'ဒီမှာ ကျွန်တော်က ကယ်ပါဖြစ်နေတာ ကြာပြီ၊ သရဲမတွေ့ဖူးသေးဘူး၊ ဒါကြောင့် တွေ့ချင်လို့ သရဲဆိုရင်ထွက်ပြစမ်းပါ'

ဟု အသံ ကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်လေတော့သည်။

....○....



ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာပြီဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ချောက်ချားစရာကောင်းအောင် တိတ်ဆိတ်ခြင်း၏ ဖိစီးမှုအောက်တွင် လုယံမှာ ကြောက်ရွံ့တုန်လှုပ်နေမိသည်။

ကုမွန်တုံးက အတန်ကြာအောင်ငြိမ်နေပြီးမှ ပတ်ဝန်းကျင်တစ်ခုလုံးသို့ မျက်လုံးဝေ့ကြည့်ရင်း....

'ကဲ....သရဲက ထွက်မလာရဲဘူးဆိုရင်လဲ ကျုပ်တို့ကိုအိပ်ရေးပျက်အောင်တော့ လာမနှောင့်ယှက်ပါနဲ့'

ဟု ပြောလိုက်၏။

ထိုအချိန်မှာပင်....

'အင်း....'

ဟူသော သက်ပြင်းချသံတစ်ခုက ရှည်လျားစွာ ထွက်ပေါ်လာသည်။

ကုမွန်တုံးက သက်ပြင်းချသံ ထွက်ပေါ်လာရာသို့ ပြေးလွှားသွားပြန်ရာ လုယံကသည်း လိုက်ပါသွားရပြန်သည်။

သို့သော်....

ဤတစ်ကြိမ်လည်း မည်သည့်အရိပ်အယောင်မျှပင်မတွေ့ရပါချေ။

လုယံက ဤအိမ်ကြီးအတွင်း၌ ဆက်၍မနေလိုတော့ပါချေ။

ထို့ကြောင့်....

သူက ကုမ္ဘန်တုံးအားကြည့်၍ အဖော်ညှိလိုက်သည်။

‘ကျုပ်တို့ ဒီကထွက်သွားဘာ ကောင်းလိမ့်မယ်ထင်တယ်’

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်၏။

‘ကျွန်တော်တော့ မကျေနပ်သေးဘူး၊ သရဲကို ကြည့်ချင်သေးတယ်’

သူ၏စကားဆုံးသည်နှင့် ရုတ်တရက် အသံတစ်ခုထွက်ပေါ်လာလေသည်။

‘ဟေ့....မင်းက မကျေနပ်ရအောင် ဘယ်သူက ဘယ်သူ့ကို နှောင့်ယှက်တာလဲဆိုတာ စဉ်းစားပါဦး’

လုယံက ယင်းအသံကို ကြားလိုက်သည်နှင့် အခန်းတစ်ခုလုံးရှိ လေထုများပင် အေးစိမ့်သွားသည်ဟု ထင်မှတ်မိလိုက်လေသည်။



သူက ကုမ္ဘန်တုံးအား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ကုမ္ဘန်တုံးက အသံလာရာသို့ မျက်လုံးဝေ့ကြည့်ရင်း....

‘မင်းက နှောင့်ယှက်တာလေ’

ဟု ဘင်းမာသောလေသံဖြင့် ပြန်ပြောလိုက်၏။

သူ၏စကား ဆုံးသွားသောအခါ အခန်းပထောင့်ရှိ အရိုးစု တစ်ခု ရုတ်တရက် မတ်တတ်ရပ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လုယံက ထိုမြင်ကွင်းကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင်ဖြစ်လာပြီး ခေါင်းမှာလည်း နှစ်ဆခန့်ကြီးသွားသည်ဟု ထင်မှတ်လိုက်မိသည်။

ကုမ္ဘန်တုံးကမူ ကြောက်ရွံ့တုန်လှုပ်ထိတ်လန့်ခြင်းအလျှင်းမရှိ။

အရိုးစုအနီးသို့ ပြေးလွှားသွားကာ လက်ဝါးနှစ်ဘက်ဖြင့် အားကုန်ရိုက်ချလိုက်သည်။

ယင်းတဒင်္ဂအချိန်အတွင်း၌ပင်....

မတ်တတ်ရပ်လာသည့် အရိုးစုက ပြန်လည်သဲကျသွားပြီး အရိုးစုနောက်မှ လူတစ်ယောက်ပြေးလွှားလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကုမ္မန်တုံးက သဘောကျစွာ ပြုံးလိုက်၏။

'လူက သရဲမကြောက်ဘူးဗျ၊ သရဲက လူကိုသိပ်ကြောက်နေပါလား'

ဟု ပြောပြီး အားပါးတရ ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံဆုံးသွားသည်နှင့် အဝေးဆီမှ ရယ်မောသံတစ်ခု ထွက်ပေါ်လာသည်။

'ဟုတ်တယ်၊ သရဲက လူကိုကြောက်တတ်တယ်၊ ဒါကြောင့် ထွက်ပြေးသွားတာပေါ့'

ကုမ္မန်တုံးက ဒေါသခြောင်းခြောင်း ထွက်လာ၏။

သူက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဟေ့....သရဲ၊ မင်း သတ္တိရှိရင် ထွက်ခဲ့စမ်း'

ဟု အော်ဟစ်လိုက်၏။

သို့သော်....

အခန်းတစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားပြီး မည်သည့်အသံမှ ထွက်ပေါ်လာခြင်း မရှိတော့ပါချေ။

လုယာ်က ကုမ္မန်တုံးအနီးသို့ တိုးကပ်သွားကာ...



'ညီလေး၊ ဒါ လူလား၊ သရဲလား'

ဟု တိုးတိုးမေးလိုက်၏။

ကုမ္မန်တုံးက မဲ့ပြုံးပြုံးကာ....

'သူက သရဲပုံသဏ္ဌာန် လုပ်ရှားနေတဲ့လူလေ'

ဟု ပြောလိုက်၏။

လုယာ်က မျက်မှောင်ကုတ်လိုက်သည်။

'ဒါနဲ့ သူ့ကို ညီလေးသိလာလား'

ကမ္မန်တုံးက သူ၏အမေးကိုမဖြေဘဲ စကားလမ်းကြောင်း ပြောင်းလွှဲလိုက်လေသည်။

'အစ်ကိုကြီး၊ ကျွန်တော်တို့ သွားကြစို့'

လုယာ်က နားမလည်နိုင်စွာ ကြည့်လိုက်၏။

'ဘာဖြစ်လို့လဲ'

ကုမ္မန်တုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

'သူက ထွက်မလာဘဲ အိပ်ရေးပျက်ပါတယ်'

လုယာ်က အံ့ဩသွားလေသည်။

ကုမ္မန်တုံးမှာ ဇွတ်တရွတ်နိုင်လှသော လူရွယ်တစ်ယောက်ဖြစ်သည်ဟု သူကသိရှိသွားပြီးဖြစ်သည်။

ထို့ပြင်....

ကုမ္ဒန်တုံးက ထွက်သွားလိုသည်မှာ အကြောင်း တစ်ခုခု ရှိရမည်ဟု နားလည်လိုက်သဖြင့်....

'ညီလေးက သူ့ကိုသိနေလို့လား'
ဟု မေးလိုက်လေသည်။

ကုမ္ဒန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူး'

လုယံက ကုမ္ဒန်တုံး၏မျက်နှာအား စေ့စေ့ကြည့်လိုက်သည်။

'ညီလေးကို ကြည့်ရတာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားပုံပဲ....'

ကုမ္ဒန်တုံးက ရယ်မောလိုက်သည်။

သူက အတန်ကြာရယ်မောပြီးမှ လုယံအား ပြုံးပြလိုက်လေသည်။

'အစ်ကိုကြီး အထင်လွဲနေတာပါ၊ ကဲ....ကျွန်တော်တို့ သွားကြပါစို့'

သူက ယင်းသို့ ပြောပြီးသည်နှင့် အိမ်ဝင်းအတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လိုက်၏။



လုယံမှာ ကုမ္ဒန်တုံး ထွက်ခွာသွားသောကြောင့် မနေနိုင်တော့ဘဲ နောက်မှ ထပ်ချပ်မကွာ လိုက်ပါသွားလေတော့သည်။

.... .....

ကုမ္ဒန်တုံးနှင့် လုယံတို့နှစ်ယောက်သည်အိမ်ကြီးအတွင်းမှ ထွက်ခွာခဲ့ကြပြီး ဖြစ်သည်။

ယခု....

သူတို့ရောက်နေသော နေရာမှာ အိမ်ကြီးနှင့် အတန်ဝေးဝေးသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

သူတို့နှစ်ယောက် အတန်ကြာအောင် ဆက်လျှောက်လာမိလိုက်သည်နှင့် အရှေ့ဘက်၌ ရောင်နီသန်းလာခြင်းကို တွေ့မြင်လိုက်ရလေသည်။

မကြာမီ....

မိုးစင်စင်လင်းတော့မည် ဖြစ်သည်။

သူတို့နှစ်ယောက် ရောက်ရှိနေသောနေရာမှာ တောလမ်းကလေးဖြစ်သောကြောင့် သစ်ပင်များထက်၌ အိပ်ပျော်နေကြသည့် ငှက်ကလေးများမှာ နိုးထလာပြီ ဖြစ်သည်။

အရှက်ဦး၏အလင်းရောင်နှင့်အတူ ကျေးငှက်ကလေးများ၏ တေးသီချင်း သီဆိုသံကလေးများကြောင့် ဝန်းကျင်တစ်ခုလုံး သာယာလှပလှန်းလှသည်ဟု လုယံက ခံစားလိုက်ရလေတော့သည်။

.... ....

ယခု....

မိုးစင်စင်လင်းလာပြီ ဖြစ်သည်။

တစ်ညလုံးခရီးဆက်ခဲ့ကြသော်လည်း လုယံနှင့်ကုမ္ဘန်တုံတို့က ရပ်နားခြင်း မပြုခဲ့သေးပါချေ။

သူကိုသည် ရှေ့သို့သာ ဆက်လျှောက်နေကြ၏။



အတန်ကြာ လျှောက်လာမိသောအခါ လုယံက မနေနိုင်တော့သဖြင့် ကုမ္ဘန်တုံးအား လှမ်းမေးလိုက်၏။

'ညီလေး....ကျုပ်တို့က အခုဘယ်သွားကြမှာလဲ'

သူက ယင်းသို့ မေးလိုက်သော်လည်း ကုမ္ဘန်တုံးက လှည့်၍ပင် မကြည့်ပါချေ။

သို့သော်....

သူ၏နှုတ်မှ....

'တာမြတ်စင်း ဘောဗ်'

ဟု ပြန်ဖြေလိုက်လေသည်။

လုယံက မျက်မှောင်ကြုတ်လိုက်၏။

'ဘာလုပ်မလို့လဲ'

ကုမ္ဘန်တုံးက....

'အစ်ကိုကြီးကို ပစ္စည်းတစ်ခု ကြည့်ခိုင်းမလို့ပ'

လုယံက ...

'ဘာပစ္စည်းများလဲ'

ကုမ္ဘန်တုံးက ပြုံးလိုက်သည်။

'စံအိမ်တစ်လုံး'

ဟု တစ်ခွန်းချင်း ပြောလိုက်၏။

သူ၏စကားကြောင့် လုယံက အံ့ဩသွားလေသည်။

'စံအိမ်....ဟုတ်လား'

သူက မယုံကြည်နိုင်စွာ မေးလိုက်၏။

ကုမ္မန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့်....ရိုးရိုးစံအိမ် မဟုတ်ပါဘူး။ အလွန်ထူးဆန်းတဲ့ စံအိမ်ပါပဲ'

လုယံက စိတ်ဝင်စားလာသည်။

'ဘယ်လိုထူးဆန်းလို့လဲ'

ကုမ္မန်တုံးက....

'အဲဒီစံအိမ်ကို သိုင်းသမား အတော်များများပဲ လာကြတယ်၊ သူတို့က စံအိမ်အနီးကိုပဲ ရောက်အောင် သွားနိုင်ကြပြီး စံအိမ်ထဲကို ဝင်ဖို့ကြိုးစားပေမယ့် ဘယ်သူမှ မဝင်နိုင်ကြဘူးလေ....'

ဟု ပြောလိုက်သည်။

လုယံက သူ၏စကားကို နားမလည်နိုင်ဘဲ ရှိနေလေသည်။ သူက မျက်မှောင်ကုတ်လိုက်ပြီး....

'နေပါဦး....သူတို့က ဘာဖြစ်လို့ အဲ့ဒီစံအိမ်ကို လာကြတာလဲ'

ဟု မေးလိုက်လေသည်။



ကုမ္မန်တုံးက သက်ပြင်းဟက်ချက် ချလိုက်၏။

'အဲဒီ စံအိမ်မှာ ဓားတစ်လက်နဲ့ အလွန်ထက်မြက်တဲ့ ပဒေသာသိုင်းကျမ်း စာအုပ်ကို ထည့်ထားတဲ့ သေတ္တာတစ်လုံး ရှိတယ်တဲ့'

လုယံက ခေါင်းညိတ်လိုက်ပြီး....

'ကျုပ်နားလည်ပြီ၊ သိုင်းသမားတွေက အဲဒီပစ္စည်းတွေကို လိုချင်လို့ စံအိမ်ကိုလာကြတယ်ပေါ့ ဟုတ်လား'

ကုမ္မန်တုံးက ပြုံးလိုက်သည်။

'အစ်ကိုကြီး ဉာဏ်ကောင်းလာပြီ'

လုယံက မျက်မှောင်ကုတ်လိုက်၏။

'ဒါနဲ့....စံအိမ်မှာ ဒီပစ္စည်းတွေရှိတယ်ဆိုတာအမှန်ပဲလား'

'အဲဒီစံအိမ်ထဲမှာ ပစ္စည်းတွေရှိတာ မဟုတ်ပါဘူး'

'ဒါဖြင့်... ဘယ်မှာလဲ'

'စံအိမ်ထိပ်ဖျားမှာ ချိတ်ထားတာတဲ့'

'တားပါဦးတော့လေ၊ ဒါနဲ့ ညီလေးက ဘာဖြစ်လို့ အဲဒီ စံအိမ်ကို သွားချင်ရတာလဲ'

ကုမ္မန်တုံးက ပြုံးလိုက်သည်။

'ကျွန်တော်က သိုင်းသမားတွေဟာ ဘာဖြစ်လို့ စံအိမ်ထဲကို ဝင်လို့မရဘူးဆိုတာရယ်၊ စံအိမ်ဖျားမှာ ချိတ်ထားတဲ့ ဓားနဲ့ ကျောက်စိမ်း သေတ္တာကို ကြည့်ချင်တာရယ်ကြောင့်

စံအိမ်ကို သွားချင်တာပါ၊ ဒါနဲ့ အစ်ကိုကြီးကော လိုက်မလား'

လုယ° တွေဝေသွားသည်။

သူသည် ကုမ္ပနီတုံးခေါ်ဆောင်ရာသို့ လိုက်သင့်မလိုက်သင့် စဉ်းစားလိုက်၏။

အကယ်၍ သူမလိုက်ပါလျှင် ကုမ္ပနီတုံးက သူ့အား စိတ်ဆိုးသွားနိုင်သည်ဟု တွက်ဆမိရာ....

'လိုက်မှာပေါ့'

ဟု ပြောလိုက်၏။

ထို့နောက်....

သူတို့နှစ်ယောက်သည် တာမြတ်စနိုးတောင်သို့ ခရီးဆက်ခဲ့ကြလေတော့သည်။

....င....

## လျှို့ဝှက်စံအိမ်

ဤနေရာသည် တောင်တန်းများဝိုင်းရံထားသော တောင်ထိပ် ချောက်ကမ်းပါးတစ်ခုဖြစ်၏။

သို့သော်....

ရေကန်အတွင်း၌ ရေများမရှိပါချေ။

ရေကန်ဟောင်းတစ်ခုပင် ဖြစ်၏။

ရေကန်ဟောင်းတွင်း၌ ရေများခမ်းခြောက်နေပြီဖြစ်သော်လည်း ကန်လယ်ရှိ ငှေစပ်စပ်ရှိသည့်နေရာတွင် အဆင့်ခုနစ်ဆင့်ရှိသည့် အိမ်တစ်လုံးရှိလေသည်။

စံအိမ်၏ အပေါ်ဆုံးထပ်တွင် ခေါင်းတစ်လက်နှင့် ကျောက်စိမ်းသေတ္တာတစ်လုံး ချိတ်ဆွဲထားသည်။

စံအိမ်၏ အောက်ဆုံးအဆင့်ရှိတံခါးမှာမူ ဖွင့်ဟထား၏။ ကျောက်တံတားတစ်ခုက ရေကန်ဘောင်မှနေ၍ စံအိမ်တံခါးဆီသို့ ဆက်သွယ်ထားသည်။

စံအိမ်မှာ တောင်ထိပ်ရှိရေကန်တွင် တည်ဆောက်ထားသောကြောင့် ဝန်းကျင်မှာ အလွန်လှပသာယာနေသည်။

ဤစံအိမ်သည် သိုင်းလောကတစ်ခုလုံးအား ဂယက်ရိုက်စေခဲ့သော လျှို့ဝှက်စံအိမ်တစ်လုံး ဖြစ်လေသည်။

ယခုအခါတွင်မူ....

ကုမ္မန်တုံးနှင့် လုယ်ဂိုတို့သည် ယင်းစံအိမ်အနီးသို့ ရောက်ရှိလာကြပြီဖြစ်သည်။

သူတို့သည် လျှို့ဝှက်စံအိမ်နှင့် မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်ရင်း လျှို့ဝှက်စံအိမ်ကို အကဲခတ်ကြည့်ရှုလိုက်လေသည်။

ထိုစဉ်မှာပင်....

လူတချို့က လျှို့ဝှက်စံအိမ်ဆီသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ရလေသည်။



ကုမ္မန်တုံးက ထိုလူစုကို တွေ့လိုက်သည်နှင့် ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက်....

ကျောက်တုံးကြီးနောက်ကွယ်တွင် ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။

ကုမ္မန်တုံးက အသံတိုးတိုးဖြင့် လုယ်ဂိုအနီးသို့ တိုးကပ်ကာ....

'ကြည့်နေ၊ ပွဲကြီးပွဲကောင်း တွေ့ရလိမ့်မယ်'

ဟု ပြောလိုက်၏။

လုယ်ဂိုက ခေါင်းညိတ်ပြလိုက်ပြီး လျှို့ဝှက်စံအိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအချိန်တွင် စံအိမ်ရှေ့သို့ ရောက်ရှိလာကြသော လူစုသည် တစ်ယောက်တစ်ခွန်း စကားပြောဆိုနေသည်ကို ကြားလိုက်ရ၏။

ယင်းနောက်....

စကားပြောသံများ လုံးဝတိတ်ဆိတ်သွားသဖြင့် ကုမ္မန်တုံးနှင့် လုယ်ဂိုတို့က ကျောက်တုံးကြီးနောက်ကွယ်မှ ချောင်းကြည့်လိုက်ရာ....

ရောက်ရှိလာသော လူစုထဲမှ လူတစ်ယောက်က ကျောက်တံတားပေါ်မှတစ်ဆင့် လျှို့ဝှက်စံအိမ်ဆီသို့ သွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူ၏လက်ထဲတွင် ခေါးတစ်လက် ကိုင်ဆောင်ထားကာ လျှို့ဝှက်စံအိမ်ဆီသို့ ဦးတည်သွားနေ၏။

တဖြည်းဖြည်းနှင့် ထိုလူသည် ကျောက်တံတားအဆုံးသို့ ရောက်ရှိကာနီးတွင် ရုတ်တရက် သူ၏ခန္ဓာကိုယ်အား တစ်စုံတစ်ယောက်က တွန်းချလိုက်သည့်အလား ရေကန်ထဲသို့ထိုးကျသွားလေသည်။

ဝုန်း....

ရေကန်ထဲတွင် ရေအနည်းငယ်သာရှိသောကြောင့် လူမှာ နစ်မြုပ်သွားခြင်းမရှိပါချေ။

သို့သော်...

ထိုလူသည် လှုပ်ရှားနိုင်ခြင်းမရှိဘဲ လုံးဝ ငြိမ်သက်သွားလေတော့သည်။

သူ၏ပါးစပ်ထဲမှ သွေးအနည်းငယ်ထွက်မှုကြောင့် ရေကန်အတွင်းရှိရေများ နီရဲသွားလေသည်။

ထိုလူ၏အဖြစ်အပျက်ကိုကြည့်နေသူများမှာ အထိတ်တလန့် အော်ဟစ်လိုက်ကြသည်။

မကြာမီ....

အော်ဟစ်သံများ တိတ်ဆိတ်သွားပြီး လူလေးယောက်က ကျောက်တံတားပေါ်သို့ တက်ရောက်သွားကြပြန်သည်။



ထိုအခါ....

ကြည့်နေသူများ၏ အသံများလည်း ဆူညံစွာ ထွက်ပေါ်လာပြန်လေသည်။

ကုမ္ပနီတူ်းနှင့် လုယဉ်တို့က ရင်ထိတ်သွားကြ၏။

သူတို့သည် ထိုလူလေးယောက် ကျောက်တံတားမှတစ်ဆင့် စံအိမ်ဆီသို့ သွားနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေကြလေသည်။

ယင်းအချိန်....

ဆူညံစွာ အော်ဟစ်အားပေးသံများ ထွက်ပေါ်လာ၏။

အကြောင်းမှာ....

ဒုတိယအကြိမ် ကျောက်တံတားပေါ်သို့ တက်ရောက်သွားကြသော လူလေးယောက်မှာ ကျောက်တံတားအနီးသို့ ရောက်လုနီးပါး ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

ယင်းသို့ အော်ဟစ်အားပေးနေချိန်မှာပင် တံတားပေါ်သို့ တက်ရောက်သွားကြသောလူလေးယောက်က တံတားဆုံးသွားသည်နှင့် တစ်ပြိုင်နက်....

'ယား....'

လှိုင်စာပေ

သူတို့လေးယောက်က ဩသံပေးများပေးလိုက်ပြီး စံအိမ်အတွင်းသို့ ပြေးဝင်သွားကြလေသည်။

ယင်းတစက်အချိန်လေးမှာပင်....

'ဝုန်း....ဝုန်း... ဝုန်း....ဝုန်း'

ဟူသောအသံများနှင့်အတူ စံအိမ်အတွင်းမှလူလေးယောက်၏ ခန္ဓာကိုယ်များမှာ ပထဝလှူများနည်းတူ လွင့်စဥ်သွားပြီး ရေကန်အတွင်းသို့ ကျရောက်သွားလေသည်။

ဤတစ်ကြိမ်....

ရေကန်အတွင်းရှိ ရေအနည်းငယ်မှာ လုံ့ဝကွယ်ပျောက်သွားကာ လူလေးယောက်၏ ပါးစပ်ထဲမှ အန်ထွက်လာသောသွေးများဖြင့် ရဲရဲနီသွားလေတော့သည်။

ကြည့်ရှုနေသူများမှာ ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်ကြပြန်လေသည်။

လုယံက ခေါင်းခါယမ်းကာ....

'နောက်ထပ် လူလေးယောက် သေသွားပြန်ပြီ'

ဟု ခပ်တိုးတိုး ညည်းညူလိုက်၏။



ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်ပြီး....

'စုစုပေါင်း ဘယ်နှစ်ယောက်ရှိပြီလဲ'

လုယံက....

'ပထမလူနဲ့ဆို ငါးယောက်ပေါ့'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'ငါးယောက်မဟုတ်ဘူး၊ ခြောက်ယောက်ဗျ'

လုယံက ကြောင်အမ်းအမ်းဖြစ်သွားရ၏။

'ဘာဖြစ်လို့လဲ'

ကုမ္ဘန်တုံးက တံတားပေါ်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး....

'ဟိုမှာ ကြည့်ပါလား'

သူ၏စကားကြောင့် လုယံက တစ်ဘက်သို့ပြန်လှည့်ကြည့်လိုက်သောအခါ တံတားပေါ်သို့ အဘိုးအိုသုံးယောက် တက်လာ(?)သွားနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

လုယံက အံ့ဩသွားမိသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'လူသုံးယောက် ထပ်သွားကြပြန်ပြီ'

ဟု ပြောလိုက်၏။

ကုမ္ဘန်တုံးက ရယ်မောရင်းမှ....

'ဒါကြောင့် လူရှစ်ယောက်လို့ ကျွန်တော့်ကပြောလိုက်တာပေါ့'

ဟု ရှင်းပြလိုက်၏။

လုယံက စိတ်မသက်မသာဖြင့် ခေါင်းခါယမ်းရင်းမှ...

'လူတွေ ဒီလောက် သေကုန်တာတောင်မှ ထပ်သွားရဲတဲ့ လူတွေ ရှိနေပါသေးလား'

ဟု ညည်းညူလိုက်၏။

ထိုအချိန်မှာပင်....

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး အဘိုး၏ သုံးယောက်မှာ ရေကန်အတွင်းသို့ လွင့်စဉ်ကျသွားလေတော့သည်။

ယခုတစ်ကြိမ်တွင် ကြည့်ရှုနေသောသူများ၏ ဆူညံ အော်ဟစ်သံများ ထွက်ပေါ်လာခြင်း မရှိတော့ပါချေ။



သူတို့အားလုံးသည် သေဆုံးနေကြသည့် လူရှစ်ယောက်အား ကြည့်ကာ ကြက်သေသေနေကြ၏။

ကုမ္ဘန်တုံးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'လူရှစ်ယောက်တော့ သေသွားပြီ၊ နောက်ထပ် ဘယ်သူသွားဦးမလဲ မသိဘူး'

ဟု တီးတိုးပြောရင်း စံအိမ်ဆီသို့ လှမ်းကြည့်နေ၏။

လုယံက ခေါင်းခါယမ်းလိုက်သည်။

'ဘယ်သူမှ သွားရဲတော့မှာမဟုတ်ပါဘူး'

သူ၏စကားဆုံးသည်နှင့် ရေကန်ဘောင်ပေါ်မှ လူစုသည် လှုပ်လှုပ်ရွရွဖြစ်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

သို့သော်....

မည်သူ တစ်ဦးတစ်ယောက်ကမျှ စံအိမ်ဆီသို့သွားရန် ခြေလှမ်း မပြင်ဝံ့ကြတော့ပါချေ။

'အမ်း....သူတို့ ပြန်ကြတော့မယ် ထင်ပါရဲ့'

ဟု မှတ်ချက်ချလိုက်၏။

ကုမ္ဘန်တုံးက ပြုံးလိုက်သည်။

'အစ်ကိုကြီးပြောတာ မှားသွားပြီ'

လုယာက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ကုမ္ဘန်တုံးက စံအိမ်နှင့်ဆက်သွယ်ထားသောတံတားသို့ လက်ညှိုးကို ညွှန်ပြလိုက်ပြီး....

'ဟိုမှာ စံအိမ်ဆီကို ကိုးယောက်မြောက် သွားမယ့် လူ ယောက် ထွက်လာပြီလေ၊ဒါပေမယ့်....သူကတော့ကိုးယောက် မြောက် လူသေအလောင်း ဖြစ်ချင်မှ ဖြစ်မှာပါလေ'

ဟု ပြောလိုက်၏။

ကုမ္ဘန်တုံး၏ စကားကြောင့် လုယာက အလွန်အံ့သြ ပြီး လူစုဆီသို့ လှမ်းကြည့်လိုက်သည်။

မှန်ပေသည်။

စုတ်ပြဲညစ်ပေနေသော အဝတ်အစား များကို ဝတ် ထားသော အဘိုးအိုတစ်ယောက်ကခွေးရိုက်တုတ်တစ်ချောင်း ကိုကိုင်ကာ တံတားအတိုင်း တည်ငြိမ်စွာ လျှောက်လှမ်း ခြင်းကို တွေ့မြင်လိုက်ရသည်။



ရေကန်တောင်ပေါ်တွင် ကျန်ရစ်ခဲ့သည့် လူစုသည် ထို အဘိုးအားကြည့်ကာ အသက်ပင် မရှူကြသည့်အလား ငြိမ် သက်နေကြ၏။

သူတို့ငြိမ်သက်စွာကြည့်နေစဉ်မှာပင် ကျောက်တံတားပေါ် တွင် လမ်းလျှောက်လှမ်းနေသော အဘိုးအိုမှာ စံအိမ်တံခါး အနီးသို့ရောက်ရှိသွားပြီ ဖြစ်သည်။

ယခုမှ....

သူတို့အားလုံးသည် လက်ခုပ်လက်ဝါးတီးကာ အဘိုးအို အား အောင်ဟစ် အားပေးလိုက်ကြသည်။

ဤတစ်ကြိမ်...

အောင်ဟစ်အားပေးသော အသံများမှာ ယခင် ကျောက် တံတားပေါ်သို့ တက်သွားသော လူရှစ်ယောက်အား အောင် ဟစ်အားပေးသံများထက်ပင် ပိုမိုဆူညံနေသေး၏။

လုယာက ယင်းအဖြစ်အပျက်ကို ကြည့်ကာ အလွန်အံ့သြ သွားလေသည်။

'ဒီအဘိုးအိုက ဘယ်သူလဲကွ'

ကုမ္ဘန်တုံးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ကျောက်တံတားပေါ်ရှိ အဘိုးအိုအားကြည့်ကာ....

'ဒီလူက ခေတ်လူ မဟုတ်ဘူးဗျ'

ဟု ပြောလိုက်၏။

လုယံက နားမလည်နိုင်စွာဖြင့်....

'ဘာဖြစ်လို့လဲ'

ကုမ္ဘန်တုံးက....

'သူကနာမည်ကျော်ကြားတဲ့ ခတ်ပန်းဂိုဏ်းကလင်ရှမ်ထင်း ဆိုတာပေါ့'

လုယံက ခေါင်းခါယမ်းလိုက်သည်။

'အစ်ကိုကြီးကတော့ သိုင်းလောကထဲက လူတွေကို သိပ်မသိပါဘူး၊ သူ့နာမည်ကိုလဲ ဒီတစ်ခါပဲ ကြားဖူးတာပါ'

ကုမ္ဘန်တုံးက....

'သူဟာ ထိပ်တန်းသိုင်းသမားတစ်ယောက်ပါ၊ နောက်ပြီး မတရားမှု မှန်သမျှကို ရှင်းလင်းပစ်တတ်တဲ့ အဖြူရောင် သိုင်းသမားမို့ ကျွန်တော်တော့ သူ့ကိုလေးစားတယ်'

ဟု သူ့ရင်ထဲမှ ခံစားချက်ကို ဖွင့်ဟပြောလိုက်၏။

ထိုအချိန်....



လင်ရှမ်ထင်းသည် ကျောက်စံအိမ် တံခါးဝတွင် ရပ်ကာ အိမ်ထဲသို့ စူးစိုက်ကြည့်နေလေသည်။

ရေကန်ဘောင်ပေါ်မှ ကြည့်နေသော လူများသည် လင်ရှမ်ထင်းအတွက် စိုးရိမ်လာကြလေသည်။

လုယံကလည်း ရင်ထိတ်သွားကာ ကုမ္ဘန်တုံးဘက်သို့လှည့်ကြည့်လိုက်သည်။

'သူ့ကိုကြည့်ရတာ အခြေအနေ မဟန်ဘူး ထင်တယ် ညီလေး....

ကုမ္ဘန်တုံးက မျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့လဲဗျ'

လုယံက လက်ညှိုးညွှန်ပြရင်း....

'သူ့ပုံကိုကြည့်ပါလား၊ အတော် အရက်မူးနေသလိုပဲ'

ဟု သူ၏ထင်မြင်ယူဆချက်ကို ပြောလိုက်လေသည်။

ကုမ္ဘန်တုံးက ပြုံးလိုက်သည်။

'အစ်ကိုကြီးက မသိဘဲကိုး၊ ဒါဟာ သူ့ရဲ့ အမူးသမားသိုင်းကွက်ဗျ'

သူ၏စကားကြောင့် လုယ°မှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေသည်။

ယင်းအချိန်မှာပင် ...

လင်ရှမ်ထင်းက စံအိမ်အတွင်းသို့ ဝင်ရောက် သွားခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းကိုကြည့်ကာ ရေကန်ဘောင် ပေါ်မှ ဝိုင်းရံ ကြည့်ရှုနေသူများ၏ အသံများ တိတ်ဆိတ် သွားကြ လေ သည်။

လင်ရှမ်ထင်းမှာ စံအိမ်ထဲသို့ ဝင်ရောက်သွား၍ အချိန် အတန်ကြာလာသည်အထိ ပြန်လည်ထွက်မလာဘဲ ရှိနေခဲ့လေ သည်။

အချိန်ကြာလာသည်နှင့်အမျှ ဝိုင်းရံကြည့်ရှု နေသူများမှာ လင်ရှမ်ထင်းအတွက် စိုးရိမ်လာကြ၏။

တစ်စက္ကန့်တစ်စ အချိန်များကုန်ဆုံးခဲ့ချေပြီ။

လုယ°က စိတ်လှုပ်ရှားစွာဖြင့်ကုမွန်တုံးဘက်သို့ကြည့်လိုက် လေသည်။

'လင်ရှမ်ထင်းတော့ သေဆုံးသွားပြီ ထင်ပါရဲ့'



သူ၏စကားကြောင့် ကုမွန်တုံး၏မျက်နှာ ကွက်ခနဲပျက် သွားလေသည်။

သို့သော်....

ချက်ချင်းပင် သူ၏မျက်လုံးများ ဝင်းလက်တောက်ပလာ ကာ...

'လင်ရှမ်ထင်း မသေသေးဘူးဗျ'

ဟု ဝမ်းသာအားရ ပြောလိုက်သည်။

သူ၏စကားကြောင့် လုယ°က စံအိမ်ဆီသို့ လှမ်းကြည့် လိုက်လေသည်။

မှန်ပါသည်။

လင်ရှမ်ထင်းက စံအိမ်တံခါးဝတွင် ခြေလှမ်း ယိမ်းယိုင် စွာဖြင့် ပြန်လည်ထွက်လာနေခြင်းကိုတွေ့မြင်လိုက်ရပြီ မဟုတ် ပါလား။

သူက တဖြည်းဖြည်းနှင့် ကျောက်တံတားအတိုင်းလျှောက် လာပြီး ရေကန်ဘောင်ပေါ်သို့ ဆင်းလိုက်သည်။

သူ၏ခြေထောက်များ ရေကန်ဘောင်ပေါ်သို့ ဆင်းလိုက် သည်နှင့် တစ်ပြိုင်နက် ရေကန်ဘောင်ပေါ်၌ ဝိုင်းကြည့်နေကြ

သောလူများမှာ တစ်ယောက်တစ်ခွန်း ဝိုင်းပြီး မေးကြလေသည်။

မေးမြန်းသူများအနက် တစ်ယောက်က....

'ခင်ဗျား ဘာဖြစ်လာသေးလဲ'

နောက်တစ်ယောက်က....

'ဟော့....စံအိမ်မှာ ဘာရှိသလဲ'

နောက်ထပ် အခြားတစ်ယောက်က....

'လင်ရှမ်ထင်း၊ ခင်ဗျားဘယ်လိုလုပ်ပြီး ပြန်ထွက်လာနိုင်ဘာလဲ'

နောက်ဆုံး လူရွယ်တစ်ယောက်က....

'ဘာဘထင်း....စံအိမ်ထဲမှာ ဘာကိုတွေ့ခဲ့သလဲ'

စသည် စသည်ဖြင့် တစ်ယောက်တစ်ခွန်း ဝိုင်း၍ မေးမြန်းကြသည့် အသံများဖြင့် ဆူညံသွားကြလေသည်။

သို့သော်....

လင်ရှမ်ထင်းက မည်သူ့အမေးကိုမျှ မဖြေကြားပဲ ါချေ။



သူသည် တိတ်ဆိတ်စွာဖြင့် ထိုနေရာအား ကျောခိုင်းကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။

ရုတ်တရက်....

လူနှစ်ယောက်သည် လူအုပ်ကြားမှ ခုန်ထွက်လာပြီး လင်ရှမ်ထင်းရှေ့တွင် ပိတ်ဆို့ရပ်တန့် လိုက်ကြသည်။

ရသေ့တစ်ပါးနှင့် သူတော်တစ်ပါး ဖြစ်၏။

သူတို့နှစ်ယောက်က လင်ရှမ်ထင်းရှေ့တွင် ပိတ်ဆို့ရပ်တန့်ပြီးသည်နှင့်....

'ခင်ဗျား....မသွားရသေးဘူး'

ပြိုင်တူ ဟန့်တားလိုက်ကြလေသည်။

ကုမ္ဗန်တုံးက လုယံအား လက်ကုတ်လိုက်ပြီး....

'ကြည့်နေ....ပွဲကြီးပွဲကောင်း တွေ့ရတော့မယ်ဗျ'

ဟု တီးတိုးပြောလိုက်လေသည်။

လုယံက ကြောင်အမ်းအမ်းဖြစ်သွားမိ၏။

သူက ကုမ္ဗန်တုံးအား မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေသည်။

ကုမ္ဘန်တုံးက ပြုံးပြလိုက်၏။

'လင်ရှမ်ထင်းကို ဟန့်တားတဲ့ လူနှစ်ယောက်ဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ အရှေ့ဘုတော်နဲ့ အနောက်ရသေ့တို့ဗျ'

ဟု ရှင်းပြလိုက်၏။

လုယံက—

'သူတို့ရဲ့သိုင်းပညာက အတော်အဆင့်မြင့်လို့လား'

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်....သူတို့ရဲ့သိုင်းပညာကို ညီလေးက မမြင်ဖူးပမယ့် သိုင်းလောက တစ်ခုလုံးမှာ သူတို့ကို မသိတဲ့လူ မရှိသလောက်ပါပဲ'

လုယံက အနည်းငယ်စဉ်းစားလိုက်ပြီး ကုမ္ဘန်တုံးဘက်သို့ ငဲ့ကြည့်လိုက်၏။

'သူတို့ရဲ့သိုင်းပညာနဲ့ လင်ရှမ်ထင်းရဲ့ သိုင်းပညာကို ယှဉ်ကြည့်ရင် ဘယ်လိုသဘောရသလဲ'



ကုမ္ဘန်တုံးက....

'သိပ်တော့ ကွာမယ်မထင်ပါဘူး'

လုယံက ယခုမှ တစ်စုံတစ်ခုကို သတိရလိုက်မိသည့်အလား ကုမ္ဘန်တုံးအား ဖျတ်ခနဲကြည့်လိုက်ပြီး....

'ကျုပ် အခုမှစဉ်းစားမိတယ်၊ သူတို့ဟာ သိုင်းလောကရဲ့ လူထူးလူဆန်း လေးယောက်မဟုတ်လား'

ဟု မေးလိုက်သည်။

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လုယံက လင်ရှမ်ထင်းတို့ဆီသို့ လှမ်းကြည့်လိုက်ပြီး....

'အခု သုံးယောက်ပဲမြင်တွေ့ရသေးတယ်၊ ကျန်တဲ့တစ်ဦးက ဘယ်သူလဲ'

ဟု မေးလိုက်၏။

ကုမ္ဘန်တုံးက....

'ဂုစုနီလေ'

ဟု ပြောလိုက်၏။

လုယ ိက မျက်မှောင်ကုတ်လိုက်ပြီး....

'ပုစုနီဆိုတာ ဘယ်သူလဲ'

ကုမ္ဘန်တုံ းက....

'ပုစုနီဆိုတာ သီလရှင်တစ်ပါးပါ'

သူ၏စကားကြောင့် လုယ ိက အလွန်အံ့သြသွားမိသည်။

သူက မျက်မှောင်ကုတ်လိုက်ပြီး....

'ပုစုနီဆိုတာ သီလရှင်တစ်ပါး ဟုတ်လား'

ဟု မေးလိုက်၏။

ကုမ္ဘန်တုံ းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သီလရှင်ဟာ လူထူးလူဆန်းပါ၊ သိုင်းလောကရဲ့ လူထူးလူဆန်း လေးယောက်တည်းမှာ အရှေ့သူတော်နဲ့အနောက်ရသေ့တို့က လွဲပြီး ကျန်တဲ့ နှစ်ယောက်ကတော့ တစ်ကိုယ်တော် လှုပ်ရှားသွားလာလေ့ ရှိကြပါတယ်'

သူတို့နှစ်ယောက် အချီအချ စကားပြောနေစဉ်....

ရုတ်တရက်....

အရှေ့သူတော်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုရက်လေသည်။



'ဟော့....အထဲမှာ ဘာတွေခဲ့သလဲ'

သူ၏အသံမှာ တင်းမာနေသည်။

လုယ ိနှင့် ကုမ္ဘန်တုံ းတို့သည် အရှေ့သူတော်၏ တင်းမာသောစကားကြောင့် မကြာမီ ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်ဟု ခန့်မှန်းကာ စိတ်ဝင်စားစွာဖြင့် ကြည့်နေမိကြသည်။

လင်ရှမ်ထင်းက အရှေ့သူတော်အား အေးစက်စက်မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားက စံအိမ်ထဲမှာ ဘာရှိသလဲဆိုတာ သိချင်လို့လား'

ဟု မေးလိုက်၏။

အရှေ့သူတော်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လင်ရှမ်ထင်းက မဲ့ပြုံးပြုံးလိုက်သည်။

'သိချင်ရင် ကိုယ့်ပညာနဲ့ကိုယ် သွားကြည့်ပေါ့'

ဟု မထီမဲ့မြင် ပြောလိုက်သည်။

သူ၏စကားကြောင့် အရှေ့သူတော်က ဒေါသချောင်းချောင်း ထွက်သွားရလေသည်။

'ခင်ဗျား စကားကြည့်ပြောပါ၊ စံအိမ်ထဲမှာ ဘယ်သူရှိသလဲဆိုတာ ပြောစမ်း'

လင်ရှမ်ထင်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'စံအိမ်ထဲမှာ ဘယ်သူရှိရှိ ခင်ဗျားနဲ့မဆိုင်ဘူး'
ဟု အေးစက်စက်အသံဖြင့် ပြောလိုက်သည်။

အရှေ့သူတော်က သူ့အား စူးရှစွာ ကြည့်လိုက်သည်။

'ခင်ဗျား တကယ်မပြောဘူးလား'

လင်ရှမ်ထင်းက ခေါင်းခါယမ်းလိုက်၏။

'မပြောဘူး၊ ခင်ဗျားကြည့်ချင်ရင် ကိုယ့်ပညာနဲ့ကိုယ်သွားကြည့်'

အရှေ့သူတော်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

လင်ရှမ်ထင်းက သူ့အား အေးစက်စက်မျက်လုံးများဖြင့် စိုက်ကြည့်ရင်းမှ....

'ခင်ဗျားက ဘာဖြစ်ချင်လို့လဲ'
ဟု ပြောလိုက်သည်။

အရှေ့သူတော်က....
'ကျုပ်မေးတာကို ဖြေမလား၊ မဖြေဘူးလား'



လင်ရှမ်ထင်းက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ် စကားတစ်ခွန်းပဲပြောတတ်တယ်၊ ကျုပ်ပြောတာကို မကြိုက်ရင် ခင်ဗျားကြိုက်သလို ဆုံးဖြတ်ပါ၊ ကျုပ်က ကယ်ပါ တစ်ယောက် ဆိုတော့ ဘာကိုမှ ဂရုစိုက်စရာမလိုပါဘူး'

အနောက်ရသေ့က သက်ပြင်းတစ်ချက် ချကာ ခေါင်းတစ်ချက် ဆတ်လိုက်သည်။

'အရှေ့သူတော်၊ သူပြောတာ မှန်တယ်ဗျ၊ ကျုပ်တို့ဘာသာ သွားကြည့်ရအောင်'

ဟု ပြောလိုက်၏။

လင်ရှမ်ထင်းက သူတို့အား စကားပင် မပြောတော့ဘဲ ခြေလှမ်းယိမ်းယိုင်စွာဖြင့် ထိုနေရာမှ ထွက်ခွာသွားသေတော့သည်။

ရေကန်ဘောင်ပေါ်တွင် ဗိုင်းရံကြည့်ရှုနေသူများမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ကြလေသည်။

အမှန်တွင် သူတို့အထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ စံအိမ်ရှိရာသို့ မသွားကြပါချေ။

ထိုအချိန်....

အရှေ့သူတော်က အနောက်ရသေ့အား တစ်ချက်ကြည့်လိုက်ပြီး ကျောက်တံတားပေါ်သို့ ပြေးတက်သွား၏။

အနောက်ရသေ့ကလည်း မနေနိုင်တော့ပါချေ။

သူကလည်း ကျောက်တံတားပေါ်သို့ ပြေးတက်လိုက်ပါသွားလေသည်။

ဤသို့ဖြင့်....

အနောက်ရသေ့နှင့် အရှေ့သူတော်တို့သည် တစ်ယောက်နှင့်တစ်ယောက် ပြိုင်း၍ကြည့်လိုက်ပြီး ကျောက်တံတားအတိုင်း စံအိမ်ရှိရာသို့ ပြေးသွားကြလေတော့သည်။

သူတို့နှစ်ယောက် စံအိမ်ထဲသို့ ပြေးဝင်လိုက်မိသည်နှင့်...

'အား....'

'အမယ်လေးဗျ'



ဟူသော အော်ဟစ်သံများ တစ်ပြိုင်နက်ထွက်ပေါ်လာပြီးလျှင် သူတို့နှစ်ယောက်၏ ခန္ဓာကိုယ်များမှာ စံအိမ်အပြင်ဘက်သို့ လွင့်စဉ်ထွက်လာကြလေသည်။

သို့သော်....

အရှေ့သူတော်နှင့် အနောက်ရသေ့တို့မှာ ထိပ်တန်းသိုင်းပညာရှင်များပီပီ ခန္ဓာကိုယ်များအား လေထဲတွင် တင်ပတ်ကျွမ်းပစ်ကာ ကျောက်တံတားပေါ်သို့ ပေါ့ပါးစွာ ကျကြလေသည်။

သူတို့နှစ်ယောက်၏ မျက်နှာများ မည်းမှောင် နေကြပြီး တစ်စုံတစ်ခုကို စိုးရိမ်နေဟန်ရှိလေသည်။

ထို့နောက်....

သူတို့သည် စံအိမ်ရှိရာသို့လှည့်ပင်မကြည့်တော့ဘဲ ကျောက်တံတားအတိုင်း ပြန်လည်လျှောက်လာနေကြသည်။

ယင်းနောက်....

ရေကန်ဘောင်ပေါ်သို့ ဆင်းလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

ယခုအခါတွင်....

သူတို့နှစ်ယောက်၏ ခြေလှမ်းများမှာ အနည်းငယ် ယိုင်ယိုင်နေသဖြင့် အတွင်းဒဏ်ရာရရှိသွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

အရှေ့သူတော်နှင့်အနောက်ရသေ့တို့ကဲ့သို့ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသည့် သိုင်းသမားများပင် အတွင်းဒဏ်ရာ ရရှိသွားသောကြောင့် စံအိမ်ထဲသို့ နောက်ထပ် မဝင်ရဲတော့ပါချေ။

တစ်ချို့လူများက နောက်ကြောင်းပြန်လှည့်ရန် ခြေလှမ်းများ ပြင်နေကြပြီ ဖြစ်သည်။

.....



ကုမ္မန်တုံးသည်ပုန်းကွယ်ရာမှထွက်လာပြီး ကျောက်တုံးတား ပေါ်သို့ ခုန်တက်လိုက်၏။

သူက လုယ°အား ပခုံးတစ်ချက် တွန်းပြီး....

'ကဲ....ဘယ်သူမှ မသွားရဲကြတော့ဘူးထင်တယ်၊ ဒါဆိုရင် ကျွန်တော်တို့ ကြည့်စရာပွဲလဲ မရှိတော့ဘူး'

ဟု ပြောလိုက်သည်။

လုယ°က ကျောက်တုံးပေါ်သို့ ခုန်တက်လိုက်၏။

သူက ကျောက်တုံးပေါ်၌ ထိုင်ချလိုက်ပြီး....

'လင်ရှမ်ထင်းကတော့ စံအိမ်ထဲက လျှို့ဝှက်ချက်ကို အကြောင်းစုံသိမှာ ခသချာတယ်၊ ဒါပေမယ့် သူက ဘာဖြစ်လို့မပြောပြတာပါလိမ့်'

ဟု စဉ်းစားမိလေသည်။

ကုမ္မန်တုံးက အနည်းငယ် တွေဝေသွားပြီးမှ လုယ°ဘက်သို့ လှည့်ကြည့်လိုက်၏။

'ကျွန်တော်တော့ စံအိမ်ကိုသွားပြီး စမ်းသပ်ကြည့်ချင်တယ်....'

သူ၏စကားကိုကြားလိုက်ရသောအခါ လုယ°က ရင်ထိတ်သွားမိလေသည်။

သူက ကမန်းကတန်း လက်ကာပြလိုက်ပြီး....

'အသက်နဲ့ ရင်းရမယ့်ကိစ္စကို မသွားပါနဲ့ကွယ်'

ဟု တန့်တားလိုက်လေသည်။

ကုမ္ပနီတုံးက ပြုံးလိုက်သည်။

'ဒီလောက်လဲ မစိုးရိမ်ပါနဲ့လေ၊ ကျွန်တော်တို့ သေချင်မှ သေမှာပါ'

လုယိကမျက်မှောင်ကုတ်လိုက်သည်။

သူက ကုမ္ပနီတုံးအား စိုက်ကြည့်လိုက်ပြီး....

'မင်းက မသေဘူးလို့ ပြောနိုင်လို့လား'

ဟု မေးလိုက်၏။

ကုမ္ပနီတုံးက ပြုံးလိုက်သည်။

သူသည် တဇွတ်ထိုးလုပ်တတ်သူပီပီ ခေါင်းမာစွာဖြင့်....

'တစ်ချို့နေရာတွေမှာ အသက်စွန့်ကြိုးပမ်းကြည့်မှကောင်းတာပျ'

ဟု ပြောလိုက်လေသည်။



လုယိက ကျေနပ်စွာ ပြုံးလိုက်မိ၏။

အမှန်တွင် သူသည် ကုမ္ပနီတုံး၏ ခေါင်းမာပုံကို သဘောကျနေမိမည် မဟုတ်ပါလော။

သို့သော်....

သူက ကုမ္ပနီတုံး သေဆုံးသွားမည်ကိုစိုးရိမ်သောကြောင့် ထိုစံအိမ်ဆီသို့ မသွားစေလိုပါ။

ထို့ကြောင့်....

သူက ချိုသာစွာ ပြုံးပြလိုက်ပြီး....

'ငါ့ညီပြောတာ မှန်ပါတယ်၊ ဒါပေမယ့် အလုပ်တစ်ခုကို အသက်စွန့်ကြိုးပမ်းတယ် ဆိုတာ အကြောင်းမဲ့ မဖြစ်စေချင်ဘူး၊ ကိုယ်ဆောင်ရွက်တဲ့ အသက်စွန့် ကြိုးပမ်းမှုက ရည်ရွယ်ချက်တစ်ခုတော့ ရှိသင့်တာပေါ့လေ'

ဟု ဖျောင့်ဖျပြောဆိုလိုက်သည်။

သူ၏စကားကြောင့် ကုမ္ပနီတုံးက ကွေ့ဝေ သွားမိလေသည်။

သူက အတန်ကြာအောင် စဉ်းစားနေပြီးမှ....

'အစ်ကိုကြီးဟာ ကျွန်တော့်ထက်ပိုပြီး စဉ်းစား ချင့်ချိန်တတ်ပါတယ်ဗျာ၊ ဒါကြောင့်…ကျွန်တော် အများကြီး လေးစားပါတယ်'

ဟု ချီးကျူးပြောဆိုလိုက်သည်။

လုယာ°က သူ၏ချီးကျူးစကားကြောင့် မျက်နှာ မသာတတ်အောင် ဖြစ်သွားရသေးသည်။

'ညီလေးရယ်၊ အစ်ကိုကြီးက သိုင်းပညာမတတ်တော့ ဘာမဆို အရမ်းမလုပ်ရဲဘူးလေ'

ဟု အရှက်ပြေ ပြောလိုက်၏။

ကုမ္ဘန်တု°က ပခုံးတစ်ချက် တွန့်လိုက်သည်။

သူသည် လုယာ°အား စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ရေကန်အနီးသို့ နောက်ထပ်လူတစ်စုရောက်ရှိလာခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုလူစုံအား မြင်တွေ့လိုက်သည်နှင့် ကုမ္ဘန်တုံး၏ မျက်လုံးများ ပြူးကျယ်သွားရလေသည်။

သူက လုယာ°အား လှမ်းကြည့်လိုက်ပြီး….



'အစ်ကိုကြီး….အစ်ကိုကြီးရဲ့ အမျိုးသမီး ရောက်လာပြန်ပြီဗျို….'

ဟု သတိပေးစကား ပြောလိုက်သည်။

သူ၏စကားကြောင့် ကုမ္ဘန်တု°က လှမ်းကြည့်လိုက်ရာ ဝမ်ချန်ယင်းတို့လူစု ရောက်ရှိလာခြင်းကို တွေ့မြင်လိုက်ရလေသည်။

ဝမ်ချန်ယင်းက ယခုတစ်ကြိမ် ဝေါစင်နှင့် မလာဘဲ ခြေလျင်လျှောက်လာပြီး ဖြစ်သည်။

ဤတစ်ကြိမ်….

သူမ၏ကိုယ်ရံတော် မိန်းကလေးနှစ်ယောက်အပြင် အဘိုးအိုအစ်ယောက်လည်း ပါရှိလာလေသည်။

သူမတို့နှင့်ပါရှိလာသော အဘိုးအို၏ ဟန်မူရာကို ကြည့်လိုက်သည်နှင့် ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိရှိနိုင်လေသည်။

ထို့ကြောင့်….

လုယာ°က မနေနိုင်တော့ဘဲ ကုမ္ဘန်တု°ဘက်သို့ လှည့်ကြည့်ကာ….

'ညီလေး....ဝမ်ချန်ယင်းတို့နဲ့ အတူပါလာတဲ့ အဘိုးအိုက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ကုမ္ဘန်တုံးက....

'သူဟာ သိပ်ကြောက်စရာကောင်းတဲ့ လူပေါ့၊ ရှောင်လင်ဂိုဏ်းရဲ့ အုပ်ချုပ်ရေးမှူး မူပုတောင်ဆိုတာ သူပေါ့'

တီးတိုး ပြောလိုက်လေသည်။

ထိုစကားကြောင့် လုယာ်က ပျင်ထိတ်သွားလေသည်။

သူက ကုမ္ဘန်တုံးအား အားကိုးတကြီး ကြည့်ကာ....

'ဒုက္ခပါပဲ....အစ်ကိုကြီးတို့ကို တွေ့သွားရင် ဘယ်လိုလုပ်မလဲ'

ဟု စိုးရိမ်တကြီး မေးလိုက်လေသည်။

ကုမ္ဘန်တုံးက ခေါင်းတစ်ချက်ဆတ်လိုက်၏။

'ဟုတ်တယ်၊ သူတို့မတွေ့ခင် ကျွန်တော်တို့ ဟိုဘက်သွားကြရင် ကောင်းမယ်'



သူကစကားမဆုံးမီမှာပင် ကျောက်တုံးကြီးပေါ်မှအောက်သို့ ခုန်ဆင်းရန် ဟန်ပြင်လိုက်၏။

ကုမ္ဘန်တုံးက ကျောက်တုံးပေါ်မှ ခုန်ဆင်းရန် ဟန်ပြင်လိုက်စဉ်မှာပင်....

ဝမ်ချန်ယင်းနှင့်အတူပါလာသော အိမ်ဖော်မလေး တစ်ယောက်က ကုမ္ဘန်တုံးအား တွေ့မြင်သွားခဲ့လေသည်။

သူမက ကုမ္ဘန်တုံးအား လက်ညှိုးညွှန်ပြလိုက်ပြီး....

'သခင်မ....ကျွန်မတို့ကိုဟိုတစ်နေ့ကလိမ်ပြောသွားတဲ့ ကယ်ပါလေး ဟိုမှာ....'

ဟု အသံကျယ်လောင်စွာဖြင့် ပြောလိုက်၏။

ဝမ်ချန်ယင်းက ကုမ္ဘန်တုံးရှိရာသို့ လှမ်းကြည့်လိုက်သေးသည်။

သူမတို့သည် ကုမ္ဘန်တုံးရှိရာသို့ လှမ်းကြည့်လိုက်ကြလေသည်။

သူမတို့သည် ကုမ္ဘန်တုံးအား မြင်တွေ့လိုက်သော်လည်း လုယီမှာမူ ကျောက်တုံးကြီးနောက်သို့ ရောက်ရှိသွားပြီဖြစ်သောကြောင့် မမြင်တွေ့လိုက်ကြပါချေ။

ဝမ်ချန်ယင်းက ကျေနပ်စွာ ပြုံးလိုက်၏။

'လက်စသပ်တော့ တို့ကိုဒုက္ခပေးသွားတဲ့ ကယ်ပါလေးက ဒီရောက်နေတာကိုး'

ဟု ပြောရင်း ရယ်မောလိုက်လေသည်။

သူမ၏ ရယ်မောသံတွင် ရက်စက်လိုသော အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

ကုမ္မန့်တုံးက အခြေအနေမဟန်ကြောင်း သိရှိလိုက်၏။

ထို့ကြောင့်....

သူသည် ကျောက်တုံးကြီးနောက်တွင် ပုန်းအောင်းနေသော လုယိအား....

'အစ်ကိုကြီး မြန်မြန်ပြေးပေးတော့...သူတို့ကို ကျွန်တော် တားထားမယ်'

ဟု သတိပေးလိုက်လေသည်။

လုယိက စိုးရိမ်စွာဖြင့် သူ့အား စိုက်ကြည့်လိုက်၏။

'ဖြစ်ပါ့မလား ညီလေး....'

ကုမ္မန်တုံးက ခေါင်းညိတ်ပြလိုက်လေသည်။



'ဖြစ်ပါတယ်၊ အစ်ကိုကြီးသာ ဒီနေရာက မြန်မြန်ပြေး'

လုယိက ပြေးလွှားခြင်းမပြုပါချေ။

သူက ကုမ္မန့်တုံးအား စိုးရိမ်ကြီးစွာကြည့်လိုက်ပြီး....

'ငါ့ညီကကော ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်လေသည်။

ကုမ္မန်တုံးက....

'ကျွန်တော့်အတွက် မပူပါနဲ့၊ ကျွန်တော့်ကိစ္စကို ကျွန်တော် ရှင်းနိုင်ပါတယ်'

သူက ယင်းသို့ပြောပြီးသည်နှင့် ကျောက်တုံးပေါ်မှ ခုန်ဆင်းကာ ရေကန်အနီးရှိ ဝမ်ချန်ယင်းတို့လူစုရှိရာသို့ လျှောက်သွားလေသည်။

လုယိက သက်ပြင်းတစ်ချက်ချကာ ထိုနေရာမှ ထွက်ပြေးသွားလေတော့သည်။

....၀....

ကုမ္ဘန်တုံးက ပြုံး၍ လျှောက်လာနေ၏။

သူသည် ဝမ်ချန်ယင်းတို့ လူစုထံသို့ ဦးတည်လျှောက်လာနေခြင်းဖြစ်၏။

ဝမ်ချန်ယင်းက ပြုံး၍ လျှောက်လာနေသော ကုမ္ဘန်တုံးအား လှည့်ကြည့်လိုက်သည်။

'ဟေ့…ကယ်ပါလေး၊ မင်းက ငါ့ကို လိမ်ပြောတာ သေချင်လို့လား'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

သူက တည်ကြည်သော မျက်နှာထားဖြင့် …

'ကျွန်တော် မလိမ်ပါဘူး'

ဟု ပြောလိုက်၏။

ဝမ်ချန်ယင်းက မဲ့ပြုံး ပြုံးလိုက်လေသည်။

သူမက ကုမ္ဘန်တုံးအား စေ့စေ့ကြည့်လိုက်ပြီး….

'မင်းက ဘာဆိုးလို့တုန်း၊ ကျန်းစန်ယင်ကို တောင်မှ ဒဏ်ရာရအောင် လုပ်နိုင်ခဲ့တယ် မဟုတ်လား'

ဟု ပြောလိုက်သည်။



သူမ၏ စကားကြောင့် ကုမ္ဘန်တုံးက ရင်ထိတ်သွားလေသည်။

သူက ကျန်းစန်ယင်အား ဆုံးမခဲ့ခြင်းကို ဝမ်ချန်ယင်းက သိရှိသွားပါလျှင် သူနှင့်အဘူ လုယံ ပါရှိလာခြင်းကိုလည်း သူမက သိရှိသွားပြီဟု နားလည်လိုက်မိလေသည်။

သူက မည်သို့မျှ မတတ်သာတော့ပါချေ။

ထို့ကြောင့်….

ခေါင်းညိတ်လိုက်ပြီး….

'ဟုတ်တယ်၊ သူက ကျုပ်ကိုစော်ကားလို့ ဆုံးမလိုက်တာ၊ ဘာဖြစ်လို့လဲ'

ဟု ပြောလိုက်လေသည်။

ဝမ်ချန်ယင်းက မျက်နှာထားတည်ကြည်စွာဖြင့် …

'ဟိုကောင်လေးကော….'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းပြလိုက်၏။

'မသိဘူးဗျ….'

သူ၏ စကားကြောင့် ဝမ်ချန်ယင်းက ဒေါသထွက်သွားလေသည်။

သူမက ကုမ္ပန်တုံးအား စိုက်ကြည့်လိုက်၏။

'မင်းနဲ့အတူတူ သွားတာတောင်မှ မင်းက မသိဘူးလို့ ပြောနေရသေးသလား၊ မင်းကဲ့ သေချင်နေပြီထင်တယ်'

ကုမ္ပန်တုံးက ပြုံးလိုက်သည်။

'ကျုပ်က ကယ်ပါဘ၀ရောက်နေတာ ကြာပြီ ဆိုတော့ မြန်မြန်သေရင် မြန်မြန်အေးတာပါပဲ'

ဝမ်ချန်ယင်းက မဲ့ပြုံးပြုံးလိုက်သည်။

'အင်းလေ၊ မင်းက သေချင်ရင်တော့ လွယ်ပါတယ်'

သူမက ပြောပြီး လက်တစ်ချက် ဝေ့ယမ်းလိုက်သည်။

သူမက လက်ဝေ့ယမ်းပြလိုက်သည်နှင့် သူမ၏နံဘေးမှ အိမ်ဖော်နှစ်ယောက်က ပြိုင်တူ ခုန်ထွက်သွားကြ၏။

တစ်ဆက်တည်းမှာပင်....

သူမတို့က ကုမ္ပန်တုံးအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်လေသည်။

သူမတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။



ကုမ္ပန်တုံးက ထိတ်လန့်တုန်လှုပ်သွားဟန်ဖြင့်....

'အောင်မယ်လေးဗျ'

ဟု အသံကျယ်လောင်စွာ အော်ဟစ်ရင်း ရှောင်တိမ်းလိုက်သည်။

သို့သော် ...

သူ၏ ရှောင်တိမ်းဟန်မှာ အိမ်ဖော်နှစ်ယောက် တိုက်ခိုက်မှုထက်ပင် လျင်မြန်နေလေသည်။

ယင်းအချိန်....

ရေကန်ဘောင်ပေါ်မှ လူများသည် တိုက်ခိုက်သံများကို ကြားလိုက်ရသဖြင့် ပြေးလွှားလာကြလေသည်။

သို့သော်....

ဝမ်ချန်ယင်းတို့ လူစုအား တွေ့မြင်လိုက်ရသော အခါ ရှောင်လင်ဂိုဏ်းသားများ ဖြစ်သည်ကို သိရှိလိုက်သဖြင့်နောက်သို့ ပြန်လည်ဆုတ်သွားကြ၏။

အိမ်ဖော်နှစ်ယောက်မှာ ဒေါသခြောင်းခြောင်း ဖြစ်သွားကြလေသည်။

သူတို့က မိမိတို့၏တိုက်ခိုက်မှုကို ကုမ္ပန်တုံးက အသာအယာ ရှောင်တိမ်းလိုက်သဖြင့် အခဲမကျေနိုင်ဘဲ ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

ကုမ္ဗန်တုံးက....

'အမေရေ....ကယ်ပါဦးဗျ'

သူက အသံကျယ်လောင်စွာ အော်ဟစ်ရင်း လျှင်မြန်စွာ ရှောင်တိမ်းလိုက်ပြန်၏။

အိမ်ဖော်တစ်ယောက်က မဲ့ပြုံး ပြုံးလိုက်လေသည်။

'ကယ်ပါလေး၊ နင့်ရဲ့ဘွားဘွားကို ခေါ်ရင်လဲ သေမှာပဲ'

သူမကပြောရင်း ကုမ္ဗန်တုံး၏ရင်ဝသို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

တစ်ချိန်တည်းမှာပင်....

တခြားအိမ်ဖော်တစ်ယောက်က ကုမ္ဗန်တုံး၏ လည်ကုပ်ဆီသို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

ဤတစ်ကြိမ်....

ကုမ္ဗန်တုံးက ရှောင်တိမ်းခြင်း မပြုတော့ဘဲ အိမ်ဖော်နှစ်ယောက်နှင့် လူချင်းပူးလိုက်သည်။

'အား....'



ရုတ်တရက် စူးရှသောအော်ဟစ်သံများက ထွက်ပေါ်လာပြီး လူချင်းပူး၍ တိုက်ခိုက်နေသူများထဲမှ လူနှစ်ယောက် လဲကျသွားခြင်းကို တွေ့မြင်လိုက်ရ၏။

ကုမ္ဗန်တုံးက လဲကျသွားခြင်း မဟုတ်ပါချေ။

သူ့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သော အိမ်ဖော်နှစ်ယောက်ကသာ လဲကျသွားခြင်းဖြစ်လေသည်။

သူမတို့သည် လဲကျနေရာမှပြန်လည်မထနိုင်သေးဘဲ မျက်နှာများ ရှုံ့မဲ့နေသည်။

ကုမ္ဗန်တုံးကဲ ပြုံးလိုက်၏။

ဝမ်ချန်ယင်း၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူမက ကယ်ပါလေးမှာ အသက်ငယ်ရွယ်လွန်းသဖြင့် ဤမျှ သိုင်းပညာ တတ်လိမ့်မည်ဟု မထင်မိပါချေ။

ထိုအချိန်....

သူမနံဘေးရှိ အဘိုးအိုက ကုမ္ဗန်တုံးထံသို့ လျှောက်သွားလေသည်။

မူပုတောင်ပင်ဖြစ်၏။

သူက တဒင်္ဂချိန်အတွင်း၌ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားကာ ကုမ္ဘန်တုံးအနီးသို့ ရောက်ရှိသွားခြင်းဖြစ်လေသည်။

သူက ကုမ္ဘန်တုံးအနီးသို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက်....

'ကယ်ပါလေး....သေပြီတော့'

ဟု ကြုံးဝါးလိုက်ပြီး ကုမ္ဘန်တုံးထံသို့ လက်ဝါးနှစ်ဘက်ဖြင့် တွန်းလွှတ်လိုက်လေသည်။

မူပုတောင်၏ လက်ဝါးနှစ်ဘက်မှ ဖြစ်ပေါ်လာသောအရှိန်ဖြင့် ကုမ္ဘန်တုံး၏ခန္ဓာကိုယ်က အဝေးသို့ လွင့်ပြန့်သွားလေသည်။

သူသည် လေထဲ၌ တစ်ပတ်ကျွမ်းပစ်ကာ မြေပေါ်သို့ ပြန်လည် ကျလာ၏။

အမှန်တွင်....

မူပုတောင်က အရှိန်ပြင်းစွာ တိုက်ခိုက်လိုက်သော်လည်း ကုမ္ဘန်တုံးက ဒဏ်ရာရရှိခြင်း မရှိပါချေ။

ဤတွင်....

ဝိုင်းအုံကြည့်ရှုကြသော လူစုများမှ တီးတိုးဝေဖန်သံများ ထွက်ပေါ်လာပြီး လှုပ်လှုပ်ရွရွ ဖြစ်လာကြလေသည်။



ကုမ္ဘန်တုံး၏ သိုင်းပညာစွမ်းကိုကြည့်ကာ မူပုတောင်၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိလေသည်။

သူ၏တိုက်ခိုက်မှုကို ဤမျှ ငယ်ငယ် ရွယ်ရွယ် သာ ရှိသော ကယ်ပါလေးတစ်ယောက်က ခံနိုင်ရည်ရှိနေခြင်းကို တွေ့မြင်လိုက်ရသဖြင့် ဒေါသပြင်းစွာ ထွက်လာပြီး လက်ဝါးနှစ်ဘက်တွင် အတွင်းအားများစုစည်းကာ ကုမ္ဘန်တုံးထံသို့ ထပ်မံတွန်းထုတ်လိုက်ပြန်လေသည်။

ကုမ္ဘန်တုံးက ယခုတစ်ကြိမ်သည် ပထမအကြိမ်ထက် အင်အားများစွာရှိပြီး ပြင်းထန်လှသည်ဟု အကဲခတ်မိလိုက်လေသည်။

သူက ခန္ဓာကိုယ်အား လေထဲသို့ ခုန်တက်လိုက်၏။

ယင်းတစ်ဒင်္ဂအချိန်လေးမှာပင်....

'ဝုန်း....'

ဟူသော မြည်ဟီးသံနှင့်အတူ သူ၏နောက်ဘက်ရှိ သစ်ပင်မှ သစ်ကိုင်းများ ကျိုးပဲ့သွားသည်။

ဝိုင်းအုံကြည့်နေသူများက ဝါးတစ်ရိုက်ခန့်အကွာသို့ ခုန်ဆုတ်လိုက်ကြ၏။

ယင်းအချိန်....

ကုမ္ဗန်တုံးက ရေထဲမှ အသာအယာ ပြန်ကျလာလေသည်။

သူသည် မြေပြင်ပေါ်သို့ ခြေချမိလိုက်သည်နှင့် တစ်ပြိုင်နက် လက်ခုပ်လက်ဝါးတီးလိုက်ပြီး မူပုတောင်အား ပြုံးပြလိုက်သည်။

'မဆိုးဘူးဗျ၊ ခင်ဗျားလက်ဝါးက အတော်ပြင်းတာပဲကိုး'

ဟု ချီးကျူးလိုက်လေသည်။

မူပုတောင်က ဒေါသဖြစ်လွန်းသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်လာလေသည်။

သူက အသံကျယ်လောင်စွာဖြင့်....

'ယား....'

ဟု ဟြာသံပေးလိုက်ပြီး ကုမ္ဗန်တုံးဆီသို့ တစ်ဟုန်ထိုး တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်တွင်....

သူက ရေပ်မနား တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သူသည် သူ၏ အကျော်ကြားဆုံးသော သိုင်းကွက်များကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။



သို့သော်....

ကုမ္ဗန်တုံးက သူ၏တိုက်ကွက်များကြားမှ ဗိုလ်ကာသီကာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

သိုင်းကွက်သုံးဆယ်ကျော်မျှ တိုက်ခိုက်ပြီးသောအခါ မူပုတောင်က မောပန်းလာသည်။

ကုမ္ဗန်တုံးကမူ အေးဆေးတည်ငြိမ်စွာဖြင့် မူပုတောင်၏ တိုက်ခိုက်မှုအား ရှောင်တိမ်းနေဆဲပင်။

မူပုတောင်က ဆက်၍တိုက်ခိုက်ခြင်း မပြုတော့ဘဲ ခေတ္တ ရပ်ဆိုင်းကာ ကုမ္ဗန်တုံးအားကြည့်၍ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'မင်း ဘယ်သူလဲ'

ကုမ္ဗန်တုံးက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ကျုပ်က ကယ်ပါဒေးပါ'

သူ၏ မထိမဲ့မြင်စကားကြောင့် ဝမ်ချန်ယင်းက ဒေါသ ထွက်လာသည်။

သူမက မူပုတောင်အား တစ်ချက်ကြည့်လိုက်ပြီး....

'ရှင် ဘေးဖယ်လိုက်ပါ၊ သူ့ကို ကျွန်မဆုံးမမယ်'

ဟု ပြောလိုက်သည်။

မူပုတောင်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သို့သော်....

သူက စောဒကမတက်ဝံ့ဘဲ နောက်ဆုတ်ပေးလိုက်ရလေသည်။

ဝမ်ချန်ယင်းက ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။

သူမက ကုမ္ဘန်တုံးအား စေ့စေ့ကြည့်လိုက်ပြီး....

'ကယ်ပါလေးက ဘယ်ဆိုးလို့တုန်း'

ဟု ချီးကျူးလိုက်သည်။

ကုမ္ဘန်တုံးက စကားမပြောဘဲ ရယ်မောနေသည်။

ဝမ်ချန်ယင်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းဆရာ ဘယ်သူလဲ'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မှာ ဆရာမရှိပါဘူး'

ဟု ဖြည်းဒလေးစွာ ပြောလိုက်၏။

ဝမ်ချန်ယင်းက အလွန်အံ့ဩသွားသည်။



သူမက ကုမ္ဘန်တုံးအား စိုက်ကြည့်ကာ....

'မင်းက ခတ်ပန်းဂိုဏ်းကလား'

ဟု မေးလိုက်၏။

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး'

သူ၏စကားကြောင့် ဝမ်ချန်ယင်းက ဝမ်းသာသွားမိလေသည်။

သူမက အားပါးတရ ပြုံးလိုက်ပြီး....

'ဒါဆိုရင် သိပ်ကောင်းတာပေါ့'

ဟု ပြောရင်း အေးစက်သောအသံဖြင့် ရယ်မောနေလေသည်။

ကုမ္ဘန်တုံးက သူ့အား မျက်မှောင်ကုတ်၍ကြည့်ကာ....

'ဘာကောင်းတာလဲ'

ဟု နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ဝမ်ချန်ယင်းက သူ့အား စူးရှစွာ စိုက်ကြည့်ရင်း....

'မင်းကိုသတ်ပစ်လိုက်ရင် ဘယ်သူက ကျုပ်ကိုအပြစ်ပြောမှာ မဟုတ်ဘူး၊ ဒါပေမယ့်....'

သူမက စကားကိုခေတ္တရပ်နားကာ ကုမ္ဘန်တုံးအား ခြေဆုံးခေါင်းဆုံး အပြန်အလှန်ကြည့်ရင်း ခေါင်းခါယမ်းလိုက်ပြီး....

'ဒါပေမယ့် မင်းရဲ့ရုပ်ရည်က ချောမောလှန်းပြီး အသက်ငယ်ရွယ်နေတဲ့အတွက် သတ်ရမှာတော့ နှမြောလှပါတယ်'

ဟု ပြောလိုက်သည်။

ကုမ္ဘန်တုံးက မဲ့ပြုံးပြုံးလိုက်သည်။

'စိတ်ချပါဗျာ၊ ကျုပ်ပြောပြီးသားပဲ၊ လောကကြီးထဲမှာ အသက်ရှည်ရှည် မနေချင်တော့ပါဘူး၊ တစ်ခုတော့ရှိတယ်'

သူက စကားကို ခေတ္တရပ်နားကာ ဝမ်ချန်ယင်းအား ပြုံးစေ့စေ့ဖြင့် ကြည့်နေလေသည်။

ဝမ်ချန်ယင်းက သူ၏ဟန်မူရာကို ကြည့်ကာ မျက်မှောင်ကုတ်လိုက်သည်။

'ဘာလဲ'

ကုမ္ဘန်တုံးက အေးစက်သောအသံဖြင့်....



'ခင်ဗျားက ကျုပ်ကို သတ်နိုင်မှာမဟုတ်ပါဘူး'

ဟု တစ်ခွန်းချင်း ပြောချလိုက်သည်။

သူ၏စကားကြောင့် ဝမ်ချန်ယင်းမှာ အသားတဆတ်ဆတ်တုန်လာသည်အထိ ဒေါသထွက်လာ၏။

သူမက ကုမ္ဘန်တုံးထံသို့ ခုန်ဝင်လိုက်ပြီး....

'သေပေတော့'

ဟု အော်ဟစ်ကာ ကုမ္ဘန်တုံး၏ရင်ဝသို့ လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

ကုမ္ဘန်တုံးက သူမ၏ လက်ဝါးရိုက်ချက်အား ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်ပေးလိုက်ပြီး ဝမ်ချန်ယင်း၏ရင်ဝရှိ သွေးကြောနေရာသို့ လက်ညှိုးဖြင့် ထောက်လိုက်သည်။

ဝမ်ချန်ယင်းက ရင်ထိတ်သွားမိသည်။

သူမက ရိုက်ချမိသော မိမိလက်ဝါးအား ကမန်းကတန်းပြန်လည်ရုတ်သိမ်းကာ လက်ဝါးစောင်းများစွာ ရိုက်ချလိုက်လေသည်။

ယင်းတဒင်္ဂအချိန်အတွင်းမှာပင်....

ဝမ်ချန်ယင်း၏ လက်ဝါးရိုပ်များက ကုမ္ဗန်တုံး၏ ခန္ဓာကိုယ် တစ်ခုလုံးအား လွှမ်းခြုံထားလိုက်သည်။

နံဘေးမှ ဝိုင်း၍ကြည့်ရှုနေသူများမှာ ကုမ္ဗန်တုံးအတွက် စိုးရိမ်လာကြလေသည်။

အမှန်တွင် ဝမ်ချန်ယင်း၏သိုင်းပညာမှာ အလွန်ထူးခြားပြီး ရက်စက်ကြမ်းကြုတ်ကြောင်း သူတို့က သိရှိထားသောကြောင့် ဖြစ်သည်။

ဝမ်ချန်ယင်း၏ တိုက်ခိုက်မှုမှာ တစ်စထက်တစ်စ ပြင်းထန်လာသည်။

ကုမ္ဗန်တုံးက ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

မကြာမီအချိန်အတွင်းမှာပင်....

ဝမ်ချန်ယင်းက ကုမ္ဗန်တုံး၏ပခုံးကို ဆုပ်ကိုင်မိသွားလေသည်။

ကုမ္ဗန်တုံးက ခြေတစ်ချက် ဆောင့်လိုက်ပြီး....

'လွှတ်....ကျုပ်ကိုလွှတ်'

ဟု ပြောလိုက်သည်။

ဝမ်ချန်ယင်းက သဘောကျစွာ ပြုံးလိုက်၏။



'ဟဲ....ဟဲ....ဟဲ....မင်းက ဘယ်နည်းနဲ့ သေချင်သလဲဆိုတာ ပြောပါ'

ကုမ္ဗန်တုံးက ပခုံးတစ်ချက် တွန့်လိုက်၏။

သူက ဝမ်ချန်ယင်းအား စေ့စေ့ကြည့်လိုက်ပြီး....

'ခင်ဗျားက ကျုပ်ကို တကယ်ပဲ သတ်ပစ်တော့မှာလား'

ဟု မေးလိုက်၏။

ဝမ်ချန်ယင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ကုမ္ဗန်တုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'အင်း.... ဘယ်လိုမှ ပြောလို့မရတော့ဘူး ဆိုရင်တော့ ခင်ဗျားသဘောပဲလေ့၊ ဒါပေမယ့် ကျုပ်ကတစ်ခုတော့တောင်းဆိုပါရစေ'

'ဘာကိုလဲ'

'ကျုပ် အသားမနာဘဲ သေချင်တယ်'

ဝမ်ချန်ယင်းက ရယ်မောလိုက်သည်။

'မင်းကို ဓားနဲ့ ခုတ်သတ်လိုက်မယ်လေ'

ကုမ္မန်တုံးက ကမန်းကတန်း လက်ကာပြလိုက်ပြီး ထိတ်လန့်တုန်လှုပ်ဟန်ဖြင့်....

'မလုပ်ပါနဲ့ဗျာ. ဓားနဲ့ခုတ်သတ်ရင် သိပ်နာမှာပေါ့'

ဟု ပြောလိုက်လေသည်။

ဝမ်ချန်ယင်းက သူ့အားစေ့စေ့ကြည့်လိုက်သည်။

'ဒါဆိုရင် မင်းက ဘယ်လိုနည်းနဲ့ ဒသချင်တာလဲ'

ကုမ္မန်တုံးက ကြောင်အမ်းအမ်းအမူအရာဖြင့်ဝမ်ချန်ယင်းအား ကြည့်လိုက်လေသည်။

'ကျုပ်က ဘယ်လိုနည်းနဲ့သေရင် ကောင်းမလဲ'

သူ၏အမူအရာကြောင့် ဝမ်ချန်ယင်းက ဒေါသထွက်လာလေသည်။

သူမက မိမိမှာ ကုမ္မန်တုံးနှင့် ဆက်၍စကားပြောနေပါလျှင် အချိန်ကုန်ဖို့သာ ရှိမည်ဟု စဉ်းစားမိလိုက်သဖြင့်....

'ကောင်းပြီလေ၊ မင်းသေဖို့အတွက် အကောင်းဆုံး နည်းကတော့



သူမကဲ စကားကို တင်ပိုင်းတစ်စဖြင့် ရပ်တန့်ကာ ကုမ္မန်တုံး၏ပခုံးကို ဆုပ်ကိုင်လိုက်၏။

သူမ၏အကြံအစည်မှာ ကုမ္မန်တုံး၏ ခန္ဓာကိုယ်ရှိ အကြောများကို ဆေးဝါးကုသ၍ ဖရအောင် ဖျက်ဆီးပစ်ရန် ရည်ရွယ်လိုက်ခြင်း ဖြစ်သည်။

သို့သော်....

သူမက ကုမ္မန်တုံး၏ပခုံးအားအားကုန်ဖျစ်ညှစ်လိုက်သည်နှင့် ရုတ်တရက် ကုမ္မန်တုံး၏ ပခုံးမှာ ချောမွတ်နေသည်ဟု ခံစားလိုက်ရသည်။

ထို့ပြင်....

သူမ၏ လက်ချောင်းများက ကုမ္မန်တုံးအား မြဲမြံစွာ ဆုပ်ကိုင်ထားနိုင်ခြင်း မရှိတော့ပါချေ။

ရုတ်တရက်....

ကုမ္မန်တုံး၏ခန္ဓာကိုယ်သည် ဝမ်ချန်ယင်း၏လက်ထဲမှ ငါးရှဉ့်တစ်ကောင်အလား ချော၍ထွက်သွား၏။

ကုမ္မန်တုံးက ခန္ဓာကိုယ်အား လေထဲတွင် နောက်ကျွမ်းပစ်လိုက်ရာ ဝါးတစ်ရိုက်ခန့် အဝေးသို့ ရောက်ရှိ သွားလေသည်။

သူက ခေါင်းခါယမ်းလိုက်ကာ....

'ဒီမှာနေရတာ မကောင်းပါဘူး၊ ကိုယ့်ဖာသာ သူများဆီကသွားပြီး တောင်းရမ်းစားတာကမှ အရသာ ရှိသေးတယ်၊ သွားမှပဲ

သူက ပြောပြီးသည်နှင့် ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ဝမ်ချန်ယင်းက ခြေထောက်တစ်ဘက်ဆောင့်ကာ...

'ဟိတ်...မပြေးနဲ့'

ဟု အော်ဟစ် ဟန့်တားလိုက်သည်။

သို့သော်....

ကုမ္ဘန်တုံးက ရပ်တန့်ခြင်းမပြုဘဲ မြားတစ်စင်းပမာ ပြေးလွှား သွားလေသည်။

ရုတ်တရက်....

မူပုတောင်က....

'ယား....'



ဟု မာန်သွင်းအော်ဟစ်ကာ ကုမ္ဘန်တုံးနောက်သို့ ပြေးလွှားလိုက်ပါ သွားလေတော့သည်။

....ပ....

မကြာမီ....

ကုမ္ဘန်တုံးနောက်သို့ ပြေးလွှား လိုက်ပါသွားသော မူပုတောင်က ပြန်လည်ရောက်ရှိလာလေသည်။

သူ၏ဟန်မူရာမှာ စိတ်ပျက်နေဟန် ရှိ၏။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဖုန်၊ သဲများ ပေကျံနေပြီး မျက်နှာတစ်ခုလုံး ညိုမည်းနေလေသည်။

မြင်တွေ့ရသော အခြေအနေကြောင့် ဝမ်ချန်ယင်းက အလွန် အံ့သြသွားလေသည်။

သူမက မူပုတောင်အားကြည့်လိုက်ပြီး....

'ရှင်က ဘယ်လိုဖြစ်လာတာလဲ'

ဟု မေးလိုက်လေသည်။

မှုပုတောင်က အံကိုတင်းတင်း ကြိတ်လိုက်ပြီး....

'ဒီကယ်ပါလေးက အတော့်ကိုဆိုးတယ်၊ နောက်တစ်ခါ တွေ့ရင် ဒင်းကို အမှုန့်ကြိတ်ပစ်မယ်'

ဟု မကျေမနပ် ကြုံးဝါးလိုက်လေသည်။

သူ၏စကားကြောင့် ဝိုင်းအုံကြည့်ရှုနေသူများမှာ ပြုံးမိလိုက်ကြလေသည်။

ဝမ်ချန်ယင်း ကိုယ်တိုင်ကလည်း ရယ်မောလိုသော်လည်း ရယ်မော၍ မရအောင် ဖြစ်နေလေသည်။

အကြောင်းမှာ....

သူမကိုယ်တိုင် ကုမ္ဘန်တုံးအား ရှုံးနိမ့်ခဲ့ရသည် မဟုတ်ပါလော....။

အမှန်တွင်....

သူမရှုံးနိမ့်ခဲ့ခြင်းကို သူမတစ်ယောက်တည်းသာ သိရှိထားခြင်းဖြစ်၏။

သူမက သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

'အင်း....ဒီကယ်ပါလေးကို ကျွန်မတော့ သိုင်းလောကမှာ တစ်ခါမှ မမြင်ဖူးပါဘူး'



ဟု ပြောလိုက်လေသည်။

မှုပုတောင်က ခေါင်းခါယမ်းလိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ကျုပ် သူ့ကို တွေ့အောင်ရှာပြီး ဆုံးမပေးပါ့မယ် သခင်မလေး'

သူ၏ ကြုံးဝါးသံက ဝန်းကျင်တစ်ခုလုံးသို့ ကျယ်လောင်စွာ ပဲ့တင်ထပ်သွားလေတော့သည်။

ထူးဆန်းသောအဘိုးအို

ကောင်းကင်ပြင်ပေါ်တွင် ဗျိုင်းနှစ်ကောင်က ပျံသန်းသွားနေ သည်။

ပုဂ္ဂ ီအီရောင် ကောင်းကင်ပြင်ပေါ်၌ အဖြူရောင်ဗျိုင်းနှစ်ကောင် ပျံသန်းနေခြင်းမှာ အလွန် လိုက်ဖက်သင့်လျော်ပေသည်။

ရာသီဥတု ကြည်ကြည်လင်လင်ရှိနေပြီး ခန်းကျင်တစ်ခုလုံး သာယာလှပလွန်းလှပေသည်။



အချိန်ကား ညနေဆည်းဆာ တိမ်တောက်ချိန်မျိုး ဖြစ်လေသည်။

လုယ°က ပြေးလွှားလာသော ခြေလှမ်းကို ရပ်တန့်လိုက်သည်။

သူသည် လျှို့ဝှက်စံအိမ်မှ ခြေဦးကည့်ရာသို့ ပြေးလွှားလာခဲ့ခြင်းဖြစ်လေသည်။

သူ၏ ခြေထောက်များမှာ မရပ်မနား ပြေးလွှားလာခဲ့ရာ ယခု နေဝင်ချိန်ရောက်ရှိလာမှ ရပ်တန့်သွားခြင်းဖြင့်၏။

အကြောင်းမှာ....

သူသည် ဆက်လက် ပြေးလွှားရန် ခွန်အား ကုန်ခန်းနေပြီ ဖြစ်၏။

သူက ခြေလှမ်း ရပ်တန့်သွားသောအခါ မောပန်းလာသဖြင့် အသက်ပြင်းပြင်းရှူနေလေသည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးများခြဲကာ တုန်တုန်ယင်ယင် ဖြစ်နေ၏။

တစ်ခဏအကြာတွင်....

လုယ°က သစ်ပင်တစ်ပင်အောက်တွင် ထိုင်ချ၍ အမော ဖြေလိုက်လေသည်။

သို့ဖြင့်....

အချိန်အနည်းငယ်ကြာသောအခါ သူက အမောပြေလာ ေ◌သည်။

ယခုမှ....

သူက ပတ်ဝန်းကျင်အား သတိပြု ကြည့်ရှုလိုက်မိလေ သည်။

ဤပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်များ ကျိုးတိုးကျဲတဲ ပေါက်၍ ဟိုတစ်ပင် ထည်တစ်ပင်ပေါက်နေ၏။

ထို့ပြင်....

သူသည် တစ်နေ့လုံး ပြေးလွှားလာရသဖြင့် ဝမ်းဗိုက်ထဲ၌ ဆာလောင်လာကြောင်း သတိပြုမိလိုက်၏။

သူက သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

ယခုအချိန်တွင်....
သူသည် အစားအသောက်များ အလွန်လိုအပ်နေပြီမဟုတ် ပါလား။

သူသည် နောက်ကြောင်းပြန် လှည့်ကာ စားသောက်စရာ များ ရှာဖွေရန် မလွယ်တော့ပေ။



ထို့ကြောင့်....
ရှေ့သို့သာ ဆက်သွားရမည်ဖြစ်၏။
ဤသို့ဖြင့်....
လုယံကဲ ထိုင်ရာမှထကာ၍ ရှေ့သို့ ဆက်လျှောက်သွားလေ တော့သည်။

....ဒ....

ဤနေရာသည် တောင်ကြားလမ်းတစ်ခုဖြစ်လေသည်။
လမ်း၏ ဘေးတစ်ဘက်တစ်ချက်တွင် ကျောက်ဆောင်များ ရှိနေလေသည်။
ကျောက်ဆောင်ကြီးများမှာ အမတ်စောက်စွာ ရှိနေ၏။
မြင်ကွင်းကိုကြည့်ကာ လုယံက ခေါင်းခါယမ်းလိုက်မိ လေသည်။

သူသည် ဤကဲ့သို့သော နေရာမျိုးတွင် အစားအစာ ရှာရန်မှာ လွယ်ကူမည် မဟုတ်ကြောင်း စဉ်းစားမိလိုက်လေသည်။

သူက ယင်းသို့ စဉ်းစားမိလိုက်သော်လည်း သူ၏ခြေလှမ်းများမှာ တောင်ကြားလမ်းထဲသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

အတန်ကြာ လျှောက်လာမိသည်နှင့် ရုတ်တရက် သူ၏ ဦးခေါင်းပေါ်မှ အသံတစ်ခု ထွက်ပေါ်လာခြင်းကို ကြားလိုက်ရလေသည်။

'ကျုပ်စောင့်နေတာ ဆယ်နှစ်လောက်ရှိပြီ၊ မင်းက အခုမှ ရောကလာတာကိုး'

မမျှော်လင့်ဘဲ ထွက်ပေါ်လာသောအသံကြောင့် လုယံက ထိတ်လန့်သွားပြီး ပတ်ဝန်းကျင်သို့ ကမန်းကတန်း မျက်လုံး ဝေ့ကြည့်လိုက်လေသည်။

ထိုအခါ....

တောင်ကြားလမ်း၏ တစ်ဘက်ရှိ ကျောက်ဆောင် တစ်ခု အကြား၌ ထိုင်နေသော အဘိုးအိုတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။



ယင်းအဘိုးအိုမှာ ဆံပင်များ ဖြူဖွေးနေပြီဖြစ်၍ သူက မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသောကြောင့် အမှတ်တမဲ့ ကြည့်လျှင် တွေ့မြင်နိုင်ရန် မလွယ်ကူပါချေ။

လုယံက ထိတ်လန့်စွာဖြင့် အဘိုးအိုအား ကြည့်လိုက်၏။

အဘိုးအိုက သူ့အား လက်ယပ်ခေါ်နေလေသည်။

'မင်းက ရေစက်ရှိလို့သာ ဒီလိုနေရာမျိုးကို ရောက်လာနိုင်တာ၊ မြန်မြန်လာခဲ့ပါ'

ဟု အေးစက်စက်အသံဖြင့် ပြောလိုက်၏။

လုယံက သူ၏စကားကြောင့် အလွန်အံ့သြသွားမိလေသည်။

'ဘဘက ကျွန်တော့်ကို ခေါ်နေတယ်ဟုတ်လား'
ဟု မေးလိုက်မိလေသည်။

အဘိုးအို၏ မျက်ခုံးမွှေးအစုံက နဖူးပေါ်သို့ ခုန်တက်သွားသည်။

သူက စိတ်မရှည်ဟန်ဖြင့်....

'ဒီတောင်ကြားထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်းရှိတာပဲ ကျုပ်က မင်းကိုမခေါ်ရင် ဘယ်သူ့ကို ခေါ်ရမှာလဲ'

ဟု တင်းမာသောလေသံဖြင့် မေးလိုက်လေသည်။

လုယံက အဘိုးအိုအားကြည့်ကာ မဝံ့မရဲဖြင့်....

'ကျွန်တော်က ဘဘကိုမှမသိဘဲ'

ဟု ပြောလိုက်လေသည်။

အဘိုးအိုက စိတ်မရှည်ဟန်ဖြင့်....

'စကားမရှည်နဲ့၊ ဒီကို မြန်မြန်တက်ခဲ့စမ်း'

ဟု အော်ငေါက်လိုက်၏။

လုယံက တွေဝေသွားရလေသည်။

သို့သော်....

သူသည် ဝမ်းဗိုက်ထဲမှာ အလွန်ဆာလောင်နေပြီ ဖြစ်သောကြောင့် အဘိုးအိုထံမှ စားသောက်ဖွယ်ရာများ ရရှိနိုင်မည်ဟု တွေးဆမိကာ ကျောက်တောင်ပေါ်သို့ လျှင်မြန်စွာ ပြေးတက်သွားလေသည်။

သူက ကျောက်တောင်ပေါ်သို့ ရောက်ရှိသွားသည်နှင့် အဘိုးအိုအား လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

'ဘဘက ကျွန်တော့်ကို ဘာကိစ္စရှိလို့ ခေါ်တာပါလဲ'

ဟု မေးလိုက်သည်။

အဘိုးအိုက သူ့အား တစ်ချက်ကြည့်လိုက်ပြီး....



'မင်းမှာ ပစ္စည်းပါလာခဲ့လား'

ဟု မေးလိုက်သည်။

ထိုမေးခွန်းကြောင့် လုယံက အံ့သြသွားမိသည်။

သူက အဘိုးအိုအား ကြောင်အမ်းအမ်းဖြင့် ကြည့်ကာ....

'ဘာပစ္စည်းလဲ ခင်ဗျာ'

ဟု ပြန်မေးလိုက်သည်။

အဘိုးအိုက သူ့အား စေ့စေ့ကြည့်လိုက်၏။

'မင်းဆီမှာ စာအုပ်တစ်အုပ် ပါလာတယ် မဟုတ်လား'

ထိုစကားကြောင့်....

လုယံက အလွန်အံ့သြကာ ရင်ထိတ်သွားမိသည်။

သူက အံ့ကြိတ်ကာ ကမန်းကတန်း လက်ဖြင့် ဖိထားလိုက်သည်။

ဤအဘိုးအိုမှာ အဘယ်ကြောင့် မိမိအိတ်ထဲ၌ စာအုပ်တစ်အုပ် ပါရှိလာခြင်းကို သိရှိနေပါသနည်းဟုလည်း စဉ်းစားနေမိလေသည်။

သူ၏ အပြုအမူကိုကြည့်ကာ အဘိုးအိုက မျက်မှောင်ကုတ်လိုက်၏။

'ကျုပ်မေးတာကို ဘာဖြစ်လို့ မဖြေတာလဲ'

လုယာ့က မနေနိုင်တော့ပါချေ။

သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

'ဟုတ်ကဲ့၊ စာအုပ်ကရှိပါတယ်'
ဟု ပြောလိုက်မိသည်။

အဘိုးအိုက မျက်မှောင်ကုတ်လိုက်ပြီး....

'ဒါဖြင့် ဘာငိုင်နေတာလဲ'

လုယာ့က နားမလည်နိုင်စွာဖြင့်....

'ကျွန်တော်က ဘာလုပ်ရမှာလဲ'

အဘိုးအိုက...,

'စာအုပ်ပါရင် ငါ့ကိုပြလေ'

ထိုစကားကြောင့် လုယာ့မှာ အခက်ကြုံသွားရသည်။

သူသည် စာအုပ်အား ထုတ်မပြလိုပါချေ။

သို့သော်....

သူသည် စာအုပ်ထုတ်မပြပါက မိမိအား အဘိုးအိုမှ ရန်ပြုလာမည်ကို စိုးရိမ်သဖြင့် မည်သို့မျှ မတတ်သာတော့ဘဲ အိတ်ထဲရှိ စာအုပ်တစ်ဝက်ကို နှိုက်ယူကာ ပေးလိုက်ရလေသည်။



အဘိုးအို၏မျက်လုံးများက ထိုစာအုပ်အား မြင်တွေ့လိုက်သည်နှင့် ဝင်းလက်တောက်ပသွားသည်။

သူသည် စာအုပ်အားစိုက်ကြည့်ကာ ချက်ချင်း....,

'ဟား....ဟား....ဟား'

အားပါးတရ ရယ်မောလိုက်သည်။

သူသည် အတန်ကြာအောင် ရယ်မောနေပြီးမှ လက်တစ်ဘက်ကို ဆန့်တန်းကာ....

'ယူပါ'

ဟု ပြောရင်း သူ၏နံဘေးရှိကျောက်တုံးကြီးအား လက်ညှိုးညွှန်ပြလိုက်သည်။

ယခုတစ်ကြိမ်....

အဘိုး၏လေသံမှာ ပျော့ပျောင်းလာသည်ဟု လုယာ့က ခံစားမိလိုက်သည်။

သူက အဘိုးအို၏နံဘေးတွင် ထိုင်ချလိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ကြီးစိုးလာပြီ ဖြစ်သည်။

ကောင်းကင်ပြင်ပေါ်၌မူ လခြမ်းကွေးကလေးက ထွက်ပေါ်လာချေပြီ။

အဘိုးအိုက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ လုယ°အား စိုက်ကြည့်လိုက်၏။

'မင်းနာမည် ဘယ်သူလဲ'
ဟု မေးလိုက်သည်။

လုယ°က....

'လုယ°ပါ'

အဘိုးအိုက သူ့အား စေ့စေ့ကြည့်ကာ....

'မင်းဆရာက ဘယ်သူလဲ'

ဟု ထပ်မံမေးလိုက်ပြန်၏။

လုယ°က ခေါင်းခါယမ်းလိုက်ပြီး....

'ကျွန်တော့်မှာ ဆရာမရှိပါဘူး'
ဟု ပြောလိုက်သည်။

အဘိုးအိုက နောက်ထပ်မေးခွန်းတစ်ခု မေးလိုက်ပြန်၏၊

'မင်းအသက် ဘယ်လောက်ရှိပြီလဲ'

လုယ°က...
'နှစ်ဆယ်ပါ'



အဘိုးအိုက သူ၏စကားကြောင့် အလွန်အံ့ဩသွားမိလေသည်။

သူက ဝမ်းသာအားရ ဖြစ်သွားဟန်ဖြင့်....

'မင်းအသက် နှစ်ဆယ်ဆိုတော့ သိုင်းပညာသင်ကြားလို့ အကောင်းဆုံးအရွယ်ပဲကွယ့်'

သူက ထိုသို့ပြောရင်း လုယ°၏လက်ကောက်ဝတ်အား ဖမ်းဆုပ်လိုက်သည်။

လုယ°က ထိတ်လန့်သွားကာ ရုန်းဖယ်လိုက်၏။

သို့သော်....

သူသည် ရုန်းဖယ်၍မရဘဲ ဖြစ်နေသည်။

အဘိုးအိုက လုယ°၏အရိုးအဆစ်များအား တစ်ခုစီ စမ်းသပ်ကြည့်ရှုလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ဖမ်းဆုပ်ထားသော လုယ°၏လက်ကို လွှတ်ပေးလိုက်သည်။

တစ်ဆက်တည်းမှာပင်....

သူသည် လုယ°၏မျက်နှာအား စေ့စေ့ကြည့်ကာ....
'မင်းက ဒီစာအုပ်ထဲက သိုင်းပညာကို သင်ယူထားတယ် မဟုတ်လား'
ဟု မေးလိုက်သည်။

လုယ်ကြ ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ပါတယ်'

အဘိုးအိုက ထပ်ဆင့်၍....

'မင်းက စာအုပ်ထဲကအတိုင်း သင်ကြားပြီးတော့ အသုံးမချတတ်ဘဲ ဖြစ်နေတယ်မဟုတ်လား'

လုယ်ကြ အလွန်ငုံ့ဩသွားသည်။

သူက အဘိုးအိုအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး....

'အဘက ဘယ်လိုလုပ်ပြီး သိတာပါလဲ'

ဟု မေးလိုက်သည်။

အဘိုးအိုက ပြုံးကာ စာအုပ်ကလေးအား ထောင်ပြလိုက်သည်။

'ဒီစာအုပ်က ကျုပ်ရဲ့စာအုပ်ပဲ၊ မသိဘဲ နေပါ့မလား'

လုယ်ကြ သူ၏စကားကြောင့် အလွန်စိတ်ဝင်စားလာမိလေသည်။

သူက အဘိုးအိုအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....



'အဘရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ'

ဟု ရိုသေစွာ မေးလိုက်သည်။

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'မင်း သိစရာမလိုပါဘူး'

လုယ်ကြ မျက်မှောင်ကုတ်လိုက်၏။

'အဘက ဘာဖြစ်လို့ ကျွန်တော့်ဆီမှာ စာအုပ်ပါလာတာကို သိနေ....'

သူ၏စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်လိုက်သည်။

'ဒါတွေကို မင်းသိစရာမလိုပါဘူး'

ဟု တီးတိုးပြောလိုက်၏။

သူ၏စကားကြောင့် လုယ်ကြ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

အဘိုးအိုက စကားဆက်လိုက်သည်။

'မင်း ဒီစာအုပ်ကို ပြန်ယူသွားပါ'

ဟု ပြောကာ စာအုပ်အား လုယ်ကြထံသို့ လှမ်းပေးလိုက်လေသည်။

လုယ°က ကြောင်အမ်းအမ်းဖြင့် စာအုပ်အား လှမ်းယူထားလိုက်ရသည်။

အတိုးအိုက သူယိုင်နေသော အနောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

လုယ°က သူလက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ ကျောက်ဆောင်များအကြားတွင် ကျောက်အိမ်တစ်လုံးတည်ဆောက်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

အတိုးအိုက လုယိအား တစ်ချက်ကြည့်လိုက်ပြီ

'မင်း အဲဒီကျောက်အိမ်လေးထဲမှာ သိုင်းပညာ သွားပြီးလေ့ကျင့်ပါ။ တစ်သလောက်ကြာတဲ့အခါမှာ မင်းရဲ့သိုင်းပညာ သူမတူအောင် ထူးချွန်လာပါလိမ့်မယ်'

ဟု ပြောလိုက်သည်။

ထို့နောက်....

သူက လုယ°၏ခန္ဓာကိုယ်ပေါ်သို့ လက်ညှိုးဖြင့် ထောက်လိုက်လေသည်။

လုယ°က ထိတ်လန့်သွား၏။

ထိုစဉ်မှာပင်...



သူ၏ခေါင်းမှတစ်ဆင့် အပူငွေ့တစ်ခုထွက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ လှည့်ပတ်သွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

တစ်ဆက်တည်းမှာပင်...

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းလာသည်ဟု ထင်မှတ်လိုက်ရလေသည်။

အတိုးအိုက ပြုံးလိုက်၏။

'ကဲ...သွားပေတော့'

လုယ°က လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ရင်း အတိုးအိုအား ရှိသေလေးစားစွာဖြင့်....

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ဟု ပြောလိုက်၏။

အမှန်တွင်....

သူက အတိုးအိုမှာ မိမိ၏ပင်ပန်းနွမ်းနယ်မှုများကို ပျောက်ကင်းအောင် ကုသပေးခဲ့သောကြောင့် ယခုကဲ့သို့ ကျေးဇူးတင်စကား ပြောလိုက်ခြင်းဖြစ်သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်ချုပ်
အောင် ရွ
ရန်၊ ၂၁၇၄၅

သူသည် အဘိုးအိုအား ကျေးဇူးတင်စကားပြောပြီးနောက် ကျောက်အိမ်ကလေးအတွင်းသို့ လျှောက်သွားသည်။

ကျောက်အိမ်ကလေးမှာ ကျောက်တုံးကျောက်ခဲများဖြင့် တည်ဆောက်ထားသောကြောင့် တစ်မျိုးထူးဆန်းနေသည်။
လုယာ့က ကျောက်အိမ်ကလေးတံခါးဝမှတစ်ဆင့် အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်နှင့်....

'ဝုန်း....'

ဟူသော အသံတစ်ခုက ကျယ်လောင်စွာထွက်ပေါ်လာပြီး ကျောက်အိမ်ကလေး၏ တံခါးမှာ လုံးဝပိတ်သွားလေတော့သည်။

....ဝ....



ကျောက်အိမ်ကလေး၏ တံခါးမှာ ပြန်လည်ပိတ်သွားပြီ ဖြစ်သည်။

တံခါးပိတ်သွားသည်နှင့် အခန်းတစ်ခုလုံး မှောင်မည်းသွား၏။

ထိုအချင်းအရာကြောင့် လုယာ့က ရင်ထိတ်သွားမိသည်။

'တံခါးဖွင့်ပါဦးဗျ'

သူက အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်၏။

ဤတွင်....

သူ၏အသံက အခန်းတစ်ခုလုံးအား ပဲ့တင်ထပ်သွားလေသည်။

သို့သော်....

မည်သူတစ်ဦးတစ်ယောက်မျှ တံခါးကို လာရောက်ဖွင့်ပေးခြင်း မရှိပါချေ။

လုယာ့က အသံကို ထပ်မြှင့်ကာ....

'တံခါးဖွင့်ပါဦး'

ဟု အော်ဟစ်လိုက်ပြန်၏။

သို့သော်....

တံခါးက တုတ်တုတ်မျှမျှ မလှုပ်ပါချေ။

လုယံက ထိတ်လန့်တုန်လှုပ်ကာ ဒေါသထွက်လာသည်။

'ဟေ့... တံခါးဖွင့်ပေးစမ်း'

သူက ယင်းသို့ ထပ်ခါတလဲလဲ အော်ဟစ်လိုက်၏။

သူက မည်သို့အော်ဟစ်နေစေကာမူ မည်သူကမျှ တံခါးလာဖွင့်ပေးခြင်း မရှိပါချေ။

နောက်ဆုံးတွင်....

သူ၏အသံများ တိမ်ဝင်လာကာ တံခါးဝတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

အခန်းတစ်ခုလုံးလည်း မှောင်မည်းနေသည်။
သူသည် အဘန်ကြာ ထိုင်နေမိသောအခါ သူ၏စိတ်များ ပြန်လည်တည်ငြိမ်လာသည်။

ဝမ်းဗိုက်ကလည်း ပြန်လည်ဆာလောင်လာ၏။

ယခုအခါ အခန်းတစ်ခုလုံး မှောင်မည်းနေသဖြင့် မိမိ၏ ခြေလက်များကိုပင် မမြင်တွေ့ရပါ။



လုယံက စမ်းတဝါးဝါးဖြင့် အခန်းတွင်း၌ လျှောက်သွားနေသည်။

ထိုအချိန်....

'ထန်း....'

ရုတ်တရက်....

သူ၏ခြေထောက်က တစ်စုံတစ်ခုကို တိုက်မိလိုက်သည်။

လုယံက ကမန်းကတန်းထိုင်ချလိုက်ပြီး သူ၏ခြေထောက်နှင့် တိုက်မိသော အရာဝတ္ထုအား စမ်းကြည့်လိုက်သည်။

ထိုအရာဝတ္ထုအား သေချာစွာ စမ်းမိလိုက်သောအခါ သူက အလွန်ဝမ်းသာသွားမိသည်။

အကြောင်းမှာ....

သူ၏ခြေထောက်နှင့် တိုက်မိသောအရာမှာ အရက်အိုးဖြစ်နေကြောင်း သိရှိလိုက်ရ၍ဖြစ်သည်။

သူက လက်နှစ်ဘက်ဖြင့် ဝန်းကျင်အား စမ်းသပ်ကြည့်လိုက်လေသည်။

ထိုအခါ...

သူ၏ပတ်ဝန်းကျင်တွင် အရက်အိုး ဆယ့်လေးအိုးခန့်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ၡင်းအပြင်....

အရက်အိုးများအနီးတွင် ကြီးမားသော ဂုန်လျှော်အိတ်ကြီးတစ်လုံး ရှိနေသည်ကိုပါ တွေ့မြင်လိုက်ရသည်။

လုယီက စဉ်းစ းတွေဝေခြင်းပင်မပြုတော့ဘဲ ထိုဂုန်လျှော်အိတ်အတွင်းသို့ လက်ဖြင့်နှိုက်ကာ စမ်းသပ်ကြည့်လိုက်သောအခါ ထမင်းခြောက်များဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ဆာလောင်မွတ်သိပ်နေပြီ ဖြစ်သောကြောင့် မနေနိုင်တော့ပါချေ။

သူက ထမင်းခြောက်များကို အားပါးတရ စားလိုက်လေသည်။

တစ်ဆက်တည်းမှာပင်....

အရက်အိုးတစ်လုံးကို အဖုံးရိုက်ခွဲကာ မော့ချလိုက်၏။

ထိုအခါ....

သူ၏ဝမ်းဗိုက်တွင်း၌ ဆာလောင်မွတ်သိပ်မှုများ ပျောက်ကင်းသွားသည်ဟု ခံစားလိုက်ရသည်။



ထမင်းခြောက်နှင့် အရက်များမှာ အနည်းဆုံး တစ်လခန့် စားရမည်ဟု သူက ခန့်မှန်းမိလိုက်သည်။

ထို့ပြင်....

ဤကျောက်အိမ်ကလေးအတွင်းရှိ အစားအသောက်များအား ကျောက်ဆောင်မပါတွင် မြင်တွေ့ခဲ့ရသောကြောင့် အတိုးအိုက စီစဉ်ထားခြင်းဖြစ်ရမည်ဟု သိရှိလိုက်သည်။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း....ဘာပဲဖြစ်ဖြစ် ငါ ဒီကျောက်အိမ်ကလေးထဲမှာ တစ်လလောက်နေပြီး သိုင်းပညာလေ့ကျင့်မယ်'

ဟု ဆုံးဖြတ်လိုက်လေတော့သည်။

.... - ....

အခန်းတစ်ခုလုံး မှောင်မည်းနေသည်။

နေ့၊ ညဟူ၍ ခွဲခြား၍ မရနိုင်ပါချေ။

သို့သော်....

အချိန်များမှာ တစ်စထက်တစ်စ ကုန်ဆုံးသွားသည်ဟု လုယံကသိရှိနေသည်။

သူသည် ကျောက်ကြမ်းပြင်သို့ ထိုင်ချလိုက်ပြီး သူ၏အင်္ကျီ အိတ်ထဲရှိ သိုင်းကျမ်းစာအုပ်အတွင်းမှ သိုင်းပညာရပ်များကို ပြန်လည် စဉ်းစားလိုက်သည်။

ထိုအချိန်....

ရုတ်တရက် သူ၏နောက်ကျောဆီမှ အပူငွေ့တစ်ခု ထွက်ပေါ်လာပြီး ခန္ဓာကိုယ် တစ်ခုလုံးသို့ လှည့်ပတ်သွားနေသည်ဟု ခံစားလိုက်ရ၏။

သူက အလွန်ဝမ်းသာသွားမိလေသည်။

သူသည် ပထမအကြိမ် သိုင်းစာအုပ်ထဲမှ သိုင်းပညာရပ်များကို လေ့ကျင့်စဉ်တွင် သူ၏သွေးကြောများ ပိတ်ဆို့သွားသကဲ့သို့ ဖြစ်သွားခဲ့လေသည်။

ထို့ကြောင့်....



သူက သိုင်းပညာရပ်များအား အလွတ်ကျက်၍ ရရှိခဲ့သော်လည်း အသုံးချနိုင်စွမ်း မရှိဘောပါချေ။

ယခု....

သူ၏သွေးကြောများ ပွင့်သွားခဲ့ပြီဖြစ်သည်။

သူက ဝမ်းသာအားရဖြင့် စာအုပ်အတွင်းမှ သိုင်းပညာရပ်များကို ပြန်လည်စဉ်းစားကာ လေ့ကျင့်နေလေတော့သည်။

... ၁ ...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။

လုယံက သိုင်းပညာရပ်များကို စဉ်းစားလိုက်၊ လေ့ကျင့်လိုက်ဖြင့် ရှိနေ၏။

တစ်ခါတစ်ရံ အလွန်ခက်ခဲသော ပညာပိုင်းများသို့ရောက်ရှိလာသောအခါ လုယိက အာရုံစိုက်ရသဖြင့် ဦးခေါင်းမူးနောက်လာလေသည်။

ထိုအခါမျိုးတွင် သူသည် မျက်စိစုံမှိတ်ပြီး အိပ်စက်အနားယူလိုက်ခြင်းဖြင့် အချိန်များ ကုန်ဆုံးသွားလေသည်။

ဤသို့ဖြင့်....

အချိန်များကုန်ဆုံးလာသည်နှင့်အမျှ သိုင်းပညာစာအုပ်မှ သိုင်းပညာရပ်များလည်း ကုန်ဆုံးလာလေတော့သည်။

လုယိက အိပ်ပျော်နေရာမှ လူးလိမ့်ထလိုက်၏။

သူသည် သိုင်းပညာစာအုပ်တွင် ပဲ ရှိလာသောနောက်ဆုံးစာရွက်ရှိ သိုင်းပညာများကို လေ့ကျင့်ပြီးနောက် စိတ်ကိုဒုန်းဒုန်းချကာ အိပ်လိုက်လေသည်။

ယခု....

သူအိပ်ရာမှ နိုးလာသောအခါ အခန်းတစ်ခုလုံးပြောင်းလဲနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ပထမဦးစွာ မှောင်မည်း တိတ်ဆိတ်နေသော အခန်းတစ်ခုလုံး အလင်းရောင်ဖြင့် လင်းလင်းချင်း ရှိနေခြင်းကိုတွေ့မြင်လိုက်ရ၏။



လုယိက မျက်လုံး ဖွင့်ကြည့်လိုက်သည်နှင့် အချိန်အတန်ကြာအောင် မတွေ့မမြင်ခဲ့ရသည့် အလင်းရောင်ကို မြင်တွေ့လိုက်ရလေသည်။

စူးရှသော အလင်းရောင်ကြောင့် သူ၏မျက်လုံးများ မခံမရပ်နိုင်အောင် ကျိန်းစပ်သွားကာ မျက်လုံး မှိတ်ထားလိုက်ရပြန်၏။

အတန်ကြာမှ....

သူက မျက်လုံးကို ဖြည်းဖြည်းချင်း ပြန်ဖွင့်လိုက်လေသည်။

ယခုတစ်ကြိမ်တွင်မူ အခန်းတွင်းရှိ အရာဝတ္ထုများအားသူက အလင်းရောင်ဖြင့် သဲသဲကွဲကွဲ တွေ့မြင်လိုက်ရလေသည်။

သူရောက်ရှိနေသော အခန်းသည် မကျဉ်းမကျယ် ရှိပြီးအခန်းထဲ၌ ကျောက်စားပွဲ၊ ကျောက်ကုလားထိုင်၊ ကျောက်ခုတင်မှလွဲ၍ မည်သည့်ပစ္စည်းမျှ ရှိမနေပါချေ။

သူ၏အနီးတစ်ဝိုက်တွင် ကုန်ခန်းနေပြီဖြစ်သော အရက်အိုးများနှင့် ဂုန်လျှော်အိတ် အလွတ်တစ်လုံးသာ ရှိနေလေသည်။

သူက ခြေလက်များကိုဆန့်တန်းကာ အညောင်းဖြေလိုက်လေသည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါး လန်းဆန်းနေသည်ကို သိရှိလိုက်ရလေသည်။

ထိုအချိန်....

သူ၏ မျက်လုံးများ ကျောက်စားပွဲပေါ်တွင် ထိုးစိုက်ထားသော ဓားတစ်လက်ကို တွေ့မြင်လိုက်ရ၏။

သူ၏ မျက်လုံးများ ပြူးကျယ်သွားမိလေသည်။
ကျောက်စားပွဲအနီးသို့ လျှောက်သွားမိ၏။

ယခုမှ....

သူက ကျောက်စားပွဲပေါ်တွင် စာလုံးများ ရေးထွင်းထားခြင်းကို တွေ့မြင်လိုက်ရလေသည်။

လုယံက ကျောက်စားပွဲပေါ်မှ စာများကို အသံထွက်ကာ ဖတ်ကြည့်လိုက်၏။

'လျှပ်စစ်ဓား....ကံရှိသူ ယူစေ....ဆိုပါလား'

သူက စာကို ဖတ်ပြီးနောက် လက်နှစ်ဘက်ကိုဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

ထို့နောက်....

ကျောက်စားပွဲပေါ်တွင် ဓားရိုးအထိ ထိုးစိုက်ထားသော ဓားကို ဆွဲနှုတ်ယူလိုက်၏။



ဓားမှာ သူ၏ လက်ထဲသို့ အလွယ်တကူ ပါရှိလာလေသည်။

လုယံက ဓားကို သေချာစွာကြည့်ပြီး ထပ်မံ၍ ဦးညွှတ်လိုက်၏။

ထို့နောက်....

ဓားကို ခါးတွင်ချိတ်ကာ ကျောက်တံခါးကို တွန်းဖွင့်လိုက်လေသည်။

ယခုတစ်ကြိမ်တွင်မူ....

ကျောက်တံခါးမှာ အသာ အယာ တွန်းဖွင့်လိုက်ရုံဖြင့် ပွင့်ဟသွားလေသည်။

လုယံက ဝမ်းသာအားရဖြင့် ကျောက်အိမ်ကလေးအပြင်ဘက်သို့ လှမ်းထွက်လိုက်လေသည်။

.... ၁ ....

ရာသီဥတု သာသာယာယာ ရှိလှပေသည်။

သို့သော်....

ဝန်းကျင်တစ်ခုလုံး ခြောက်သွေ့နေ၏။

ကျောက်ဆောင်များပေါ်တွင် အတိုးအိုအား လုယံ့က ရှာဖွေနေသော်လည်း မတွေ့ရတော့ပါချေ။

သူသည် ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်လိုက်ပြီး ခြေလှမ်း လှမ်းလိုက်စဉ်....

'ဝုန်း...'

ရုတ်တရက်....

အသံတစ်ခုက ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သူနေထိုင်ခဲ့သော ကျောက်အိမ်ကလေးမှာ မြေပေါ် ပြိုလဲကျသွားလေသည်။

ထိုအဖြစ်အပျက်ကိုကြည့်ကာ လုယံ့က အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

သူက လဲပြိုနေသော ကျောက်အိမ်ကလေးကို ကြည့်ကာ အံ့သြလွန်း၍ ပါးစပ်ဟောင်းလောင်း ဖြစ်သွားမိသည်။



သူက ပြိုလဲကျနေသော ကျောက်အိမ်ကလေးအား အတန်ကြာအောင် ငေးမောကြည့်နေရင်းမှ ထူးဆန်းစွာ တွေ့ဆုံခဲ့ရသော ထူးဆန်းသည့် အဘိုးအိုအား ပြန်လည် သတိရလာမိလေသည်။

တစ်ဆက်တည်းမှာပင်....

ကုမ္ဘန်တုံးကိုလည်း သတိရလာမိ၏။

ထို့ကြောင့်....

သူက တုန့်ဆိုင်းမနေတော့ပါ။

သူသည် ထိုနေရာမှ ချက်ချင်းပင် ပြေးထွက်လာ၏။

ကုမ္ဘန်တုံးအား လိုက်၍ရှာဖွေရန် ဆုံးဖြတ်ချက် ချလိုက်သည်။

အရုက်ဦး၏ ရောင်ခြည်က အိပ်ပျော်နေသော တောင်တန်းအား နိုးကြားတက်ကြွလာစေသည်။

လုယ°က အားပါးတရ ရှူရှိုက်လိုက်၏။

ယခုအခါ....

သူက တစ်ညတာမျှ အိပ်စက်လိုက်ရပြီး ဖြစ်သည်။

ယခုကဲ့သို့ နံနက်စောစောတွင် ခရီးဆက်လက်ထွက်ခွာကာမှ နေမပူမီ ဤတောင်ကြားမှ ထွက်နိုင်မည်ဖြစ်၏။

ထို့ကြောင့်....

လုယ°က တုန့်ဆိုင်းမနေတော့ပါချေ။

သူသည် တောင်ကြားအတွင်း ကျောက်နံရံများပေါ်မှ တစ်စက်ပြီးတစ်စက် စီးဆင်းကျလာနေသည့် စမ်းရေများအား သောက်သုံးလိုက်၏။

ယင်းနောက်....

သူက ခြေလှမ်းသုတ်သုတ်ဖြင့်လျှောက်သွားလေတော့သည်။

အတန်ကြာ လျှောက်လာမိသောအခါ....

လုယ°၏ မျက်ခုံးမွေးအစုံက နဖူးပေါ်သို့ မြင့်တက်သွားသည်။

အကြောင်းမှာ....

လမ်းဘေးရှိ ကျောက်တုံးကျောက်ခဲများအား ကြည့်ရသည်မှာ တစ်ချိန်တုန်းဆီက ဤနေရာသို့ ရောက်ခဲ့ဖူးသည်ဟု ခံစားလိုက်ရသောကြောင့် ဖြစ်၏။



လုယ°က ယင်းသို့စဉ်းစားရင်း ရှေ့သို့ဆက်လျှောက်လာရာ ရုတ်တရက် သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားမိလေသည်။

သူနှင့် မလှမ်းမကမ်းတွင် စံအိမ်တစ်လုံးကို ရေးရေး မြင်တွေ့လိုက်ရ၏။

ထို့နောက်....

ယင်းစံအိမ်ထိပ်ဖျားၐ ခေါင်းတစ်လက်နှင့် ကျောက်သေတ္တာတစ်ခု ချိတ်ဆွဲထားခြင်းကို မြင်တွေ့လိုက်ရလေသည်။

ယခုမှ....

သူသည် လျှို့ဝှက်စံအိမ်အနီးသို့ ပြန်လည် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

....ဝ....

လျှို့ဝှက်စံအိမ်၏ ပတ်ဝန်းကျင်တွင် လူသူတစ်စုံတစ်ယောက်မျှ မရှိဘဲ ထိတ်ဆိတ်နေသည်။

လုယာ ၏ မျက်မှောင်ကုတ်လိုက်၏။

သူက လျှို့ဝှက်စံအိမ်အတွင်းသို့ ဝင်ရောက်ကြည့်ရှုလိုသော စိတ်များ ဖြစ်ပေါ်လာလေသည်။

သို့သော်....

သူ၏မျက်လုံးထဲ၌ အရှေ့သူတော်နှင့် အနောက်ရသေ့တို့ ဒဏ်ရာရသွားပုံကို ပြန်လည်မြင်ယောင်လာမိ၏။

ထို့ကြောင့်....

သူက ဝင်ရန် သင့်မသင့် ချီတုံချတုံဖြစ်ကာ စဉ်းစားနေမိသည်။

နောက်ဆုံးတွင် သူက အံကို တင်း တင်း ကြိတ် လိုက်ပြီး ကျောက် လှေ ကား ပေါ် သို့ တက်ရောက်ကာ စံအိမ်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားတော့သည်။

ကျောက်လှေကားဆုံးသွားသည်နှင့် စံအိမ်၏ ဝင်ပေါက် တံခါးသို့ ရောက်ရှိလာ၏။

သူသည် စံအိမ်တံခါးသို့ ရောက်ရှိလာသည့်တိုင်အောင် လူသူ တစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။



သို့သော်....

တံခါးနှင့် မျက်နှာချင်းဆိုင်ရှိ နံရံပေါ်တွင် အနီရောင် လက်ဝါးရာတစ်ခုကို တွေ့မြင်လိုက်ရသည်။

သူက ယင်းလက်ဝါးရာကို တွေ့မြင်လိုက်ရသည်နှင့် ရင်ထိတ်သွားကာ....

'သွေးလက်ဝါး'

ဟု အတိတ်တလန့် ရေရွတ်လိုက်မိသည်။

ဤသို့ဆိုပါလျှင်....

စံအိမ်အတွင်းရှိ လူမှာ သွေးလက်ဝါးပင် ဖြစ်ရပေမည်။

ထိုအချိန်မှာပင်....

စံအိမ်အတွင်းမှ လူရိပ်တစ်ခု ပြေးလွှားထွက်ပေါ်လာပြီး လုယာ ထံသို့ လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်။

'ဝုန်း....'

ဟူသောအသံနှင့်အတူ လုယာ ၏ခန္ဓာကိုယ်က စံအိမ်အပြင်သို့ လွင့်စဉ်သွားသည်။

သူသည် အရှိန်ပြင်းစွာဖြင့် ကျောက်လှေကား ပေါ် သို့ ကျသွား၏။

သူက ကမန်းကတန်း လူးလှိမ့်ထလိုက်ပြီး စံအိမ်အတွင်းသို့ ပြေးဝင်သွားသည်။

'ဝုန်း....'

ဟူသော အသံတစ်ခုက ကျယ်လောင်စွာ ပေါ်လာပြီးလျှင် လုယိ၏ခန္ဓာကိုယ်က စံအိမ်အတွင်းမှ လွင့်စဉ်ထွက်သွားပြန်လေသည်။

ယခုတစ်ကြိမ်....

သွေးလက်ဝါး၏အရှိန်က ပိုမိုပြင်းထန်နေသဖြင့် လုယိမှာ ရေကန်ထဲသို့ ကျလုလုပင် ဖြစ်သွားရ၏။

သို့သော်....

သူက ရေကန်ထဲသို့ ကျသွားခြင်းမရှိပါ။

အကြောင်းမှာ....

လူတစ်ယောက်က ရောက်ရှိလာပြီး အချိန်မီ ဖမ်းဆွဲထား လိုက်သောကြောင့် ဖြစ်သည်။

လုယိက မခံမရပ်နိုင်အောင် ဒေါသကြီးလာသည်။

ထို့ကြောင့်....



သူက စံအိမ်အတွင်းသို့ ထပ်မံ ပြေးဝင်လိုက်ပြန်၏။

'ဝုန်း....'

ယခုတစ်ကြိမ်....

အသံက ပိုမိုကျယ်လောင်လာပြီး လုယိ၏ ခန္ဓာကိုယ်က တံတားပေါ်သို့ လွင့်စဉ်ကျလာပြန်သည်။

ဤတစ်ကြိမ်တွင်မူ....

သူသည် တော်တော်နှင့် ပြန်ထမလာနိုင်တော့ပါချေ။ သူ၏နှာခေါင်းနှင့် ပါးစပ်တို့ဆီမှ သွေးများက ယိုစီးကျလာသည်။

သို့သော်....

သူက အံကိုတင်းတင်းကြိတ်၍ ကြိုးစားကာ ရပ်လိုက်ပြီး အိမ်အတွင်းသို့ ထပ်မံပြေးသွားရန် ဟန်ပြင်လိုက်သည်။

ယင်းအချိန်....

'ဟော့....မင်း သေချင်လို့လား'

ဟူသောအသံ ထွက်ပေါ်လာသည်။

ဟန့်တားလိုက်သူမှာ လုယိ ရေကန်ထဲသို့ ကျသွားလုနီးပါး အချိန်တွင် ဖမ်းဆွဲထားလိုက်သောလူပင် ဖြစ်၏။

သူက လှည့်ကြည့်လိုက်ရာ ညစ်ပေစုတ်ပြတ်နေသောအဝတ်အစားများကို ခဝ်ဆွထားသော အဘိုးအိုတစ်ယောက်အား တွေ့မြင်လိုက်ရသည်။

သူက အလွန်အံ့ဩသွားမိ၏။

ထိုအဘိုးအိုမှာ ခတ်ပန်းဂိုဏ်းမှ လင်ရှမ်ထင်းဟူသော သိုင်းသမားကြီးပင် ဖြစ်နေသည်မဟုတ်ပါလော။

သူက အနည်းငယ် စိတ်သက်သာရာရရှိသွားသည်။

သူသည် လင်ရှမ်ထင်းအား အကဲခတ်ကြည့်ရင်း....

'ခင်ဗျားက လူထူးလူဆန်းလေးဦးတည်းက တစ်ဦးအပါအဝင်ဖြစ်တဲ့ လင်ရှမ်ထင်းမဟုတ်လား'

ဟု မေးလိုက်သည်။

လင်ရှမ်ထင်းက ပြုံးလိုက်သည်။

'အရင်ကတော့ သိုင်းလောကသားတွေက ကျုပ်ကို လူထူးလူဆန်း လေးယောက်ရဲ့ စာရင်းထဲမှာ ထည့်ထားပါတယ်၊ ဒါပေမယ့်...'

သူက လုယာ့အား ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး....



'အခုတော့ ကျုပ်တို့လေးယောက်ထက် ထူးဆန်းတဲ့လူတစ်ယောက်ကို တွေ့နေရပြီကွ'

ဟု ပြောလိုက်သည်။

လုယာ့က သူ၏စကားကို နားမလည်နိုင်ပါချေ။

ထို့ကြောင့်....

သူက မျက်မှောင်ကုတ်လိုက်ပြီး....

'ဗျာ....ခင်ဗျားတို့လေးယောက်ထက် ထူးဆန်းတဲ့လူ ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်သူလဲဗျ'

လင်ရှမ်ထင်းက သူ့အား လက်ညှိုးထိုးပြလိုက်ပြီး....

'မင်း....'

ဟု တစ်ခွန်းတည်းပြောလိုက်သည်။

လုယာ့က အလွန်အံ့ဩသွားသည်။

'ဗျာ....ဘာဖြစ်လို့လဲ'

လင်ရှမ်ထင်းက ပြုံးလိုက်၏။

'မင်းက လူထူးလူဆန်း တစ်ယောက်မို့သာ စံအိမ်ထဲကို ဝင်နိုင်တာပေါ့'

လုယိက စကားမပြောတော့ပါချေ။

သူသည် ဒဏ်ရာများစွာရရှိထားသဖြင့် မောဟိုက်နေပြီ ဖြစ်သည်။

လင်ရှမ်ထင်းက လုယိအား သေချာစွာ စိုက်ကြည့်လိုက် ပြီး....

'မင်းဆရာက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

လုယိက လူထူးလူဆန်းအဘိုးအိုအား သတိရမိ၏။

သို့သော်....

သူသည် ယင်းအဘိုးအို၏အမည်ကို မသိသောကြောင့် ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

လင်ရှမ်ထင်းက မဲ့ပြုံးပြုံးလိုက်သည်။



'ဒါဆိုရင် မင်းက မွေးကတည်းက သိုင်းပညာတတ်လာ တာလား'

လုယိက ပါးစပ်ပိတ်ထားလိုက်သည်။

သူက မည်သို့ပြောရမှန်း မသိသောကြောင့် ဖြစ်သည်။

လင်ရှမ်ထင်းက....

'မင်းမပြောချင်လဲ ရပါတယ်၊ ဒါနဲ့ မင်းနာမည် ဘယ်လို ခေါ်သလဲ'

လုယိက....

'လုယိ'

လင်ရှမ်ထင်းက ခေါင်းအဆတ်ဆတ်ညိတ်ကာ....

'အင်း....လျှို့ဝှက်စံအိမ်ကို လာတဲ့လူတွေထဲမှာ အသက် မသေတာဆိုလို့ မင်းပဲရှိတယ်'

ဟု မှတ်ချက်ချလိုက်၏။

လုယိက ပြုံးလိုက်သည်။

'ခင်ဗျားကကော အသက်မသေဘဲ ပြန်ထွက်လာနိုင်ခဲ့တာပဲ မဟုတ်လား'

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် လင်ရှမ်ထင်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူက ဝမ်းနည်းကြေကွဲသော လေသံဖြင့်....

'မင်း မှားနေပြီကွယ့်'

ဟု ပြောလိုက်၏။

လုယာ့ကိုက အလွန်အံ့သြသွားသည်။

'ဘာဖြစ်လို့လဲဗျ'

သူက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

လင်ရှမ်ထင်း၏မျက်လုံးများ ရီဝေလာ၏။

သူက အသံတုန်ယင်စွာဖြင့်...

'အမှန်ပြောရမယ်ဆိုရင် သူကဲ ကျုပ်အသက်ကို ချမ်းသာပေးလိုက်တာပါ'

ဟု ပြောလိုက်သည်။

လုယာ့ကိုက မယုံကြည်နိုင်အောင် ဖြစ်သွားရ၏။



'ခင်ဗျားက သူ့ကို ရှုံးခဲ့တယ် ဟုတ်လား'

လင်ရှမ်ထင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်ရဲ့သိုင်းပညာဟာ သူနဲ့တွေ့တဲ့အခါ ဘာမှအသုံးမဝင်တော့ပါဘူး'

ဟု စိတ်ပျက်စွာဖြင့် ပြောလိုက်၏။

လုယာ့ကိုက သူ၏စကားအား နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

'ဘာဖြစ်လို့ ခင်ဗျားကို သူကဲ အသက်ချမ်းသာပေးလိုက်တာလဲ'

လင်ရှမ်ထင်းက မချိပြုံးပြုံးလိုက်သည်။

'ကျုပ်က အသက်ကြီးနေပြီဆိုတော့ သနားလို့ ထင်ပါရဲ့'

သူ၏အသံမှာ အားရှုံးကို အရှုံးပေးလိုက်ရသော လူတစ်ယောက်၏ အသံမျိုးဖြစ်သည်။

လုယာ့ကိုက စံအိမ်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'စံအိမ်ထဲမှာ ဘာတွေတွေ့ခဲ့သလဲ'

ဟု မေးလိုက်လေသည်။

လင်ရှမ်ထင်းက လက်ကာပြလိုက်၏။

'မသိဘူး၊ ကျုပ် ဘာမှမမြင်ခဲ့ရဘူး'

လုယာ°က ပြုံးလိုက်လေသည်။

'ခင်ဗျားက မပြောချင်လို့မဟုတ်လား'
ဟု ပြောလိုက်၏။

လင်ရှမ်ထင်းက သူ၏အမေးကို မဖြေဘဲ ပြန်မေးလိုက်လေသည်။

'မင်းကကော ဘာတွေ့ခဲ့သလဲ'

သူ၏စကားကြောင့် လုယာ°က မည်သို့ ပြန်ပြောရမှန်းမသိအောင် ဖြစ်ရလေသည်။

အတန်ကြာမှ....

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

'ခင်ဗျားက ဘာမှ မတွေ့ဘူးဆိုတော့ ကျွန်တော်လဲ ဘာမှ မတွေ့ခဲ့ဘူးလို့ပဲ မှတ်လိုက်ပါတော့ဗျာ'

သူ၏စကားကြောင့် လင်ရှမ်ထင်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

ထို့နောက် သူက လုယာ°၏ရင်ဝသို့ တစ်ချက်ကြည့်လိုက်ပြီး....



'မင်းမှာ အတွင်းဒဏ်ရာ ရထားပြီထင်တယ်၊ အမြန်ဆုံး ဆေးကုမှ အသက်ချမ်းသာရာ ရလိမ့်မယ်'

ဟု ပြောလိုက်၏။

လုယာ°က ယခုမှပင် သူ၏ရင်စ၌ အနည်းငယ် နာကျင်လာသည်ဟု ခံစားလိုက်မိသည်။

သူက စံအိမ်အတွင်းသို့ ဝင်ရောက်လိုစိတ် မရှိတော့ပါချေ။

ထို့ကြောင့် လက်နှစ်ဘက်ဆုပ်ကာ လင်ရှမ်ထင်းအား ဦးညွှတ်လိုက်ပြီး ...

'ကျွန်တော့်ကို သွားခွင့်ပြုပါဦး'

ဟု နှုတ်ဆက်လိုက်၏။

လင်ရှမ်ထင်းက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်လေသည်။

'မင်းကို ဘာကူညီရမလဲ'

ဟု မေးလိုက်၏။

လုယာ°က ခေါင်းခါယမ်းလိုက်ပြီး....

'ကိုစွမရှိပါဘူးဗျာ'

ဟု ပြောလိုက်လေသည်။

ထို့နောက်....

သူက ယင်းနေရာမှ ထွက်ခွာသွားလေသည်။

လင်ရှမ်ထင်းက လုယာ၏ကျောပြင်အား စိုက်ကြည့်ကာ စိတ်မကောင်းဖြစ်လာဟန်ဖြင့် လုယာနောက်သို့ လိုက်လာပြီး ဟန့်တားလိုက်၏။

'ဟာ့....သူငယ်၊ မင်းက ဘယ်လိုဇာတ်ရာမျိုး ရခဲ့သလဲဆိုတာ သိသလား'

လုယာက တုန့်ဆိုင်းဆိုင်း ဖြစ်သွားလေသည်။

သူက လင်ရှမ်ထင်းအား ဦးခေါင်း လှည့်ကြည့်လိုက်ပြီးနောက်....

'ကျွန်တော်က ဘယ်လိုဇာတ်ရာမျိုး ရခဲ့လို့လဲ'

ဟု မေးလိုက်လေသည်။

လင်ရှမ်ထင်းက သက်ပြင်းတစ်ချက် ချလိုက်၏။

'မင်းဟာ လက်ဝါးဇာတ်ရာရထားတယ်၊ ဒီပေမယ့် ရိုးရိုးလက်ဝါးဇာတ်ရာမဟုတ်ဘူး'



လုယာက နားမလည်နိုင်စွာဖြင့်....

'ခင်ဗျားက ဘာပြောတာလဲဗျ၊ ကျွန်တော်တော့ နားမလည်ဘူး'

လင်ရှမ်ထင်းက သူ့အား အကဲခတ်ကြည့်လိုက်၏။

'မင်း...အသက်ရှူကြည့်စမ်း'

သူ၏စကားကြောင့် လုယာက အသက်ပြင်းပြင်း ရှူလိုက်သည်။

သို့သော်....

သူသည် မည်သည့်ထူးခြားမှုမှ ဖြစ်မလာပါချေ။

ထို့ကြောင့် သူက လင်ရှမ်ထင်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....

'ဘာမှ မဖြစ်ပါလား'

ဟု ပြောလိုက်သည်။

လင်ရှမ်ထင်းက သူ၏စကားကြောင့် အလွန်အံ့သြသွားလေရာ....

'တကယ်လား'

ဟု မယုံကြည်နိုင်စွာဖြင့် မေးမြန်းလိုက်၏။

လုယိက ခေါင်းညိတ်ပြလိုက်သည်။

'တကယ်ပေါ့'

လင်းရှမ်းထင်းက အံ့သြစွာဖြင့်....

'ဟင်....မယုံကြည်နိုင်အောင် ထူးဆန်းနေပါပေါ့လား'

ဟု ပြောလိုက်သည်။

လုယိက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ခင်ဗျားက မယုံကြည်နိုင်တော့ဘူးဆိုရင်လဲ ကျုပ်ကဘာမှ မတတ်နိုင်တော့ပါဘူး'

လင်းရှမ်းထင်းက သူ့အား စိုက်ကြည့်ကာ....

'ကဲ....မင်းရဲ့ အတွင်းအားတွေ လှည့်ပတ်ကြည့်လိုက်ပါဦး'

ဟု ပြောကာ လုယိ ပခုံးသို့ ဆုပ်ကိုင်ထားလိုက်၏။

လုယိက ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

'ဘာဖြစ်လို့လဲဗျ'



လင်းရှမ်းထင်းက....

'မင်းတကယ်ပဲ ဘာမှ မဖြစ်ဘူးလားဆိုတာကို စမ်းကြည့်မလို့လေ'

လုယိက သက်ပြင်းတစ်ချက်ချလိုက်၏။

'ကဲ ဒါဆိုလဲ ခင်ဗျားသဘောပါပဲ'

ဟု ပြောပြီး အတွင်းအားများကို လှည့်ပတ်ကြည့်လိုက်လေသည်။

သူအတွင်းအားများ လှည့်ပတ်ကြည့်နေစဉ် လင်းရှမ်းထင်းမှာ သူ၏ ပခုံးအား ဆုပ်ကိုင်ထားရင်း မျက်နှာတစ်ခုလုံး ဟန်အမူအရာ အမျိုးမျိုး ပြောင်းလဲနေလေသည်။

သူက အံ့သြလွန်းသဖြင့် လုယိ၏ ပခုံးအား ဆုပ်ကိုင်ထားသည့်လက်ကိုလွှတ်ကာ နောက်သို့ ခြေလှမ်းဆုတ်သွားရလေသည်။

ထို့နောက်....

မယုံကြည်နိုင်စွာဖြင့်....

'ဟွင်....အံ့သြစရာပဲ၊ ဘာမှလဲ မဖြစ်ပါလား'

သူက မင်းကို ချမ်းသာပေးလိုက်တာများလား'

ဟု ပြောရင်း ခေါင်းခါယမ်းလိုက်ပြန်သည်။

'ဒါမဖြစ်နိုင်ပါဘူး'

လုယ°က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဗျ....သူက ကျုပ်ကို ချမ်းသာပေးတာ မဟုတ်လား'

မှတ်တရက်....

လင်ရှမ်ထင်း၏ မျက်လုံးများက ဝင်းလက် တောက်ပလာလေသည်။

သူက လုယ°၏မျက်နှာအား သေချာစွာကြည့်လိုက်ပြီး....

'မင်းက ရှမ်းကုံးဆိုတဲ့ ပညာရပ်ကို လေ့ကျင့်ထားသလား'

ဟု မေးလိုက်လေသည်။

လုယ°က သူ့အား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး....

'ရှမ်းကုံးပညာဆိုတာ ဘာလဲဗျ'

ဟု မေးလိုက်လေသည်။

လင်ရှမ်ထင်းက ပါးစပ်ပိတ်ထားလိုက်သည်။



သူက သူ၏ စကားကို ပြန်လည် ရုတ်သိမ်းသည့် သဘောမျိုးဖြင့်....

'ကျုပ်က ဘာမှ မပြောမိဘူးလို့ မှတ်ထားပါ'

ဟု ပြောပြီး ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

ဘီလူးမ လိရဲကိုး

အချိန်မည်မျှကြာသွားမှန်း မသိပါချေ။

လုယိက လှမ်းနေသောခြေလှမ်းကို ရပ်တန့်လိုက်သည်။

သူ ယခုရောက်ရှိနေသောနေရာမှာ တိတ်ဆိတ်နေသော်လည်း စိမ်းလန်းစိုပြည်သော တောအုပ်တစ်ခု ဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။

လင်ရှမ်ထင်း ထွက်ခွာသွားပြီးနောက် သူကလည်း လျှို့ဝှက်စံအိမ်အနီးမှ ထွက်ခွာခဲ့ရာ လမ်းမှားပြီး ဤတောအုပ်ကလေးအတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။



လုယိက သစ်ပင်တစ်ပင် အောက်တွင် ထိုင်ချလိုက်ပြီး အမောအပန်းဖြေလိုက်သည်။

အမှန်တွင်....

လျှို့ဝှက်စံအိမ်မှ အသက်မသေဘဲထွက်လာနိုင်သူမှာ သူနှင့် လင်ရှမ်ထင်းတို့ နှစ်ယောက်တည်းသာ ရှိကြောင်း သိရှိထားသည်။

လင်ရှမ်ထင်းအား လျှို့ဝှက်စံအိမ်မှလူက အသက်ချမ်းသာပေးလိုက်ကြောင်း နားလည်ထား၏။

ဤသို့ဆိုပါလျှင်....

မိမိအား လျှို့ဝှက်စံအိမ်မှလူက အသက်ချမ်းသာပေးလိုက်သည်လော။

မဟုတ်ပါ။

လုံးဝမဟုတ်ပါချေ။

လုယိက ယင်းသို့စဉ်းစားမိလျှင် မိမိကျင့်ခဲ့သော သိုင်းပညာမှာ လင်ရှမ်ထင်းပြောပြခဲ့သည့် 'ရှမ်းကုန်း' သိုင်းပညာရပ် ဖြစ်ရမည်ဟု သူက ယုံကြည်လာ၏။

ထို့ကြောင့်....

သူသည် သစ်ပင်အောက်တွင် ငြိမ်သက်စွာ ထိုင်ချရင်း ရှမ်းကု သိုင်းပညာရပ်များအား လေ့ကျင့်လိုက်လေသည်။

မကြာမီ....

သူ၏ရင်ဝမှ နာကျင်သောဝေဒနာများ ပျောက်ကင်းသွားခြင်းကို သူက သိရှိခံစားလိုက်ရ၏။

လုယ°က ဆိုင်ရာမှ ဆတ်ခနဲထလိုက်လေသည်။

သူက ရင်ထဲ၌ မကျေမနပ်ဖြစ်လာမိ၏။

ယခုအခါတွင်....

လျှို့ဝှက်စံအိမ်အတွင်းမှလူက မိမိအား အခဲသမသတ်ပစ်နိုင်ဟု ယုံကြည်လာသည်။



ထို့ကြောင့်....

လျှို့ဝှက်စံအိမ်ဆီသို့ ဒုတိယအကြိမ်သွားရန် ဆုံးဖြတ်လိုက်သည်။

သူက ယင်းသို့ဆုံးဖြတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ခြေလှမ်းကျဲကျဲဖြင့် တောအုပ်ထဲမှ လှမ်းထွက်လိုက်၏။

သူသည် တောအုပ်အပြင်ဘက်သို့ ရောက်ရှိလိုက်သည်နှင့် တစ်ပြိုင်နက် အဝေးမှ အပြေးအလွှားလာကြသော လူများကို တွေ့မြင်လိုက်ရလေသည်။

...o...

ပြေးလွှားလာသောလူများမှာ ခြောက်ယောက်တိတိ ဖြစ်သည်။

လုယ°က တောလမ်းကလေးပေါ်တွင် ရပ်နေရာမှ လမ်းဘေးသို့ ရှောင်တိမ်းပေးလိုက်သည်။

ရှေ့ဆုံးမှ ပြေးလွှားလာသော အဘိုးအိုက လုယဝ်အား တွေ့မြင်လိုက်သည်နှင့်....

'ဟေ့....သူငယ်၊ ရှေ့ဆက်မသွားနဲ့ ပြန်လှည့်ပါ'
ဟု ဟန့်တားလိုက်သည်။

သူ၏စကားပြောသံမှာ အမိန့်ပေးသံမျိုးမဟုတ်ဘဲ စိုးရိမ်၍ သတိပေးလိုက်သည့် အသံမျိုးဖြစ်လေသည်။

လုယဝ်က မျက်မှောင်ကုတ်လိုက်သည်။

'ရှေ့မှာ ဘာဖြစ်လို့လဲ'
ဟု စူးစမ်းလိုက်၏။

အဘိုးအိုက အသံတုန်ယင်စွာဖြင့်....

'ရှေ့ဆက်သွားရင် သေသွားနိုင်တယ်ကွယ့်'
ဟု ပြောလိုက်၏။

လုယဝ်ကသူ၏စကားကိုနားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

'ဘာဖြစ်လို့လဲဗျ'

အဘိုးအိုက သူ့အား မျက်မှောင်ကုတ်ကာကြည့်လိုက်ပြီး....
'ရှေ့မှာ လူသတ်သမားရှိလို့ဟေ့'



သူက ယင်းသို့ပြောပြီးသည်နှင့် ရှေ့သို့ဆက်၍ ပြေးလွှားသွားသည်။

ထိုအချိန်မှာပင်....

ဒုတိယပြေးလွှားလာသူက လုယဝ်၏အနီးသို့ ရောက်ရှိလာသည်။

လုယဝ်က ထိုလူအား လက်ကာပြလိုက်ပြီး....

'မိတ်ဆွေ ခဏနေပါဦးဗျ၊ ရှေ့မှာ ဘယ်သူရှိလို့လဲ'
ဟု မေးလိုက်ပြန်၏။

ထိုလူ၏မျက်နှာ ရှုံ့မဲ့သွားသည်။

'ဘယ်သူရှိရှိ၊ မင်းက သေချင်ရင်တော့ ဆက်သွားပေါ့'

သူက ယင်းသို့ပြောပြီး ဆက်လက် ပြေးလွှားသွား၏။

ကျန်လေးယောက်ကမူ လုယဝ်၏ဟန့်တားမှုကို ဂရုပင် မစိုက်ဘဲ ရှေ့သို့ဆက်၍ တစ်ချိုးတည်း ပြေးလွှားသွားကြလေသည်။

ထိုလူခြောက်ယောက်၏ အပြုအမူကြောင့် လုယဝ်က ဇဝေဇဝါ ဖြစ်သွားရသည်။

သူ့ရင်ထဲ၌လည်း ထိုလူစုသည် အဘယ်ကြောင့် ဤမျှ ကြောက်ရွံ့တုန်လှုပ်စွာ ပြေးလွှားနေပါသနည်း။

ဟု စဉ်းစားနေမိသည်။

သူက ယင်းသို့ စဉ်းစားနေစဉ် စူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့်....

ရှေ့သို့ ခြေလှမ်းကျဲကျဲဖြင့် ဆက်လျှောက် ခဲ့လေတော့ သည်။

....၁....

တောင်ကြားလမ်းကလေး ဖြစ်သည်။

လမ်း၏ ဘေးတစ်ဘက်တစ်ချက်၌ မြင့်မားသော တောင် နံရံများသာ ရှိသည်။

လုယံက တောင်ကြားလမ်းကလေးအတိုင်း ရှေ့သို့ဆက် လျှောက်လာခဲ့သည်။



မကြာမီ....

လမ်းကလေးမှာ တစ်စထက်တစ်စ ကျဉ်းမြောင်းလာခြင်း ကို တွေ့မြင်ရသည်။

သူသည် ခြေလှမ်းဟစ်ထုခန့် ရှေ့သို့ ဆက်လျှောက်မိသော အခါ လမ်းဘေး တစ်ဘက်တစ်ချက်ရှိ တောင်နံရံများပေါ်၌ ချိတ်ဆွဲထားသော အရိုးခေါင်းများကို တွေ့မြင်လိုက်ရ၏။

သူက အရိုးခေါင်းခွံများကို ကြည့်ကာ ရင်ထိတ်နေမိလေ သည်။

မည်သူက ဤနေရာတွင် အရိုးခွံများကို လာရောက် ချိတ် ဆွဲထားပါသနည်း။

သူက သိလိုသောစိတ်ဆန္ဒ ပြင်းပြလာသဖြင့် ရှေ့သို့ ခြေ လှမ်းသွက်သွက် ဆက်လျှောက်ခဲ့သည်။

သူသည် ရှေ့သို့ ခြေလှမ်းသွက်သွက် လှမ်းလာရင်း ကြည့် လိုက်မိသောအခါ လမ်းဘေးတစ်ဘက်တစ်ချက်ရှိ အရိုးခေါင်း ခွံများမှာ တစ်စထက်တစ်စ ပိုမိုများပြားလာခြင်းကို တွေ့ မြင်ရသည်။

သူက [အရိုးခေါင်းခွံ]များကိုကြည့်ကာ အံ့အားသင့်နေ သည်။

အကြောင်းမှာ....

အရိုးခေါင်းခွံပေါ်၌ အပေါက်ကလေးငါးပေါက်စီ ရှိနေသောကြောင့် ဖြစ်သည်။

ယခုမူ....

အဘိုးအိုတို့လူစုက အရိုးခွံများကိုတွေ့၍ ကြောက်လန့်ကာ ထွက်ပြေးသွားသည်ဟု သူက နားလည်လိုက်မိလေသည်။

အရိုးခေါင်းခွံများ၏ ထိပ်ပေါက်တွင် အပေါက်ကလေးငါးပေါက် ရှိနေသောကြောင့် ထူးဆန်းနေသည်ဟု သူက တွေးရင်း ရှေ့သို့ ဆက်လျှောက်သွားနေပြန်သည်။

သူက ရှေ့သို့ ခြေလှမ်းငါးလှမ်းခန့် လှမ်းလိုက်မိစဉ် တောင်ကြားလမ်းကလေးအတိုင်း လူတစ်ယောက်က ပြေးလွှားလာနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

.... – ....



ပြေးလွှားလာနေသောလူသည် လုယံအနီးသို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်သွားသည်။

လုယံက ထိုလူအား တွေ့မြင်လိုက်သောအခါ အံ့သြသွားပြီး....

'ဟင်....လင်ရှမ်ထင်းပါလား'

ဟု ရေရွတ်လိုက်သည်။

လင်ရှမ်ထင်းက ပြုံးလိုက်သည်။

'ဟုတ်တယ်လေ'

လုယံက သူ့အား မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး....

'ခင်ဗျားက ဘာဖြစ်လာတာလဲ'

သူ၏စကားကို ကြားလိုက်ရသောအခါ လင်ရှမ်ထင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး....

'ရှေ့မှာ ရန်သူရှိတယ်၊ ကျုပ်က အပြေးမြန်လို့ သာ အသက်မသေတာ ကံကောင်းတယ်လို့ ဆိုရမှာပဲ'

ဟု မောပမ်းတကြီး ပြောလိုက်လေသည်။

လုယံက သူ့အား အံ့သြစွာကြည့်လိုက်ပြီး....

'ရွှေ့မှာ ရန်သူရှိတယ် ဟုတ်လား'

ဟု မေးလိုက်သည်။

လင်ရှမ်ထင်းက ..

'မင်းက အရိုးခေါင်းတွေကို မတွေ့ခဲ့ဘူးလား'

လုယ၀ိက မထူးဆန်းဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး....

'တွေ့ခဲ့သားပဲ၊ အဲဒါ ဘာဖြစ်လို့ '

ဟု မေးလိုက်လေသည်။

လင်ရှမ်ထင်းက သက်ပြင်းတစ်ချက် ချလိုက်၏။

'ဟုတ်သားပဲ၊ မင်းက သိုင်းလောကအကြောင်း ဘာမှ နားမလည်တဲ့ကိုး၊ သိုင်းလောကထဲမှာ ကျော်ကြားနေတဲ့ ဘီလူးမကိုတောင်မှ မင်းက မသိတဲ့ကိုး'

ဟု ပြောလိုက်သည်။

လုယ၀ိက ပြုံးလိုက်သည်။

'ဘီလူးမဆိုတာတော့ ကျွန်တော် ကြားဖူးပါတယ်'

လင်ရှမ်ထင်းက....

'ဟော့....ဘီလူးမက ရွှေ့မှာရှိနေတယ်'



လုယ၀ိက လင်ရှမ်ထင်း၏ မျက်နှာအား ကြည့်လိုက်လေ့သည်။

'ခင်ဗျားက သူ့ကို ကြောက်နေတာလား'

လင်ရှမ်ထင်းက အံကို တင်းတင်းကြိတ်ကာ....

'ကျုပ်က သူ့ကိုမကြောက်လို့ သူနဲ့ သိုင်းပညာယှဉ်ပြိုင်ခဲ့တာပေါ့'

ဟု ဖြည်းလေးစွာ ပြောလိုက်သည်။

လုယ၀ိက ရယ်မောလိုက်မိသည်။

သူက လင်ရှမ်ထင်းအား သေချာစွာကြည့်၍....

'ဒါဆိုရင် ဘာဖြစ်လို့ ခင်ဗျား ထွက်ပြေးလာရတာလဲ'

ဟု မေးလိုက်သည်။

လင်ရှမ်ထင်း၏မျက်နှာ မည်းမှောင်သွားလေသည်။

'ကျုပ်က သူ့ကိုမနိုင်လို့ပေါ့'

သူက ခံပြင်းဟန်ဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

သူ၏စကားကြောင့် လုယိ၏မျက်နှာ တည်ကြည်လေးနက်လာလေသည်။

တစ်ဆက်တည်းမှာပင်....

လင်ရှမ်ထင်းကပင် နိုင်အောင် မတိုက်ခိုက်နိုင်သော လူ၏ သိုင်းပညာမှာ ထိပ်တန်းအဆင့်သို့ကျော်လွန်နေပြီဖြစ်ကြောင်း သိရှိနားလည်လိုက်သည်။

သူက လင်ရှမ်ထင်းအား ကြည့်လိုက်ပြီး....

'ဘီလူးမရဲ့ သိုင်းပညာက အဲတော်ကိုကြောက်စရာကောင်းနေလို့လား'

ဟု မေးလိုက်သည်။

လင်ရှမ်ထင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူ့ရဲ့သိုင်းပညာဟာ ကြောက်စရာကောင်းတဲ့ အပြင် အလွန်ရက်စက်တယ်'

ဟု ပြောလိုက်သည်။

လုယိက အံကိုတင်းတင်းကြိတ်လိုက်၏။

'ဒါဆိုရင် ကျုပ်သွားတွေ့မယ်'



ဟု တစ်ခွန်းချင်းပြောလိုက်သည်။

သူ၏စကားကြောင့် လင်ရှမ်ထင်း၏ မျက်လုံးများ ပြူးကျယ်သွားမိသည်။

သူသည် လုယိအား ထိတ်လန့်စွာ ကြည့်လိုက်ပြီး...

'မင်းရူးနေသလား၊ မင်းသွားရင် ကယ်ပါလေးပ ဒုက္ခရောက်သွားလိမ့်မယ်'

ဟု သတိပေးလိုက်သည်။

သူ၏စကားကြောင့် လုယိက ရင်ထိတ်သွားသည်။

'ကယ်ပါလေး ဟုတ်လား'

လင်ရှမ်ထင်းက ခေါင်းညိတ်လိုက်သည်။

'အေး....ဟုတ်တယ်'

လုယိက ကမန်းကတန်း ထပ်မံမေးလိုက်သည်။

'ကယ်ပါလေး ဘာဖြစ်သလဲဆိုတာ ပြောပါဦး'

လင်ရှမ်ထင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျုပ်က သူ့ကိုသွားကယ်တာပါ၊ ဘီလူးမရဲ့သိုင်းပညာက သိပ်ကောင်းနေလို့ ကျုပ်က ပြန်ပြေးလာရတယ်၊ သူ့ အခု လောက်ဆိုရင် သေသလား ရှင်သလားတောင် မသိဘူး'

လုယ°က ရုတ်တရက် ကုမ္ပနီတိုးအား သတိရမိလိုက်လေသည်။

အကယ်၍....

ကယ်ပါလေးသည် ကုမ္ပနီတိုးဖြစ်နေပါလျှင် သူက အချိန်မီ ကယ်တင်ရမည်ဟု စဉ်းစားလိုက်ပြီး ရှေ့သို့ တစ်ဟုန်ထိုးပြေးလွှားသွားလေသည်။

လင်ရှမ်တင်းက ဟန့်တားလိုက်၏။

'ဟေ့....မင်း ဘာလုပ်မလို့လဲ'

လုယ°က သူ့အား လှည့်မကြည့်ဘဲ ရှေ့သို့သာ၍ ပြေးသွားရင်းမှ....

'ကျုပ်က ကယ်ပါလေးကို သွားကယ်မလို့'

ဟု အော်ပြောလိုက်သည်။

လင်ရှမ်ထင်းက မဲ့ပြုံးပြုံးကာ....

'ဟေ့....သူငယ်၊ မသွားနဲ့၊ မင်းသေလိမ့်မယ်'

ဟု ပြောလိုက်သည်။

လုယ°က ဆက်၍ပြေးသွားနေ၏။



လင်ရှမ်ထင်းက သူ့နောက်သို့ ပြေးလိုက်ရင်း....

'မင်းကသာ ဘီလူးမရဲ့ သိုင်းကွက်သုံးကွက်ကို ခံနိုင်ရည်ရှိမယ်ဆိုရင် ကယ်ပါလေးကို ကယ်လို့ရလိမ့်မယ်'

ဟု လှမ်းအော်ပြောလိုက်သည်။

လုယ°က ထိုစကားကြောင့် အံ့သြသွားကာ ပြေးလွှားနေသောခြေလှမ်းကို ရပ်တန့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

လင်ရှမ်ထင်းက....

'ဘီလူးမက ရန်သူကို သိုင်းကွက်သုံးကွက်ပဲ တိုက်ခိုက်လေ့ရှိတယ်လေ၊ တကယ်လို့သာ သူ့ရဲ့ရန်သူက သူ့ရဲ့သိုင်းကွက်ကို ခံနိုင်ရည်ရှိမယ်ဆိုရင် ကယ်ပါလေးကို အသက်ချမ်းသာပေးလိမ့်မယ်'

လုယ°က မျက်မှောင်ကုတ်လိုက်၏။

'ကယ်ပါလေးက သူ့ရဲ့သိုင်းကွက်ကို ခံနိုင်ရည်ရှိပါ့မလား'

လင်ရှမ်ထင်းက ခေါင်းခါယမ်းလိုက်သည်။

'အခုလောက်ဆိုရင် သူ့ရဲ့ဦးခေါင်းမှာ အပေါက်ကလေးငါးပေါက်လောက် ရှိနေပြီထင်ပါရဲ့'

ဟု မှတ်ချက်ချလိုက်၏။

လုယ°က ရင်ထိတ်သွားသည်။

သူ့က ကယ်ပါလေးအတွက် စိုးရိမ်ပူပန်လာကာ ရှေ့သို့ ပြေးလွှားသွားလေသည်။

လင်ရှမ်ထင်းက ဟန့်တားလိုက်ပြန်၏။

'ဟေ့....သူငယ်၊ မင်း မသွားနဲ့လေ'

ယခုတစ်ကြိမ်....

လုယ°က သူ၏စကားကို မကြားလိုက်သည့်အလား ရှေ့သို့ ဆက်၍ ပြေးလွှားသွားလေတော့သည်။

....o....



တောင်ကြားလမ်းသည် အဝင်ဝတွင် ကျဉ်းမြောင်းသော်လည်း အလယ်တွင်မူ ကျယ်ဝန်းလှပေသည်။

ဤနေရာတွင်....

ကျယ်ဝန်းရှိသောမက မြေကွက်လပ်ကလေးပင် ရှိနေသေးသည်။

ထိုမြေကွက်လပ်၏ အလယ်တွင် အဘွားအိုတစ်ယောက်က ထိုင်နေသည်။

သူမက ဆံပင်များကို ဖားလျားချထားပြီး တင်ပျဉ်ခွေကာ ထိုင်နေခြင်းဖြစ်သည်။

သူမ၏မျက်လုံးများက စိမ်းဖန့်ဖန့်အရောင်များ တောက်ပနေလေသည်။

သူမ၏နှာခေါင်းမှာ သိမ်းငှက်နှုတ်သီးသဏ္ဍာန် ရှိသဖြင့် အလွန်အရုပ်ဆိုးလှပေသည်။

သူမရှေ့၌ သေးသွယ်သောခန္ဓာကိုယ်တစ်ခုက လဲလျောင်းနေပေသည်။

လုယ°က သေးသွယ်သောခန္ဓာကိုယ်အား ကြည့်လိုက်သည်နှင့် ကူမွန်တုံးဖြစ်ကြောင်း သိရှိလိုက်၏။

သူက အခြေအနေအား စောင့်ကြည့် အကဲခတ်နေစဉ် မှာပင်....

ရုတ်တရက် လင်ရှမ်ထင်းက သူ့နောက်နားဆီသို့ ရောက်ရှိလာလေသည်။

သူက လုယာ့အနားသို့ တိုးကပ်ကာ လေသံတိုးတိုးဖြင့်....

'သူငယ် မင်းက သူ့ကို တခြားရောက်အောင် မျှားခေါ်ထုတ်သွားပါ၊ ကျုပ်က ကယ်ပါလေးကို ဝင်ကယ်မယ်'

ဟု ပြောလိုက်သည်။

လုယာ့က ခေါင်းညိတ်လိုက်သည်။

သူက အတွားအိုထံသို့ လျှောက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် လင်ရှမ်ထင်းက ဟန့်တားလိုက်သည်။

'နေဦး'

'ဘာလဲဗျ'

'သူက မင်းကိုသိုင်းကွက်သုံးကွက်တိုက်ခိုက်ပြီးတာနဲ့ မင်းက ရပ်လိုက်တော့'

လုယာ့က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ ကျွန်တော်မှတ်ထားပါ့မယ်'



လင်ရှမ်ထင်းက ကုမ္ဗန်တုံးထံသို့ လှမ်းကြည့်လိုက်ပြီးနောက်...

'ကယ်ပါလေးက မသေသေးဘူးကွဲ့'

ဟု မှတ်ချက်ချလိုက်သည်။

လုယာ့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူက ပြောပြီးသည်နှင့် အကျည်းတန် အတွားအိုထံသို့ လျှောက်သွားလေသည်။

အကျည်းတန်အတွားအိုက စူးရှသော မျက်လုံးအစုံဖြင့် လျှောက်လာနေသော လုယာ့ထံသို့ စိုက်ကြည့်နေလေသည်။

ထို့နောက် နှုတ်ခမ်းမဲ့လိုက်ပြီး....

'လာပြန်ပြီတစ်ယောက်၊ သေချင်လို့ထင်ပါရဲ့'

ဟု ပြောလိုက်လေသည်။

သူ၏အသံသည် ငှက်ဆိုးတိုးသံပမာ စူးရှစွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

လုယာ့က ရင်ထိတ်သွားလေသည်။

သူက လဲကျနေသော ကုန်မွန်တုံးအားကြည့်ကာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုတ်လျက် အံကို တင်းတင်း ကြိတ်လိုက်လေသည်။

ထိုအချိန် ...

အဘွားအိုကရုတ်တရက် ထိုင်ရာမှ ဆတ်ခနဲ ထထိုင်လိုက်ပြီး ရှေ့သို့ ရောက်ရှိလာသော လုယံအား လက်ဝါး တစ်ချက် ရိုက်ထုတ်လိုက်လေသည်။

သူမ၏ သူပ်ရှားပုံမှာ မယုံကြည်နိုင်ဖွယ်ရာကောင်းအောင် ပင် လျင်မြန်လှပေသည်။

ထို့ပြင်....

သူမ၏ လက်သည်းများမှာ နှစ်လက်မခန့် ရှည်လျားပြီး ချွန်ထက်နေလေသည်။

လုယံက နောက်သို့ဆုတ်လိုက်ပြီး ဓားကို ဆွဲထုတ်လိုက်လေသည်။

အဘွားအိုမဲ့ပြုံးပြုံးကာ လုယံအား စိုက်ကြည့်လျက်....
'မင်းက ငါ့ကို အံတုချင်လို့နဲ့တူတယ်'

သူမက ယင်းသို့ပြောပြီးသည်နှင့် လုယံထံသို့ ခုန်ဝင်ကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။



လုယံက သူမ၏တိုက်ခိုက်မှုကို ခုခံရင်း နောက်သို့ ရှောင်တိမ်းပေးလိုက်သည်။

အဘွားအိုက အံ့သြသွားသည်။

သူမ၏ တိုက်ခိုက်မှုအား အညတရ လူရွယ်တစ်ယောက်က ခုခံနိုင်ခြင်းကိုတွေ့မြင်လိုက်ရသောအခါ ခံပြင်းလှန်း၍ ဒေါသကြီးစွာဖြင့် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ တိုက်ခိုက်လိုက်ပြန်လေသည်။

လုယံက လက်ထဲမှဓားကို ဝေ့ယမ်းလိုက်သည်။

တစ်ခဏအတွင်းမှာပင်....

သူ၏ဓားမှာ စက်ဝိုင်းပုံသဏ္ဍာန် ဖြစ်ပေါ်လာပြီး အဘွားအိုအား ခုတ်ချလိုက်လေသည်။

အဘွားအိုက လုယံ၏ အစွမ်းထက်လှသော ဓားကွက်ကြောင့် မိမိ၏ တိုက်ခိုက်မှုကို ရုတ်သိမ်းကာ နောက်သို့ ဆုတ်လိုက်လေသည်။

ထိုပြောင်းလဲမှုကိုကြည့်ကာ လုယံက အံ့သြသွားသည်။

သူက အားတက်လာလေသည်။

သူသည် မိမိ၏သိုင်းပညာပေါ် တစ်စတစ်စ ပို၍ယုံကြည်စိတ်ချလာ၏။

ယင်းအချိန် လင်ရှမ်ထင်းက ချောင်းမြောင်း ကြည့်ရှုနေရာမှ ပြေးဝင်လာပြီး လဲကျနေသော ကုမ္ပန်တုံးအား ပွေ့ချီကာ ထိုနေရာမှ ပြေးလွှားသွားလေသည်။

အကျည်းတန်အဘွားအိုက ဒေါသဖြစ်သွားလေသည်။

'ယား...'

သူမက ဩသံတစ်ချက်ပေးကာ ပြေးလွှားသွားသည့် လင်ရှမ်ထင်းထံသို့ သိမ်းငှက်တစ်ကောင်အလား ခုန်အုပ်ကာ တိုက်ခိုက်လိုက်သေသည်။

လုယာ်က စိုးရိမ်သွားကာ ပြေးလွှားသွားသော လင်ရှမ်ထင်းအား ယက်ထဲမှဓားဖြင့် တိုက်ခိုက်လိုက်၏။

အကျည်းတန်အဘွားအိုက လုယာ်၏ တိုက်ခိုက်မှုအဟုန်ကြီးမားလွန်းနေသဖြင့် လင်ရှမ်ထင်းအား တိုက်ခိုက်ခြင်းကို ရုပ်သိမ်းကာ လုယာ်အား ပြန်လည်တိုက်ခိုက်လိုက်ရသည်။

ထို့ကြောင့်....

လင်ရှမ်ထင်းက ကုမ္ပန်တုံးအား ပွေ့ချီလျက် လွတ်မြောက်သွားလေသည်။

လုယာ်က လင်ရှမ်ထင်းတို့ လွတ်မြောက်သွားသောအခါမှ စိတ်သက်သာရာ ရရှိသွားသည်။



ယင်းအချိန်မှာပင်....

အကျည်းတန်အဘွားအိုက မျက်နှာပေါ်၌ မျက်နှာဖုံးအုပ်နေသော ဆံပင်များအား ဖယ်ရှားလိုက်ပြီး ဒေါသကြီးစွာဖြင့် လုယာ်အား တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ်....

သူမ၏တိုက်ခိုက်မှုမှာ အလွန်ပင် ရက်စက် ကြမ်းကြုတ်နေသည်။

လုယာ်က သူမ၏ တရကြမ်းတိုက်ခိုက်မှုကြောင့် ထိတ်လန့်သွားကာ လက်ထဲမှဓားကို ဝေ့ယမ်း၍ နောက်သို့ဆုတ်လိုက်ရသည်။

ယင်းအချိန်....

အကျည်းတန်အဘွားအိုက သိုင်းကွက်များ ပြောင်းလဲကာ လုယာ်ထံသို့ တိုက်ခိုက်လိုက်ပြန်၏။

ထိုအခါ....

အဘွားအို၏ စွန်ကုတ်လက်သည်းသဏ္ဌာန်များက လုယာ်၏ ခန္ဓာကိုယ်တစ်ခုလုံးအား လွှမ်းခြုံထားလိုက်သည်။

လုယာ်က သူမ၏ စွန်ကုတ်လက်သည်းများမှာ မည်သည်က အစစ်၊ မည်သည်က အတုဖြစ်ကြောင်း ခွဲခြားမရနိုင်အောင်ပင် ဖြစ်နေရ၏။

ယင်းအချိန်မှာပင်....

အကျည်းတန်အဘွားအို၏ လက်ငါးချောင်းက လုယဉ်၏ ဦးခေါင်းပေါ်သို့ ကုတ်ချလာသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင်....

'လိရှဲကိုး....မင်း ကတိပျက်နေပြီလား'

ဟူသော အသံတစ်ခု ထွက်ပေါ်လာသည်။

အကျည်းတန်အဘွားအို၏မျက်နှာ တွက်ခနဲ ပျက်သွားလေသည်။

သူမက လုယဉ်၏ဦးခေါင်းသို့ ရောက်လုနီးပါးဖြစ်နေသော လက်ချောင်းများကို ရုပ်သိမ်းကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

သူမက အသံလာရာသို့ ချာခနဲလှည့်ကြည့်လိုက်ပြီး....

'ကျုပ်နာမည်ကိုခေါ်တာ ဘယ်သူလဲ'

ဟု ငှက်ဆိုးသံကဲ့သို့ အော်ဟစ်လိုက်သည်။

ထိုအချိန်မှာပင်....

ချိုလွင်သာယာသော အမျိုးသမီးတစ်ယောက်၏ အသံက ထွက်ပေါ်လာသည်။



'ရှင်က သိုင်းကွက်သုံးကွက် တိုက်ခိုက်ပြီးပြီပဲ၊ ဘာဖြစ်လို့ ဆက်ပြီးတိုက်ခိုက်ချင်ရတာလဲ'

လိရှဲကိုးက အသံထွက်ပေါ်လာရာသို့ စူးရှစွာ စိုက်ကြည့်လိုက်ပြီး....

'ဘယ်သူလဲ၊ ထွက်ခဲ့စမ်း'

ဟု အော်ဟစ်လိုက်သည်။

ချိုလွင်သော အသံရှင်က....

'ဝင်စွက်တာမဟုတ်ဘူး၊ ရှင့်ကို သတိပေးထားတာ'

လိရှဲကိုးက မကျေမနပ်ဖြင့်...

'ကျုပ်ရဲ့ အရိုးစုအသားကို တွေ့ပါလျက်က ဝင်လာတဲ့လူဟာ သေမှာပဲ'

ဟု အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

သူမ၏စကားသံ ဆုံးသွားသည်နှင့် တောင်နံရံရှိ ကျောက်ဆောင်များကြားမှ လူရိပ်တစ်ခုထွက်ပေါ်လာပြီး သူတို့ရှေ့သို့ လျှောက်လာသည်။

အလွန် ချောမောလှပသော အမျိုးသမီးတစ်ယောက်ပင် ဖြစ်သည်။

လိရှဲကိုးက သူမအား စူးရှစွာ စိုက်ကြည့်လိုက်ပြီး....

'မင်းက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ချောမောလှပသော အမျိုးသမီးက အေးဆေးစွာ ပြုံးလိုက်ပြီး

'ခေါ်မင်းသမီး'

ဟု အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

လီရှဲကိုးက အတန်ကြာအောင် စဉ်းစားနေသည်။

ထို့နောက်...

မျက်မှောင်ကုတ်လိုက်ပြီး....

'ကျုပ်က တစ်ခါမှမမြင်ဖူးပါဘူး'

ဟု ပြောလိုက်သည်။

ခေါ်မင်းသမီးက ပြုံးလိုက်သည်။

'အခု ကြာ့ဖူးပြီမဟုတ်လား'

လီရှဲကိုးက မဲ့ပြုံးပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းရဲ့ဦးခေါင်းကို ဖောက်ပစ်ရမယ်'

ခေါ်မင်းသမီးက လုံယ°အား ညွှန်ပြလိုက်ပြီး....

'ရှင်က သူ့ကို သိုင်းကွက်သုံးကွက် တိုက်ခိုက်ပြီး၊ ဒါကြောင့် သူ့ရဲ့အသက်ကို ချမ်းသာပေးရမယ်'

ဟု အေးဆေးစွာ ပြောလိုက်သည်။

ဘုမက စူးရှသောမျက်လုံးအစုံဖြင့် လုယ°အား စိုက်ကြည့်ရင်းမှ....

'ချမ်းသာမပေးနိုင်ပါဘူး'

ဟု ပြောလိုက်သည်။



ခေါ်မင်းသမီးက မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

'ဘာလဲ ရှင် ကတိဖျက်ပြီလား'

ဟု အေးစက်သောလေသံဖြင့် မေးလိုက်သည်။

လီရှဲကိုးက သူမအား စူးရှစွာ စိုက်ကြည့်လိုက်ပြီး....

'မင်းက သူ့ကို မသေစေချင်ဘူးလား၊ ဒါဆိုရင် ကျုပ်နဲ့မင်း သိုင်းကွက်သုံးကွက် ယှဉ်ပြိုင်ကြမယ်လေ၊ ကျုပ်ရဲ့သိုင်းကွက် သုံးကွက်ကို မင်းခံနိုင်ရည်ရှိရင် စဉ်းစားမယ်'

ဟု စိန်ခေါ်လိုက်သည်။

ခေါ်မင်းသမီးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ စတိုက်ပေတော့'

သူမ၏စကား ဆုံးသွားသည်နှင့် လီရှဲကိုးက စတင်တိုက်ခိုက်လိုက်သည်။

ခေါ်မင်းသမီးက ရှောင်တိမ်းပေးလိုက်ပြီး....

'တစ်ကွက်'

ဟု ရေရွတ်လိုက်သည်။

လီရှဲကိုးက ဒေါသထွက်သွားပြီး ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

ခေါ်မင်းသမီးက ရှောင်တိမ်းလိုက်ပြီး....

'နှစ်ကွက်'

ဟု ရေရွတ်လိုက်ပြန်သည်။

လီရှဲကိုး၏မျက်နှာ မည်းမှောင်လာကာ လက်ဝါးနှစ်ဘက်တွင် အငွေ့အားကို စုစည်းလိုက်ပြီး တစ်ဟုန်ထိုး တိုက်ခိုက်လိုက်လေသည်။

ယနေ့တစ်ကြိမ်တွင်မူ....

ခေါ်မင်းသမီးက နောက်သို့ ခြေလှမ်းတစ်ရိုက်ခန့် ခုန်ဆုတ်လိုက်၏။

ထို့နောက်....

ချိုလွင်သာယာသော အသံဖြင့်....

'သုံးကွက်ပြည့်ပြီ'

ဟု ပြောလိုက်သည်။

လီရှဲကိုးက စကားမပြောတော့ပါချေ။

ခေါ်မင်းသမီးက ရှောင်တိမ်းပေးလိုက်ပြီး ...

'ရှင် ကတိဖျက်တာ မရှက်ဘူးလား'

ဟု မေးလိုက်ပြန်၏။

လီရှဲကိုးက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က ကတိဖျက်တာမှ မဟုတ်ဘဲ'

လုယ°က မနေနိုင်တော့ပါချေ။

သူသည် လက်ထဲမှဓားကို ဝှေ့ယမ်းလိုက်ပြီး....

'ကောင်းပြီ၊ ခင်ဗျားကိ ကတိဖျက်မှတော့ ကျုပ်တို့ကလဲ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ရလိမ့်မယ်'

ဟု ပြောလိုက်၏။



ခေါ်မင်းသမီးက လီရှဲကိုးအား စေ့စေ့ကြည့်လိုက်ပြီး....

'အယ်လိုလဲ၊ ရှင်က ကတိဖျက်ချင်သေးသလား'

ဟု ပြောလိုက်သည်။

လူမဆဲစကားကြောင့် လီရှဲကိုးက တွေဝေသွားသည်။

အကြောင်းမှာ...

သူမ၏ တိုက်ကွက်သုံးကွက်အား လုယ°နှင့် ခေါ်မင်းသမီးတို့က လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့သည် မဟုတ်ပါလော။

အကယ်၍သာ....

သူတို့နှစ်ယောက်ပေါင်း၍ မိမိအား တိုက်ခိုက်မည်ဆိုပါက မလွယ်ဟု စဉ်းစားမိလိုက်ပြီး စူးရှစွာ တစ်ချက်အော်ဟစ်ကာ ထွက်ပြေးသွားလေတော့သည်။

..... .....

လုယ ိက ခေးကို ခုံးအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်၏။

ထို့နောက်....

သူက ခေးမင်းသမီးအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ဟု ကျေးဇူးတင်စကား ပြောလိုက်၏။

ခေးမင်းသမီးက အေးစက်သောမျက်လုံးများဖြင့်သူ့အား စိုက်ကြည့်ရင်း ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူး၊ ဒါနဲ့ မင်းဆရာက ဘယ်သူလဲ'

လုယ ိက စကားဆစ်ဘစ်ငေါ့ငေါ့ဖြင့်....

'ကျွန်တော် မပြောပါရစေနဲ့'

ဟု ငြင်းဆိုလိုက်သည်။

ခေးမင်းသမီးက ခေါင်းတစ်ချက်ဆတ်လိုက်သည်။

'မပြောချင်လဲ ရတယ်လေ'

သူမက လုယ ိအား အတန်ကြာအောင် စိုက်ကြည့်နေပြီးနောက်....

'မင်းက 'တန်' အမျိုးအနွယ်ထဲကလား'

ဟု မေးလိုက်သည်။

လုယ ိက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော်က 'လု' အမျိုးအနွယ်ပါ၊ ဘာဖြစ်လို့လဲ'

ဟု မေးလိုက်သည်။

ခေးမင်းသမီးက စိတ်ဆိုးသွားဟန်ဖြင့်....

'ဘာဖြစ်ဖြစ် မင်းမေးစရာမလိုဘူး'



ဟု လေသံတင်းမာစွာဖြင့် ပြောလိုက်သည်။

လုယိက မျက်မှောင်ကုတ်၍ အနည်းငယ်စဉ်းစားလိုက်ပြီး ခေးမင်းသမီးအား စိုက်ကြည့်လိုက်သည်။

'ကျွန်တော်က ခင်ဗျားသိထားတဲ့ တန်အမျိုးအနွယ်ထဲက လူနဲ့ တူနေလို့လား'

ခေးမင်းသမီးက ခေါင်းညိတ်ပြလိုက်သည်။

သို့သော်...

သူမက ချက်ချင်းပင် ခေါင်းခါယမ်းလိုက်ပြီး....

'ရုတ်တရက်ကြည့်ရင်တော့ မင်းက သူနဲ့သိပ်တူတယ်၊ ဒါပေမယ့် သေသေချာချာကြည့်ရင်တော့ မတူတော့ဘူး'

ဟုပြောပြီး အဘယ်ကြောင့်မှန်းမသိ သဘောကျစွာ ရယ်မောနေလေသည်။

ထို့နောက်....

သူမက လုယ ိအား လှည့်ပင်မကြည့်တော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

....၀....

လုယ ိကထွက်ခွာသွားသော ဓားမင်းသမီးအား မျက်စိ တဆုံးကြည့်ရင်း ငေးငိုင်နေမိသည်။

သူ၏ရင်ထဲ၌ ဓားမင်းသမီးအား အရှုံးတစ်ယောက်များ ဖြစ်နေမည်လေဟု စဉ်းစားမိသည်။

သို့သော်....

သူမသည် မိမိအသက်အား ကယ်တင်ခဲ့သည့် ကျေးဇူးရှင် တစ်ယောက်ဖြစ်သည်ဟု တွေးမိကာ ကျေးဇူးတုံ့ပြန်နေမိ၏။

သူက ရောက်တတ်ရာရာ စဉ်းစားရင်း လင်ရှမ်ထင်းနှင့် ကုမ္ဗန်တုံးတို့အား သတိရလာမိသည်။

ယခု....

ကုမ္ဗန်တုံးနှင့် လင်ရှမ်ထင်းတို့အား အရိပ်အယောင်မျှပင် မတွေ့ရတော့ပါချေ။

လုယ ိက အသံကျယ်လောင်စွာဖြင့်....

'ကုမ္ဗန်တုံးရေ....ညီလေးရေ'

ဟု အော်ဟစ်ခေါ်လိုက်သည်။

သူ၏အသံက အရပ်ရှစ်မျက်နှာသို့ လွင့်ပျံသွားသည်။

သို့သော်....



မည်သည့် တုန့်ပြန်မှုမျိုးမှ ထွက်ပေါ်မလာတော့ချေ။
လုယ ိက ရင်ထိတ်သွား၏။
ထို့နောက်....
သူက တုန့်ဆိုင်းမနေတော့ဘဲ လင်ရှမ်ထင်း ပြေးလွှားသွားရာဆီသို့ ပြေးလွှားလိုက်သွားတော့သည်။

....o....

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်...
တောင် ၄ ...
ဖုန်း ၂၁၃၄၄

လင်ရှမ်ထင်းနှင့် ကုမ္ဗန်တုံးတို့ ရောက်ရှိလာကြပြီဖြစ်၏။
သူတို့သည် လုယ ိထွက်ခွာသွားပြီးမှ ရောက်ရှိလာခြင်းဖြစ်၏။

လင်ရှမ်ထင်းက ပတ်ဝန်းကျင်သို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး

'မင်း....ဘယ်သူမှမရှိပါလား'
ဟု ရေရွတ်လိုက်မိသည်။
ကုမ္ဗန်တုံးကလည်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူတို့အားလုံး မရှိကြတော့ဘူး၊ ဘယ်ရောက်သွားကြတာပါလိမ့်'

လင်ရှမ်ထင်းက အေးဆေး တည်ငြိမ်စွာဖြင့်....
'လုယ°က လွတ်မြောက်သွားမှာ သေချာပါတယ်'
ဟု ယုံကြည်စွာ ပြောလိုက်သည်။

ကုမ္ဘန်တုံး၏မျက်နှာမှာ ညှိုးငယ်သွားခဲ၏။

သူက လင်ရှမ်ထင်းအားကြည့်ကာ....
'သူက လုယ°ဆိုတာ သေချာရဲ့လား'
ဟု မေးလိုက်သည်။

လင်ရှမ်ထင်းက ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်'

ကုမ္ဘန်တုံးက မျက်မှောင်ကုတ်လိုက်ပြီး....
'သူ့ရဲ့အဆင့်က သာမန်အဆင့်လောက်ပဲ ရှိတာဗျ'

လင်ရှမ်ထင်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....
'မင်းတို့သိတာ ဘယ်လောက်ကြာပြီလဲ'
ကုမ္ဘန်တုံးက အနည်းငယ်စဥ်းစားလိုက်၏။

'ရက်ပိုင်းလပိုင်းလောက်ပဲ ရှိပါသေးတယ်'
လင်ရှမ်ထင်းက အဓိပ္ပာယ်ရှိစွာ ပြုံးလိုက်သည်။
'ရက်ပိုင်း လ ပိုင်း လောက်သာ သိခဲ့တဲ့ လူတစ်ယောက်ရဲ့ အကြောင်းကို မင်းက ဘယ်လိုလုပ် သိနိုင်မှာတဲ့လဲ'



ကုမ္ဘန်တုံးက စကားမပြောနိုင်တော့ပါချေ။
သူက သက်ပြင်းတစ်ချက် ကြိတ်ချလိုက်သည်။
လင်ရှမ်ထင်းက စကားဆက်လိုက်၏။
'ဒါနဲ့...မင်းက သေချင်ဟန်ဆောင်တဲ့ပညာကို ဘယ်က ရခဲ့သလဲ'

ကုမ္ဘန်တုံးက....
'ဆရာက သင်ပေးခဲ့တာပါ'

လင်ရှမ်ထင်းက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းဆရာက ဘယ်သူလဲ'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်၏။

'ဒါတော့...မပြောပါရစေနဲ့ဗျာ'

လင်ရှမ်ထင်းက မျက်မှောင်ကုတ်လိုက်သည်၊

'ဘာဖြစ်လို့ မပြောချင်တာလဲ'

ကုမ္ဘန်တုံးက သက်ပြင်းတစ်ချက် ချလိုက်၏။

'ပြောရင် အားနာစရာ ကောင်းနေလို့ပါ'

လင်ရှမ်ထင်းက....
'ပြောပါ၊ ကျုပ်က မင်းရဲ့ သေချင်ဟန်ဆောင်တဲ့ပညာကို ကြည့်ပြီး သိပ် စိတ်ဝင်စားလို့ပါ'
ကုမ္ဘန်တုံးက မငြင်းသာတော့ပါချေ။

သူ ဘောင်းကင်ဖြစ်ပေါ်သို့ မော့ကြည့်ရင်းမှ....
'ကျုပ်ဆရာက လူပေါ်လူလို့ ခေါ်ပါတယ်'
ဟု ဖြည်းလေးစွာ ပြောလိုက်၏။

လင်ရှမ်ထင်းက မျက်မှောင်ကုတ်လိုက်သည်။

'ဘယ်လို လူပေါ်လူ ဟုတ်လား'

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

လင်ရှမ်ထင်းက ခေါင်းခါယမ်းလိုက်ကာ....
'ကျုပ်တော့ ဒီနာမည်ကို တစ်ခါမှ မကြားဖူးပါဘူး'
ကုမ္ဘန်တုံးက သဘောကျစွာ ပြုံးလိုက်၏။

'ဘယ်....ကြားဖူးပါ့မလဲ၊ ကျုပ်ဆရာက ဘယ်သူနဲ့မှ မဆက်ဆံခဲ့ဖူးဘူးဗျ၊ သူက လူတကာတွေထက် အများကြီးသာတယ်လို့ ခဏခဏပြောတယ်'

သူ၏စကားကြောင့် လင်ရှမ်ထင်းက နှာခေါင်းရှုံ့လိုက်မိသည်။

'မင်းဆရာက လူပေါ်လူတော့ မဖြစ်နိုင်ဘူး၊ ခွေးပေါ်ခွေးပဲ ဖြစ်ရမယ်'

ကုမ္ဘန်တုံးက သူ၏စကားကြောင့် နှုတ်ခမ်းစူလိုက်သည်။
'ကျွန်တော့်ဆရာကို ဒီလိုမပြောပါနဲ့'

●



လင်ရှမ်ထင်းက မဲ့ပြုံးပြုံးလိုက်သည်။
'ပြောတော့ ဘာဖြစ်သလဲ'

ကုမ္ဘန်တုံးက သူ့အား စူးရှစွာစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားဟာ ကျွန်တော့်အသက်ကယ်ဖူးတဲ့ ကျေးဇူးရှိလို့ပေါ့၊ နို့မဟုတ်ရင် ကျွန်တော်က ကောင်းကောင်းကြီး ဆုံးမမှာဘယ် သိလား'

လင်ရှမ်ထင်းက ထိုစကားကြားလိုက်သောအခါ သဘောကျစွာ ရယ်မောလိုက်သည်။
'ဟဲ...ဟဲ...ဟဲ မင်းလိုတပည့်မျိုး ရထားရင် မဆိုးပါဘူး၊ ကျုပ်တောင်မှ မင်းလိုတပည့်မျိုး ရချင်လာပြီ'
သူ၏စကားကြောင့် ကုမ္ဘန်တုံး၏မျက်လုံးများ ဝင်းလက်တောက်ပလာသည်။

'ခင်ဗျား တကယ်ပြောတာလား'
'တကယ်ပေါ့'
'ဒီလိုဆိုရင် ကျွန်တော့်ကို တပည့်အဖြစ် လက်ခံပါလား'
လင်ရှမ်ထင်းက မျက်မှောင်ကုတ်လိုက်သည်။

'မင်းဆရာက ကြိမ်းမောင်းမှာပေါ့'
ကုမ္ဘန်တုံးက ပြုံးလိုက်၏။

'အို....ကျွန်တော့်ဆရာက လူပေါ်ကလူပဲ၊ ဒါကြောင့် သူ့ရဲ့အတွေးအခေါ်က တခြားလူနဲ့မတူပါဘူး၊ သူက ကျွန်တော် အကျိုးရှိမယ့်အလုပ်ဆိုရင် ခွင့်ပြုမှာပါ'

လင်ရှမ်ထင်းက ခေါင်းတစ်ချက် ဆတ်လိုက်သည်။

'မင်းဆရာ ခွင့်ပြုတယ်ပဲထားပါဦး၊ ကျုပ်ကို ဆရာတင်ရင် ကျုပ်ကိုယ်ပေါ်မှာ သန်းတွေကလဲ့ပြီး ဘာမှမရှိဘူးကွ'

ကုမ္ဗန်တုံးက ရယ်မောလိုက်သည်။

'သန်းရှိတယ်ဆိုရင် ရိုးရိုးသန်းတော့ မဖြစ်နိုင်ဘူး'

လင်ရှမ်ထင်းက ခေါင်းကုတ်လိုက်၏။

သူက သက်ပြင်းတစ်ချက် ချလိုက်ကာ....

'အင်း....မင်းနဲ့တွေ့မှ ကျုပ်တောင် ရှုံးချင်လာပြီ'

ကုမ္ဗန်တုံးက ကမန်းကတန်း လက်ကာပြလိုက်ပြီး....

'မရှုံးပါနဲ့ဦးခင်ဗျာ၊ ကျွန်ုပ်တော့ကို တပည့်အဖြစ် အသိအမှတ်ပြုပြီးမှ ရှုံးချင်ရှုံးပါ'

လင်ရှမ်ထင်းက စိတ်ပျက်သွားဟန်ဖြင့်....

'ဒုက္ခပါပဲကွာ'

ဟု ရေရွတ်လိုက်မိသည်။

ကုမ္ဗန်တုံးက မြေပြင်ပေါ်သို့ ဒူးထောက်ကာ လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး....

'ဆရာ....'

ဟု ခေါ်လိုက်သည်။

လင်ရှမ်ထင်း၏ ရှုံ့မဲ့နေသောမျက်နှာမှာ တဖြည်းဖြည်းပြုံးယောင်သမ်းလာသည်။



'အင်း....မင်းကို ကျုပ်က တပည့်အဖြစ် လက်ခံလိုက်ပါပြီ'

ဟု ကျေနပ်စွာ ပြုံး၍ ပြောလိုက်လေသည်။

ကုမ္ဗန်တုံးက ဒူးထောက်နေရာမှ မတ်တတ်ရပ်ကာ ပေကျံနေသော ဖုန်များကို လက်ဖြင့်ခါလိုက်ရင်း....

'ကဲ....ကျွန်တော့်မှာ ဆရာတစ်ယောက် ထပ်ရလာပြီ၊ အခု ကျွန်တော့်မှာ ကိစ္စလေးတစ်ခု ရှိနေသေးတာကြောင့် ခွင့်ပြုပါဦး'

လင်ရှမ်ထင်းက သူ့အား အံ့သြစွာ ကြည့်လိုက်၏။

'ဟေ....မင်းက ဘယ်သွားမလို့လဲ'

ကုမ္ဗန်တုံး၏ မျက်နှာတစ်ချက် နီရဲသွားသည်။

သူက ခေါင်းငုံ့ထားလိုက်ပြီး....

'လုယ်ဝိကို လိုက်ရှာချင်လို့ပါဆရာ'

ဟု အသံတိုးတိုးဖြင့် ပြောလိုက်သည်။

လင်ရှမ်ထင်းက သူ့အား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ခေါင်းတစ်ချက်ဆတ်လိုက်၏။

'ကောင်းပြီလေ၊ မင်းကို ကျုပ်က မသွားပါနဲ့လို့ တားရင်လဲ မင်းက တားလို့ရမှာမှမဟုတ်ဘဲ၊ ဒီတော့ မင်း စိတ်ချမ်းသာအောင် လုယ်ဝိကို လိုက်ရှာပေတော့'

ဟု ခွင့်ပြုလိုက်သည်။

ကုမ္ဗန်တုံးက မျက်ရည်များရစ်ဝဲနေသော မျက်ဝန်းအစုံဖြင့် လင်ရှမ်ယင်းအား အတန်ကြာအောင် စိုက်ကြည့်ပြီးမှ ချာခနဲ လှည့်ကာ ပြေးလွှား ထွက်ခွာသွားတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

မိုးကျော်သူ

# မိုးကျော်သူ

## ခတ်ယန်းဂိုဏ်း၏အရှင်တော်မုံ

ဒုတိယပိုင်း (ဇာတ်သိမ်း)